
ပန်းရွှေပြည်စာအုပ်တိုက်

SAMPLE BOOK

# THE JUDAS TREE

A.J.Cronin


ထင်လင်း



တတိယအကြိမ်

mgyoe.com

SAMPLE BOOK



# THE JUDAS TREE

A.J.Cronin

ထင်လင်း

mgyoe.com

mgyoe.com SAMPLE BOOK

တန်ဖိုး
၄၂၀၀ ကျပ်

အုပ်ရေ
၅၀၀ အုပ်

တတိယအကြိမ်
၂၀၁၈ ခုနှစ် ဇူလိုင်လ

မျက်နှာဖုံး
ဇော်မောင်

ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဒေါ်စုစုလှိုင် (၀၁၂၃၄)
စုပုံနှိပ်တိုက်
အမှတ် ၂၈၊ တာဝတိံသာလမ်း၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

စာအုပ်ချုပ်
မင်းဇော်

ပထမအကြိမ် - ၁၉၈၁ ခု၊ စာပေဗိမာန်ထုတ်၊ ပြည်သူ့လက်စွဲစာစဉ်။
ဒုတိယအကြိမ် - ၁၉၉၄ ခု ဩဂုတ်လ၊ ပန်းရွှေပြည်စာအုပ်တိုက်။
တတိယအကြိမ် - ၂၀၁၈ ခု ဇူလိုင်လ၊ ပန်းရွှေပြည်စာအုပ်တိုက်။

mgyoe.com

mgyoe.com SAMPLE BOOK

ထင်လင်း

# အဆိပ်

## A. J. Cronin's
## THE JUDAS TREE

mgyoe.com



ပန်းရွှေပြည်စာအုပ်တိုက်

mgyoe.com SAMPLE BOOK

ချစ်သမီးသို့

* 'ဆရာဝန်'ဆိုတာ လူတွေကို ဆေးကုဖို့၊
အများအကျိုးဆောင်ရွက်ဖို့။

* ဆရာဝန် အတတ်သင်ပြီးမှ လူအများရဲ့အကျိုး
မဆောင်ရွက်ဘဲ စီးပွားရှာနေရင် ဘယ်လိုဖြစ်တတ်သလဲ။

* ငွေဟာ အဆိပ်၊ ဂုဏ်ဟာ အဆိပ်၊
လူ့စည်းစိမ်ချမ်းသာဆိုတာ အဆိပ်၊
အဆိပ်သင့်တဲ့အခါမှာ ဖြေဆေးဟာ သစ္စာတရား၊
သစ္စာပျက်ယွင်းသူတို့မှာ ကုရာနတ္ထိ ဆေးမရှိ။

mgyoe.com

mgyoe.com SAMPLE BOOK

JUDAS TREE (Bot. Cercis Siliquastrum) a Eurasian, purple flowered , leguminous tree, supposed to the kind upon which judas hanged himself.

'ခရစ်တော်၏အပေါ် သစ္စာဖောက်၍ ခရစ်တော်အား သူသတ်တို့၏ လက်သို့ ပေးအပ်ခဲ့သူ ခရစ်တော်၏ တပည့် လူယုံယုဒသည် နောင်တကြီးစွာရလျက် ဤသစ်ပင်ထက်၌ ကြိုးဆွဲချ၍ သေသည်။'-ဟု ခရစ်ဝင်၌ လာသည်။ ဤသည်ကို အစွဲပြု၍ ဤသစ်ပင်မျိုးကို 'ဝိညာဉ်ပျောက်ဆုံးသူတို့၏သစ်ပင်' သို့မဟုတ် 'ယုဒသစ်ပင်' ဟု ခေါ်စမှတ်ပြုကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## သော်တာဆွေ၏ အမှာစာ

၁

ထင်လင်းသည် စာရေးခြင်းဖြင့် အသက်မွေးသူ မဟုတ်ချေ။ အင်္ဂလိပ်စာပြ အလွတ်ပညာသင်ကျောင်းဆရာတစ်ယောက် ဖြစ်သည်။ ထို့ကြောင့် မဂ္ဂဇင်းများ တွင် လည်းကောင်း, လုံးချင်းစာအုပ်အဖြစ်နှင့် လည်းကောင်း သူ့ဝတ္ထုတွေ စဉ်တစိုက် တွေ့နေရသည် မဟုတ်ချေ။

သူသည် စာပေဝါသနာ ပြင်းပြသူဖြစ်သော်လည်း ဝမ်းရေးအတွက် စာရေးသူ မဟုတ်မူ၍၊ သူ့စိတ် မအောင့်အည်းနိုင်သောအခါမှသာ ဝတ္ထုတို-ရှည်များ ပေါ်ထွက်လာတတ်သည်။ စင်စစ်သူသည် စာရေးခြင်းထက် စာဖတ်သည့်ဘက်မှ အားများနေသည်။ စာဖတ်ရာမှာလည်း သူ့အခြေခံပညာနှင့် ဥ့အသက် အရွယ်အလျောက် တော်ရုံတန်ရုံစာမျိုး မတိုးတော့ဘဲ ကမ္ဘာ့ ခဆင့်အတန်းမြင့် မြင့် စာများမှာသာ ပျော်မွေ့တော့သည်။ ယင်းသို့ သူ့စာပေ အာဟာရကို သူ သုံးဆောင်နေရာမှ အကြင်ဝတ္ထုတစ်ပုဒ်ကို သူ ကြိုက်နှစ်သက် လှသည် ဖြစ်လာသောအခါ သူ မနေနိုင်တော့၊ ထိုဝတ္ထုကို မြန်မာပရိသတ် အတွက် အပင်ပန်းခံကာ ဘာသာပြန်ပါတော့သည်။

ယင်းသို့ သူ ဘာသာပြန်ခဲ့သည်များမှာ 'ပေါ်လီယာနာ' သည် ၃ ကြိမ် ရိုက်နှိပ်ခဲ့ရသည်။ 'မောဂ္ဂလိ' သည် ဘာသာပြန်စာပေဆု ရခဲ့သည်။

ယခု အေ–ဂျေ–ကရိုနင်၏ 'သည်ဂျူဒါးထရီး' (A. J. Cronin's THE JUDAS TREE)ဝတ္ထုသည် မြန်မာဘာသာဖြင့် သင့်လက်ထဲ ရောက် လာပြန်လေပြီ။

အေ–ဂျေ–ကရိုနင်သည် အင်္ဂလိပ်လူမျိုး ဖြစ်သည်။ အပေါစားဝတ္ထု မျိုးတွေဖြင့် ရောင်းပန်းလှနေသူ မဟုတ်။ အထက်တန်းကျကျ စာပေများဖြင့် အင်္ဂလိပ်စာပေနယ်တွင် နာမည်ကြီးနေသူ ဖြစ်သည်။

ယခု သင် ဤစာအုပ်ကို ဖတ်ဖြစ်ပေတော့မည်။

mgyoe.com

mgyoe.com SAMPLE BOOK

၂

စာအုပ်ကောင်းတွင် အသက်ဝိညာဉ် ရှိ၏။

အကြင်စာအုပ်ထဲရှိ အကြောင်းအရာတို့သည် အကြင်စာရေးဆရာ၏ တွေ့ကြုံ ကြားသိခံစားမှုနှင့် ယုံကြည်ယူဆချက်များကို သူ၏ စာရေးခြင်း အတတ်ပညာဖြင့် အသက်သွင်းထားခြင်း ဖြစ်ပေရာ၊ ယင်းစာအုပ်ကို ဖတ်သော အခါ ထိုစာရေးဆရာ ဖန်တီးထားသော ဝိညာဉ်များက သင့်အား ကိုယ်ထင်ပြ ခြင်း၊ စကားပြောခြင်းများ ပြုပေလိမ့်မည်။ သင် သူတို့ကို သုံးသပ်ပေရော့။ သူတို့၏ အကောင်း-အဆိုး၊ အကြောင်း-အကျိုးကို ဆင်ခြင်ပေရော့။

စာအုပ်ကောင်းတို့မည်သည် တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး၊ ဘာသာတစ်ရပ်အတွက် မဟုတ်ပေ။ လူတိုင်းအတွက် ဖြစ်၏။

သင် စာဖတ်ရာ၌ သတိထားစရာ အချက်တစ်ခုကို ကျွန်ုပ် အကြံပေး လိုသည်။ ကမ္ဘာ့စာပေပညာရှင်များ ပြောကြသည့် အင်္ဂလိပ်ဘာသာဖြင့် Poetic Justice ဆိုသောစကားရှိသည်။ မြန်မာလိုဘာသာပြန်လျှင် 'စာဆို၏ တရား စီရင်ချက်' ဟု- ဆိုမည်။ 'အဘယ်အရာနည်း' ဆိုသော် စာရေးဆရာကောင်း တို့ မည်သည် မိမိဝတ္ထုထဲမှ ဇာတ်ကောင်များကို ကိုယ်ဖန်တီးထားသည့်အတိုင်း သူတို့စရိုက်အလျောက် ပြုမူလှုပ်ရှားစေပြီးနောက်၊ ဝတ္ထုဆုံးသောအခါ၌ အကြင် ဇာတ်ကောင်၏ ကောင်းမှု-မကောင်းမှုကိုလိုက်၍ ထိုဇာတ်ကောင်နှင့် ထိုက်တန် သော ပြစ်ဒဏ်ကို ချတတ်ရသည်။

ယခု ဤဝတ္ထုတွင် စာရေးဆရာက သူ့ဝတ္ထုဇာတ်ကောင်များကို မည်သို့ စီရင်ချက် ချလေသနည်း။ ဝေဖန်သုံးသပ်ခြင်းဖြင့် စာကောင်းစာပေမွန်၏ အရသာကို သင် ခံစားရလိမ့်မည်တည်း။ ။

သော်တာဆွေ

mgyoe.com

mgyoe.com SAMPLE BOOK

## ဘာသာပြန်သူ၏ စကား

ကုသိုလ်ကံ အခိုက်အလှည့် မသင့်သည့်တစ်ချိန်က ကျွန်တော် တွေ့ကြုံခဲ့ရသော အဖြစ်ကို မမေ့နိုင်အောင် ရှိပါသည်။

ကျွန်တော်သည် အစိုးရအမှုထမ်းအဖြစ်ဖြင့် အလုပ်အလွန်များသော ရုံးတစ်ရုံးတွင်ရှိစဉ်၊ အထက်အရာရှိလုပ်သူကလည်း တကယ့်ဗျူရိုကရက်ဆိုး အထက်ဖားအောက်ဖိလူမျိုး၊ စိတ်ဓာတ်ညံ့ဖျင်း အချင်းချင်း ညှာတာမှုမရှိသူ ဖြစ်သဖြင့် စိတ်ရောလူရော ပင့်ပန်းကာ မကျန်းမမာ ဖြစ်ရပါတော့သည်။ ကျွန်တော်၏ မိတ်ဆွေများက တိုက်တွန်းသဖြင့် ကျွန်တော်လည်း အလုပ်မှ ငွေ့ယူရန် လျှောက်လွှာတင်ကာ ရွှေဘိုဆေးရုံသို့ သွားပါတော့သည်။ လူကလည်း တကယ် မကျန်းမာသဖြင့် ဆေးရုံပေါ်သို့ လူတွဲ၍တင်ရသည်။ သို့သော် ကျွန်တော် ဆေးရုံတက်ခွင့် မရ။

ဆရာဝန်ကြီးက ကုလားလူမျိုး။ 'အနည်းဆုံး မုန့်သေတ္တာတစ်ပုံး လောက်ဖြစ်ဖြစ် သူ့အိမ်သို့ပို့မှ ဆေးကောင်းကောင်းကုသည်။ ဆေးရုံတက်ခွင့် ပေးသည်။'-ဟု ပြောကြသည်။ ထိုအခါက ဆေးရုံများမှာ ယခုဆေးရုံများမှာ ကဲ့သို့ ခုတင်နှင့် လူနာ မမျှသည့်ပြဿနာမျိုး မရှိ။ ကျွန်တော့်မှာ လူကလည်း မမာ၊ စိတ်ညစ်စရာတွေ ကလည်း များသဖြင့် "နေမကောင်းလို့ ဆေးရုံတက်တာ သူ့ကို ဘာဖြစ်လို့ပေးရမလဲ။"-ဟု ဆို၍ ဘာမှမပို့ခဲ့။ ညနေဘက်တွင် ကျွန်တော် ဆေးရုံပေါ်က လူတွဲ၍ ဆင်းခဲ့ရသည်။ "ဘာရောဂါမှ မရှိဘူး။ အားနည်းတာပဲ၊ ကြက်ဥများ များစား။"-ဟု ဆိုလျက် နှင်လိုက်၍ ဖြစ်သည်။ နောက်တစ်ရက် တွင် မိတ်ဆွေတစ်ယောက်က ကျွန်တော့်အတွက် လက်ဆောင်ကလေးများ နှင့် သူ့အိမ်သွားပြောသောအခါ ဆေးရုံတက်လိုက ပြန်တက်ဖို့ လက်မှတ်

mgyoe.com SAMPLE BOOK

ကလေးနှင့် ခွင့် ၁ လ ထောက်ခံစာပါ ရေးပေးလိုက်သည်။ ထိုအခါမှာစ၍၊ တိုင်းပြည်က လခရိက္ခာ လုံလောက်အောင် ပေးထားပါလျက် လောဘတက်ကာ လူမမာများထံမှ တံစိုး လက်ဆောင်စားသော သူ့လိုလူမျိုး၏ အကျင့်စာရိတ္တကို ရွံရှာခဲ့သည်။

ကံအားလျော်စွာ၊ ကျွန်တော်၏သမီး ဆေးတက္ကသိုလ်မှ ဘွဲ့ရပြီးလျှင် ဆရာဝန် ဖြစ်လာသည်။ သူနှင့် ၁ နှစ်တည်း ဆရာဝန်ဖြစ်လာသူတစ်ယောက်နှင့် လက်ထပ်သည်။ ၂ ယောက်စလုံး လက်ထောက်ဆရာဝန်များအဖြစ် နယ်ဆေးရုံ တစ်ရုံသို့ သွားကြရသည်။ သွားခါနီးတွင် သူတို့ ၂ယောက်စလုံးအား-

"ဆရာဝန်ဆိုတာ ဆေးကုဖို့၊ လူအများအကျိုးဆောင်ရွက်ဖို့၊ ဒါပဲ အာရုံပြု။ စီးပွားဥစ္စာဆိုတာ သူ့ဘာသာ ဖြစ်ချင် ဖြစ်လာလိမ့်မယ်၊ ဖြစ်ချင်မှ လည်းဖြစ်မယ်။ မဖြစ်ချင်နေ၊ ကိုယ်ကတော့ အာရုံမပြုနှင့်။ မဖြစ်လို့လည်း ဝမ်းမနည်းနှင့်။ အရေးကြီးဆုံးကတော့ ကိုယ်ရောက်တဲ့နေရာမှာ လူအများ အားကိုးအားထားပြုစရာဖြစ်အောင် လုပ်။ လူအများချမ်းသာအောင် ကိုယ်တတ်နိုင်သမျှ အစွမ်းကုန်ကူညီပါ။"-ဟု မှာလိုက်ရပါသည်။ သူတို့ကလည်း နားထောင်ကြပါသည်။ ခေတ်လူများကလည်း ဤသဘောတွေကို သိမြင်ကြပြီး ဖြစ်ပါသည်။ ကျွန်တော့် ဆုံးမစကားများမှာ ရှေးအဘိုးကြီး၏ စကားပမာ ကောင်းကား ကောင်းပါ၏။ အထပ်ထပ်ကြားရလွန်း၍ နားအီနေသည့် ဆုံးမ စကားမျိုး ဖြစ်နေပြီလော မသိတတ်။

သူတို့က မသွားမီ "ကျွန်တော်တို့ ဂျီပီမလုပ်ဘူး(ဆေးကုမစားဘူး။)။ ဆေးရုံကနေပဲ ကုမယ်။ ပြီးတော့ ပညာဆက်ရှာမယ်။ အခု ကျွန်တော်တို့ တတ်ထားတာဟာ ဘာမှ မဖြစ်လောက်ဘူး"-ဟုကား ပြောသွားကြသည်။

သို့သော်-နယ်ရောက်သွားသောအခါ သူတို့က အိမ်မှာ ဆေးမကုချင် ကြောင်း ပြော၍မရ။ ဆေးရုံကြောက်သူများ, ငွေကြေးတတ်နိုင်သူများက တောင်းဆိုလာကြသောအခါ အိမ်မှာ ဆေးခန်းဖွင့်ပေးရသည်။-ဟု ဆိုကြသည်။

သူတို့ဆီ ကျွန်တော်တို့ အလည်ရောက်သွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဆေးခန်းဖွင့်တာတော့ ဖွင့်ပေါ့ကွာ။ ကောင်းပါတယ်။ ဒါပေမယ့် လူတွေကို ဆေးကုတဲ့အခါ ငွေကြေးကို ပဓာန မထားကြနှင့်။ အထူးသဖြင့် ဆင်းရဲတဲ့လူတွေကို ကူညီပါ။"-ဟု ပြောရပါသည်။ ဤတွင်လည်း ကျွန်တော်၏ ဆုံးမစကားသည် ဘိုးတော်ဘုရားလက်ထက်က ဆုံးမစကား ဖြစ်နေပြန်သည်။ သူတို့က ရယ်ရယ်မောမောပင်

"တစ်နေ့က အဘွားကြီးတစ်ယောက် အိမ်လာလို့ ဆေးထိုးပေးလိုက်တယ်။ ဆေးဝယ်ဖို့ ဆေးစာရေးပေးလိုက်တာ တစ်ခေါက် ပြန်လာတယ်။ 'ဆေးဆိုင်သွားမေးတော့ အဲဒီဆေးက ၈ ကျပ်တဲ့။ သူ့မှာက ၄ ကျပ်ပဲ ရှိတယ်။ ဒီထက်ဈေးပေါတဲ့ဆေး ပြင်ရေးပေးပါ။'-တဲ့။ ဘယ်ရှိမလဲ။ ဒါနှင့် သူ့မှာပါတဲ့ ၄ ကျပ်နှင့်ပဲ အိမ်က ၈ ကျပ်တန်ဆေး ထုတ်ပေးလိုက်ရတယ်။ ဆေးထိုးခလည်း တစ်ပြားမှ မယူလိုက်တော့ဘူး။ ကျွန်တော်တို့ဟာက းအောက်ဆိုက်ပရိုက်တစ် မဟုတ်ဘူး။ အိတ်စိုက်ပရိုက်တစ်"-ဟု ပြောပြကြ ပါသည်။ ကျွန်တော် အားရဝမ်းသာ ဖြစ်ခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ၊ သူတို့သည် ငယ်ရွယ်သူများ ဖြစ်ကြသည်။ မြင့်မားသောရည်ရွယ်ချက်များ ရှိကြသည်။ သို့ရာတွင် ပတ်ဝန်းကျင်သွေးဆောင်မှုက ရှိသည်။ ရန်ကုန်သို့ ပြန်ရောက်လာကြသောအခါ သူတို့မှာ နယ်တွင်နေရစဉ်ကနှင့်မတူ။ မလွယ်ကူတော့။ နေစရာအိမ် အလွယ်တကူ မရ။ သွားရလာရသည်ကလည်း မလွယ်။ ကားဝယ်လောက်အောင်လည်း စုမိဆောင်းမိ မရှိ။ မိဘများကလည်း ငွေကြေးမတောင့်တင်းကြ။ အတော် ကသိကရိုကြုံရသည်ကို တွေ့ရပါသည်။ နယ်တွင်နေစဉ်က ကုန်စရာ သိပ်မရှိလှ၍ အသင့်အတင့် စုမိခဲ့သော ရွှေတိုငွေစကလေးများကို ချရောင်းစားနေကြသည်ကို တွေ့ရသည်။ သူတို့မှာ ပျော်ပျော်ပဲ ဖြစ်သည်။ နယ်တွင်နေစဉ်က လူချစ်လူခင်များခဲ့၍ ရန်ကုန်တွင်ကား ဧည့်သည်ကလည်း 'ထောင်း' သည်။ သူတို့ ရန်ကုန် ပြန်ရောက်ကြပြီး၍ များမကြာမီပင် ရှိစုရှိမဲ့ကုန်သည်ဟု သိရသည်။ ဤတွင် သူတို့လည်း မတတ်သာလှသည့်အဆုံး မူလကချမှတ်သည့် 'ဂျီပီမလုပ်

mgyoe.com SAMPLE BOOK

ဘူး။'-ဆိုသည့် အဓိဋ္ဌာန်ကို မလွဲသာမရှောင်သာဖျက်ကာ အခြေအနေအရ ဆေးခန်းဖွင့်ကြရပြန်တော့သည်။ ကျွန်တော်လည်း ဘာမှမပြောသာ။ ဆင်းရဲသားများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်ဖို့သာ မှာရပါသည်။

သူတို့မှာ စားရေးသောက်ရေး ချောင်ချောင်လည်လည်ဖြစ်လာသည်။ သို့ရာတွင် သူတို့နှင့်အတူ အခြားဆေးခန်းဖွင့်သူများမှာ လူနာလာလျှင်လာသလို ကြီးပွားချမ်းသာလာကြသည်ကို တွေ့မြင်ရသော်လည်း သူတို့မှာကား အိပ်စိုက်တွေ အတော်များသလော မသိ။ အခြားဆေးခန်းများထက် သိသိသာသာ လူနာအဝင်များပါလျက် သူတို့မှာ ဘယ်အခါမှ ငွေကြေးချောင်လည်သည် ဟူ၍မရှိ။ သွားရေးလာရေးခက်ခဲလွန်း၍ ကားစုတ်ကလေးတစ်စီး ဝယ်ထားသည်ကိုပင် အလျှဉ်မီအောင် မပြုပြင်နိုင်။ ဘက်ထရီဝယ်ချိန်, တာယာဝယ်ချိန် ဆိုလျှင် သူတို့မှာ ချေးရငှားရပြီ။ ကမာရွတ်က သူတို့ဘကြီး, ဒေါ်ကြီးများက သူတို့အတွက် ခဏခဏငွေချေးပေးနေရ၍ "ဘယ်လိုဆရာဝန်တွေလည်း မသိပါဘူးဟယ်။ သူများတကာဆရာဝန်တွေဆို တိုက်နှင့်ကားနှင့်။"-ဟု ပြောသည်ကို ကြားခဲ့ရသည်။

"မကောင်းတဲ့အခြေအနေကို သည်းခံကြကွာ။ ဒါကိုလည်း မခံနိုင်လို့ မဟုတ်တာတစ်ခုခု ထလုပ်ရင် မင်းတို့ရည်မှန်းချက် လမ်းလွဲသွားနိုင်သည်။ ဆင်းရဲပါစေ။ ဒေါသမဖြစ်နှင့်။ မင်းတို့အလုပ်က ဆေးကုဖို့။"

ကျွန်တော်လည်း ထိုထက်ပို၍ မပြောတတ်တော့။ အာရုံတွေများသော ရန်ကုန်လိုမြို့ကြီးတွင် ဆင်းဆင်းရဲရဲနေလျက် သည်းခံနိုင်ဖို့ဆိုလျှင် ဧရာမ သတ္တိ လိုပေသည်။ ရန်ကုန်မြို့၏ လူနေမှုစနစ်, တိုက်သစ်, ကားသစ်, အကြွားအဝါ, နိုင်ငံခြားပြန် အတုအပ, အပြိုင်အဆိုင်များအကြားတွင် အနေဆင်းရဲလာသောအခါ သူတို့၏ စိတ်ကောင်းသဘောကောင်းကလေးများနှင့် မြင့်မားသော ရည်မှန်းချက်များ ပျောက်ဆုံးသွားကြမည်ကို များစွာစိုးရိမ်မိသည်။

ဆင်းရဲသောအခြေအနေကို သည်းမခံနိုင်ကြ၍၊ သို့မဟုတ် ဒေါသဖြစ်ကြ၍ တစ်ခုခု ထလုပ်ကြလျှင် ဆရာဝန်ပညာတတ်ထားသူတို့မှာ အခြားသူ

mgyoe.com SAMPLE BOOK

များထက် ခရီးရောက်သည်။ လမ်းမှားဖြင့် ခရီးရောက်သည်ကို အလိုမရှိအပ်။ ''ဆေးခန်းဖွင့်လို့ လူနာမလာရင် ဆေးထုတ်ပြီး ရောင်းစားတာနှင့်ပဲ ၁ လ ၁၀၀၀-၉၀၀ တော့ အသာလေး''-ဟု ပြောသံများ နေရာတကာတွင် ကြားနေရသည်။ ကြာသော် ဤအလုပ်မျိုးကိုပင် တရားဝင်ပုံမှန် ထင်လာကြတော့မည်။ ''ဒါ လူတိုင်း လုပ်နေကြတဲ့အလုပ်''ဟူသော အကြောင်းပြချက်ဖြင့် ပွင့်ပွင့်လင်းလင်း လုပ်လာကြတော့မည်။ ''လူတိုင်း လုပ်နေကြသော အလုပ်''ဆိုရုံမျှဖြင့် မကောင်းသောအလုပ်က ကောင်းသောအလုပ် ဖြစ်မလာနိုင်။ မကောင်းမှုကို မကောင်းမှုမှန်းသိလျက် အာရတိ ဝိရတိမင်္ဂလာတရားအတိုင်း ဝေးစွာလည်း ရှောင်မှ။ အထူးသဖြင့်လည်း ရှောင်ပါမှ။

ဤအကြောင်းများကို စဉ်းစားတွေးတောနေစဉ်မှာပင် ကျွန်တော် အေ-ဂျေ-ကရိုနင်ရေးသော 'ယုဒသစ်ပင်'အမည်ရှိ ဝတ္ထုကို ဖတ်လိုက်မိသည်။ ထိုဝတ္ထုတွင်၊ ငယ်စဉ်က မိဘသေဆုံးခဲ့၍ ချို့ချို့ငဲ့ငဲ့ ဆင်းဆင်းရဲရဲ ပညာသင်ခဲ့ရသော စိတ်ကောင်းသဘောကောင်းနှင့် ဆရာဝန်လူတော်ကလေးတစ်ယောက် ရည်မှန်းချက်ကောင်းကောင်းဖြင့် ရိုးရိုးသားသား အလုပ်လုပ်ရန် အစီအစဉ်ရှိခဲ့ပါသော်လည်း၊ စည်းစိမ်ချမ်းသာ ဥစ္စာကြေးငွေနှင့်တကွ လောကီအာရုံကာမဂုဏ်တို့၏ ဖြားယောင်းခြင်းကို ခံရသောအခါ သစ္စာတရားပျက်ယွင်းလျက် ကြေကွဲဖွယ်အပျက်အစီးဖြင့် အဆုံးသတ်သွားရသည့်အကြောင်းကို ကရိုနင်က သူ့ကလောင်စွမ်းဖြင့် လက်ကမချရအောင် ဖွဲ့မက်စရာ ခြယ်မှုန်းထားသည်။ ကျွန်တော်သည် ဤဝတ္ထုကို လူ့သဘောလူ့စရိုက် ဖွဲ့ဆိုပုံ၊ တင်ပြပုံမှအစ သဘောကျလွန်း၍ ၂ ခေါက်-၃ ခေါက်ပြန်ဖတ်ကာ သမီးတို့ကိုလည်း ဖတ်စေပါသည်။ ငွေကြေးရှာဖွေအားကောင်းသော ဆရာဝန်တွေဖြစ်ကြ၍ သူတို့က ပို၍ နားလည်ကြပါလိမ့်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုဝတ္ထုအတွက် အမှာစာရေးသူက

'ဒေးဗစ်မိုရေး၏ ဘဝသည် အခြားကြီး ခြားခဲ့လေပြီ။ ဆေးတက္ကသိုလ်ကျောင်းသားအဖြစ် ကလိုက်ဒဆိုက်ဆင်းရဲသားရပ်ကွက်၌ ဆေးစာအုပ်ကြီးများနှင့် နပန်းလုံးခဲ့ရသော သူ့ဘဝသည် အတော်အတန် ပျို့ရွယ်စဉ်မှာပင် သူအနားယူပြီးနောက်နေသော ဆွစ်ဇာလန်ပြည် အဲ့လပတောင်တန်းပေါ်မှ ပန်းချီကားများ, ပြင်သစ်ရှေးဟောင်းပရိဘောဂအလှအပများဖြင့် တခမ်းတနား တန်ဆာဆင်သည့် အိမ်ကြီးပေါ်က စည်းစိမ်ကျကျ သူ့ဘဝနှင့်ဆိုလျှင် အလွန်ပင် အလှမ်းကွာလေသည်။ မိန်းမများစွာက သူ့အား ချစ်ကြိုက်ခဲ့ကြသည်။ သို့ရာတွင် စိတ်အေးချမ်းသာ နေနိုင်ဖို့ရာ သူ့ဘဝတွင် တစ်စုံတစ်ခုသောအရာသည် လစ်လပ်လျက် ရှိခဲ့လေသည်။

သူသည် ဆင်းရဲမွဲတေသော အထီးကျန်လူပျို လူရွယ်ဘဝမှနေ၍ ထိပ်ဆုံးသို့ အမြန်ဆုံးနည်းဖြင့် တက်လာခဲ့သည်။ သို့ရာတွင် သူ့အား အတိတ်ဆီမှ အသံတစ်သံက "သင့်ကိုယ်ပိုင်အစွမ်းအစများကို သင် အဘယ်သို့ အသုံးပြုခဲ့သနည်း။ ဤအစွမ်းအစများကို လူ့ဘောင်အကျိုးအတွက် အသုံးမပြုသည့်အတွက် သင့်ထံမှ တန်ရာတန်ကြေးကို ခန့်ခွဲတောင်းဆိုရမည်။ 'ပြုပြင်ရန် နောက်ကျပြီ။'-ဟူ၍ ရှိသလော"-ဟု မေးလျက်ရှိသည်။

'ဒေါက်တာကရိုနင်သည် သူ၏အသိအမြင်နှင့် ပင်ကိုထိုးထွင်းဉာဏ်၊ စာရေးကျွမ်းကျင်မှုတို့ကို အသုံးပြုကာ လူတစ်ယောက်၏ သဘောသဘာဝစရိုက် တစ်စတစ်စ ရင့်ကျက်ဖွံ့တည်လာပုံကို လည်းကောင်း၊ အမှတ်မထင်



mgyoe.com

mgyoe.com SAMPLE BOOK

ဆုံးဖြတ်မှုကလေးများ, အသေးအဖွဲကလေးများ၌ မိမိကိုယ်မိမိ လှည့်စားမှုအလေ့အကျင့်ကလေးများက သူ့အား မလွဲသာ မရှောင်သာတွေ့ရမည့် ကံကြမ္မာလမ်းကြောင်းပေါ်သို့ ရောက်အောင် တင်ပေးလိုက်ပုံကို လည်းကောင်း ဖတ်မိလျှင် လက်မှချ၍ မရနိုင်အောင် ဆွဲငင်စွမ်းသောဝတ္ထုရှည်တစ်ပုဒ် ရေးဖွဲ့ထားသည်။'-ဟု ဖော်ပြထားလေသည်။

ဤဝတ္ထုမျိုးကို ဖတ်ရှုကြရလျှင် ရည်ရွယ်ချက်မြင့်မား၍ လူအများ အတွက် အကျိုးပြုလုပ်ငန်းများ၌ လုပ်ဆောင်နိုင်စွမ်းရှိကြသူ ကျောင်းဆရာ, အင်ဂျင်နီယာ, ဆရာဝန် စသောပြည်သူ့ဝန်ထမ်း လူငယ်လူရွယ်တို့သည် လောကီအာရုံ ကာမဂုဏ်တို့၏ သွေးဆောင်ခြင်းကို တင်းတင်းမာမာ ပြတ်ပြတ် သားသား ဖယ်ရှားလျက် လမ်းမှားကို ရှောင်ကွင်းနိုင်ကြလိမ့်မည်။-ဟု ယုံကြည်မိသဖြင့် ဤစာအုပ်ကို ဘာသာပြန်ဆိုလိုက်ပါသည်။

ကိုယ်,စိတ်-၂ ဖြာ ချမ်းသာကြပါစေ။

**ထင်လင်း**

၁၉၇၉ ဇန်နဝါရီ ၂၅ ရက်။



mgyoe.com

mgyoe.com SAMPLE BOOK

# ထင်လင်း
# အဆိပ်

**A. J. Cronin's**
**THE JUDAS TREE**

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

၁

ဆောင်းကြိုရာသီနံနက်ခင်းသည် နေသာလှသဖြင့် မိုရေးသည် သူ၏ပြတင်း အပြင်ဘက်ရှိ ပြဒါးတိုင်ကိုကြည့်ကာ သူ၏အိပ်ခန်းနှင့် ဆက်လျက်ရှိသော လေသာဆောင်၌ 'နံနက်စာစားမည်' ဟု ဆုံးဖြတ်လိုက်သည်။ ညဉ့်က သူ နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့သည်။ အိပ်မပျော်သည့်ရောဂါစွဲကပ်ဖူးသူအဖို့ ၆ နာရီမျှ အိပ်ပျော်ခဲ့သည်ဆိုလျှင် အားတက်စရာပင် ဖြစ်၏။ သူ၏ ပိုးသား ညဉ့်ဝတ်အင်္ကျီရှည်ကို ဖောက်ထွင်းဝင်ပြလျက်ရှိသော နေရောင်ခြည်ကြောင့် သူသည် နွေးနွေးထွေးထွေး ရှိနေ၏။ တပည့်ကျော် အာထူရိုကလည်း သူ၏ နံနက်စာကို လိုလေသေးမရှိအောင် ပြင်ထားသည်။ သူသည် ငွေခာတ်ဖူး၍ ထည့်ထားသော ကော်ဖီပူပူကို ငှဲ့ထည့်ပြီးလျှင် မုန့်အခွေကလေး ၁ ခုကို တောင်ပေါ်ပျားရည်ဖြင့် သုတ်လိုက်ရင်းမှ နယ်သစ်မြေသစ်ရှာဖွေသူသည် နယ်သစ်မြေသစ်ကို တွေ့လိုက်ရာ၌ ကျေနပ်မှုအပြည့်ဖြင့် ဝမ်းမြောက်ဝမ်းသာ လှည့်ပတ်ရှုစားလိုက်သကဲ့သို့ သူ၏ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။

တယ်လှပလား။ တစ်ဖက်မှာ အမိုးနီတောင်ပေါ်အိမ်ကလေးတွေ ဟိုနားတစ်လုံး သည်နားတစ်လုံး၊ ပြန့်ကြဲနေကြတဲ့ မြက်ခင်းစိမ်းတွေ၊ အထက်မိုးပြာထဲ တိုးဝင်နေတဲ့ ရိုက်ဇင်ဘတ်တောင်ထွတ်။ ကျန်တစ်ဖက်မှာတော့ အင်္ကျင်ဗရှခ်ချိုင့်ဝှမ်းရဲ့ ပြေပြေလျှောလျှောကုန်းစောင်းတွေပေါ်က သစ်တော၊ မက်မန်း၊ ချယ်ရီ ခြံတွေ။ တောင်ဘက်ကိုကြည့်လိုက်ရင် ဟိုဝေးဝေးမှာ နှင်းဆောင်းတောင်ထွတ်တွေနှင့် အဲလပတောင်တန်း။ နောက် သူ့ပိုင်နက်ဖြစ်တဲ့ တောင်ကလပ်ကလေးရဲ့ အောက်ဘက်မှာ ရာသီဥတုအခြေအနေအလိုက် ခုပင် လှိုင်းလေ ထန်ချင် ထန်လိုက်၊ တော်ကြာ ပြန့်ပြူးငြိမ်သက်နေလိုက်နှင့် အသွင်အမျိုးမျိုးပြောင်းတတ်တဲ့ ချစ်စရာ ရွှမ်းဆီးရေအိုင်။ ယခုမူ ဇာချည်ပါးပါး



mgyoe.com

mgyae.com SAMPLE BOOK

လွှမ်းထားသကဲ့သို့ နှင်းမြူလွှာကိုဖြတ်လျက် ရွက်ဖွေးဖွေးနှင့် လှေကလေး တစ်စင်းသည် ကဗျာဆန်ဆန်ပြောရလျှင် ငွေငန်းဖြူကလေးတစ်ကောင်ပမာ တရွေ့ရွေ့ငြိမ်သက်စွာ တိုးသွားနေသည်။

နှစ်ရှည်လများ ရှာဖွေခဲ့ရာမှ ခေတ်မီသူတို့၏ အသုံးအဆောင်အား လုံး ရနိုင်ရာ မဲလစဗတ်မြို့နှင့် နီးနီးနားနား ဤမျှငြိမ်းချမ်းသာယာ၍ လှပသော နေရာကလေးမျိုးကို တွေ့ရခဲ့ခြင်းမှာလည်း ကံကောင်းလှပေစွ။ ဆွစ်ဇာလန် ပြည်သား နာမည်ကျော်ဗိသုကာဆရာတစ်ယောက်နေရန် ဆောက်လုပ်ခဲ့သည့် ဤအိမ်မှာလည်း ဘာမျှ လိုလေသေးမရှိအောင် သူ့အဖို့ ပြည့်စုံလှသည်။ တောင့်တင်းခိုင်မာသည်၊ အတွင်း၌လည်း စည်းစိမ်ကျကျ နွေးနွေးထွေးထွေး ရှိနေအောင် စီမံထားသည်။ သူ၏ပန်းချီကားများ ချိတ်ဆွဲပြသထားရန် အတွက်လည်း ကျယ်ဝန်းသော ဧည့်ခန်းရှည်ရှိသည်။ အမေရိကန်ပြည်တွင် ကြာမြင့်စွာ နေထိုင်ခဲ့ဖူးသူတစ်ဦးအလိုကျ အုတ်ကြွပ်ကြမ်းခင်း မီးဖိုခန်း၊ ရေချိုး ခန်းကအစ ခေတ်မီအောင် စီမံထားကြသည်။ သူသည် ကျရောက်လာ လတ္တံ့သော ကြမ္မာဆိုးကြီးကို မသိမမြင်နိုင်ရကား သူ့ဘဝသူ အကျေနပ်ကြီး ကျေနပ်လျက် သက်ပြင်းရှည်ကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်လေ၏။

သူ့အဖို့ ဤတစ်နေ့တာအတွက် မည်သို့ အချိန်ဖြုန်းပစ်ရပါအံ့နည်း။ အဝတ်အစားလဲရင်းက နည်းလမ်းအမျိုးမျိုးကို သူ သုံးသပ်ကြည့်နေမိ၏။ မဒမ် အော်လတီရှဖာကို တယ်လီဖုန်းနှင့်ချိန်းပြီး အမျိုးသမီးကြီးရဲ့ ခွေးတစ်အုပ်နှင့် တူဖိန်သော်ဘက်ကို လမ်းလျှောက်ထွက်ရ ကောင်းမလား။ ဒါလည်း မဖြစ် သေးဘူး။ ဒီအမျိုးသမီးကို သူက ညနေ ၅ နာရီမှာ ဂီတပွဲတော်ဧည့်ခံပွဲ ခေါ်သွားရဦးမယ်။ အင်း-အတင်းခေါ်လို့တော့ ကောင်းမယ် မဟုတ်ဘူး။ ကိုယ့်လှေ ကိုယ်ထုတ်ပြီးတော့ အိုင်ထဲမှာ ငါးပတ်ဖမ်း ထွက်နေကြတဲ့ တံငါတွေနှင့် လိုက်သွားရကောင်းမလား။ နောက်ဆုံးတွင် သူသည် နှင်းနှောင်း ပင်သဖြင့် ပျက်စီးမတတ်ဖြစ်သော သူ့နှင်းဆီခင်းကို အလျင်သွားကြည့်မည်။ -ဟု ဆုံးဖြတ်လိုက်၏။

mgyae.com

mgyoe.com SAMPLE BOOK

သူသည် အောက်ထပ်သို့ဆင်း၍ အမိုးမိုးထားသော ဝရန်တာရှိရာသို့ လျှောက်လာခဲ့၏။ ဆိုဖာရှည်ကြီး၏ဘေးတွင် စီ၍တင်ထားသော စာများကို တွေ့ရသည်။ သူ၏စာများတွင် သူ့အား စိတ်အနှောင့်အယှက်ဖြစ်စေမည့် အကြောင်းအရာ တစ်စုံတစ်ရာမပါသော်လည်း သူသည် စာများကို ဖွင့်ရာတွင် ထူးထူးဆန်းဆန်း ဆုတ်ဆုတ်ဆိုင်းဆိုင်း ဖြစ်နေ၏။ သူ့မှာ အဓိပ္ပာယ်မရှိ ကြောက်လန့်သည့်စိတ်က ကပ်နေသည်မှာ ဆန်းလှ၏။

မီးဖိုထဲတွင် သူ့ဘဏ္ဍာစိုး အာထူရှိသည် သီချင်းဆို၍ နေလေသည်။ မိုရေးက ပြုံးမိ၏။ သူ၏ဘဏ္ဍာစိုးကြီးမှာ ဇာတ်သဘင်ဝါသနာကြီးသူ ဖြစ်သော်လည်း ခိုင်းရစေရ ကောင်းပါသည်။ သစ္စာရှိသည်။ သူ့မိန်းမ အယ်လီနာမှာ စိတ်ကောက်တတ်သော်လည်း အချက်အပြုတ်မှာကား အံ့စရာကောင်းလောက်အောင် တော်သူ ဖြစ်သည်။ မိုရေးမှာ ဤသို့သော တပည့်တပန်းမျိုးရသည်တိုင်ပင် 'ကံကောင်းသည်' ဆိုရမည်။ 'ကံကောင်းတာ သက်သက်ပဲလား။'-ဟု သူ့ဘာသာတွေးရင်း ဝင့်ကြွားစွာပင် သူသည် မြက်ခင်းဘက်သို့ ထွက်လာခဲ့၏။

သည်မြက်ခင်းကို ကတ္တီပါမွေး ထည့်ခင်းထားသကဲ့သို့ တိုတိုကလေး ဖြတ်ထားသည်။ အမေရိကန်နိုင်ငံ ကွန်နက်တီကတ်ပြည်နယ်တွင် နေခဲ့စဉ်က ဆိုလျှင် ကျောက်စရစ်မြေ ဖြစ်ရသည့်အထဲတွင် ပေါင်းမြက်ရိုင်းတွေက မနိုင်နိုင်အောင်ပေါက်သဖြင့် 'မြက်ခင်း' ဟူ၍ မည်မည်ရရ မရှိခဲ့။

မြက်ခင်းဘေးတွင်ကား လမ်းလျှောက်-ပန်းပင် လန်းလန်းလှလှကလေးများ အနားသတ်ထားသည့် သမံတလင်းလမ်း။ သည်လမ်းအတိုင်း လျှောက်သွားလျှင် ရေကန်။ ရေကန်ထဲက ကြာဖက်ကြီးများအောက်တွင် ရွှေရောင်ငါးကြင်းများ ငြိမ်သက်စွာ ခိုနားနေကြသည်။ ထိုမှလွန်သော် ကျောက်ဆောင်မြင့် အထက်တွင် ပန်းလိမ္မော်ပင်ကလေးများ, သကြားပင်ပုကလေးများအပြင်၊ အခြား အပင်ကလေးများစွာဖြင့် လှပစွာ တန်ဆာဆင်ထားသော ဂျပန်ဉယျာဉ် ရှိသည်။ ၎င်း၏နောက်တွင် ခွံမာသီးများအပါအဝင်

mgyoe.com SAMPLE BOOK
အသီးမှည့်များဖြင့် ပြွတ်နေသော သစ်သီးပင် ၁၇ မျိုးစိုက်ထားသည့် သစ်သီးခြံ။

စင်စစ်-သူ တကယ်အမြတ်တနိုး စိုက်ထားသည့်အပင်မှာကား နောက်ခံရှုခင်းဖြစ်သော ရေအိုင်, တောင်နှင့် တိမ်တိုက်များ၏အထက်သို့ပင် ထိုး တက်လျက်ရှိသော 'ယုဒသစ်ပင်'ဟု ခရစ်ဝင်၌လာသော စိန်ပန်းနီလာ ပင်ကြီးတည်း။ ထိုအပင်ကြီးသည် နွေကြိုရာသီ၌ဆိုလျှင် ခရမ်းရောင်နုနုအပွင့် များဖြင့် လှပစွာ ဝေနေတတ်သည်။ သူ့ဧည့်သည်များအားလုံးက ထိုအပင် ကြီးကိုကြည့်၍ ချီးမွမ်းစကား ဆိုတတ်ကြသည်။ ဥယျာဉ်ဧည့်ခံပွဲများ လုပ်သောအခါမျိုးတွင် အင်ဆိုင်ကလိုပီးဒီးယား ဗြိတိန်နိကာစွယ်စုံကျမ်းထဲမှ ဖတ်ထားကြောင်း ထိမ်ဝှက်လျက် ဤသစ်ပင်ကြီး၏အကြောင်း သူ ဗဟုသုတ ကြွယ်ဝပုံ အမျိုးသမီးဧည့်သည်များအား ထုတ်ကြွားရသည်ကို သူ နှလုံး တွေ့သည်။

"ဟုတ်ကဲ့။ ဒီအပင်ရဲ့ ရုက္ခဗေဒအမည်ကတော့ 'ဆာဆီဆီလီကွာ စတြမ်' လို့ ခေါ်ပါတယ်။ အရှေ့တိုင်းမှာတော့ကာ အရွက်ကို သုပ်စားကြ ပါတယ်။ ဒါပေမယ့်-အင်း-ဒါကတော့ အဓိပ္ပာယ်တော့ သိပ်မရှိကြပါဘူး။ လူအများသိကြတဲ့ ရှေးအယူအဆအတိုင်းပေါ့ဗျာ။ ကျွန်တော့်တပည့်ကျော် အိ တာလျံအာထူရိုကတော့ အင်မတန်အယူသည်းတာကလား။ ဒီသစ်ပင်ကို 'ဝိညာဉ်ပျောက်ဆုံးသူတို့ရဲ့ သစ်ပင်'လို့ ဆိုသဗျ။"

လောလောဆယ်တွင် သူသည် သခွားခင်းနားတွင် သူ၏ ဥယျာဉ်မှူး အိုကြီး ဝီလဟာမ်ကို တွေ့လိုက်ရ၏။ ဝီလဟာမ်သည် အလုပ်ကျွမ်းကျင်ပေ သည်။ သို့သော် သူသည် မြင်းတပ်မှ တပ်ကြပ်တစ်ယောက်ကဲ့သို့ ခေါင်းမာ သည်။ သူသည် ခါးစည်းရှေ့ဖုံးအဝတ်စိမ်းကို ဆွဲဖြန့်ရင်း ဦးထုပ်ကိုချွတ်ကာ မိုရေးကို ဝတ်ကျေတမ်းကျေ နှုတ်ဆက်သည်။

မိုရေးက ပါးနပ်ယဉ်ကျေးစွာပင် "ကျွန်တော်တို့ နှင်းဆီပင်တွေကို သွားကြည့်ကြဦးစို့လား။"-ဟု ပြောလိုက်သည်။

mgyoe.com SAMPLE BOOK

ထို့နောက် သူတို့ ၂ ယောက်သား နှင်းဆီခြံဘက်သို့ လာခဲ့ကြ၏။ အဘိုးအိုသည် ဤနေရာတွင် ကြည့်လိုက်တိုင်း နှင်းဆီပင်ပျက်များကို တွေ့ရ၍ မကျေမချမ်း ဆဲဆိုရေရွတ်ခဲ့ရသည်။ အပင်သစ်များ မည်ရွေ့မည်မျှ ပြန်စိုက်ရမည်ကို ယခု သူတို့ ရေတွက်ကြသည်။

ဝိလဟာမ်ကြီး ထွက်သွားလျှင် ဆိပ်ကမ်းအုပ်ကြီး၏ ကလေးငယ် ၂ယောက်သည် မတ်စောက်သော ကုန်းတက်လမ်းအတိုင်း တက်လာကြသည်။ သူတို့၏လက်ထဲတွင် မိုရေးအတွက် ပစ္စည်းပို့သော အကြောင်းကြားစာ တစ်စောင် လက်မှတ်ထိုးယူရန် စာအုပ်နှင့် အတူပါလာ၍ ထုံးစံအတိုင်းပင် ကလေး ၂ ယောက်စလုံး အမောတကော ဖြစ်အောင် ပျော်ရွှင်လာကြသည်။ ဆူဇီက စာအိတ်ဝါကြီးကို ဆုပ်ကိုင်ထား၍ ဟာန်းက လက်မှတ်ထိုးရန် စာအုပ်ကို ကိုင်ဆောင်လာသည်။ ကလေးများမှာ တောက်ပသောမျက်လုံးများဖြင့် ချစ်စရာကောင်းကြပေသည်။ မိုရေး၏အကျင့်ကို သိထားကြသဖြင့် သူတို့ရနေကျ ဆုလာဘ်များကို မျှော်လင့်ကာ သူတို့၏မျက်နှာကလေးများမှာ ဝင်းလက်၍ နေကြသည်။ ထို့ကြောင့်ပင် မိုရေးသည် ဝိုင်အရက်သေတ္တာ ၂ လုံး ပို့လိုက်သည်ကို အကြောင်းကြားသည့်စာအား သေချာအောင် တစ်ချက်ကြည့်လိုက်ပြီးလျှင် မျက်နှာထားတင်းတင်းဖြင့် ခေါင်းယမ်းပြလိုက်ရင်း

"မင်းတို့က တယ်လိမ္မာတဲ့ ကလေးတွေကိုးကွ။ မင်းတို့ကိုတော့ ဒဏ်ပေးရလိမ့်မယ်။"-ဟု ဆိုလိုက်၏။

ထို့နောက်-မိုရေးက သူတို့အား သူတို့အလွန်နှစ်သက်သော ဆီးတော်ပင်ဆီသို့ ခေါ်ဆောင်သွားလေရာ၊ ကလေးများလည်း ပျော်ရွှင်စွာ တခစ်ခစ် ရယ်မောရင်း လိုက်သွားကြလေသည်။ ဆီးတော်ပင်မှာ အသီးမှည့်များဖြင့် ဝင်းနေ၏။ မိုရေးက အကိုင်းတစ်ကိုင်းကို ဆွဲလှုပ်လိုက်ရာတွင် အသီးများ မြေကြီးပေါ်သို့ တဖုတ်ဖုတ် ကြွေကျပြီးနောက် လိမ့်သွားသည့်ဆီးတော်သီးများကို လိုက်ကောက်ကြရင်း ကလေးများ အော်ဟစ်ရယ်မြူးနေကြလေသည်။ သူတို့အိတ်များ ပြည့်မှပင် ပြန်လွှတ်လိုက်၏။ ထို့နောက်တွင် သူသည် နာရီကို ကြည့်လိုက်သည်။ နှင်းဆီပင်ပေါက်များကို သွားဝယ်ဖို့ အချိန်ကျပြီ။

mgyoe.com SAMPLE BOOK

သူသည် ကားဂိုဒေါင်ထဲမှ ဂျက်ပွာအမျိုးအစားပြိုင်ကားကို ရွေး၍ ထုတ်ခဲ့၏။ အသက် ၅၅ နှစ်အရွယ် အေးအေးလူလူ အနားယူနေသောလူတစ်ယောက်အဖို့ အရှိန်ဖြင့်မောင်းနှင်ရသော ဤကားမျိုးသည် 'အရွယ်နှင့်မလိုက်လှ' ဟု ထင်စရာဖြစ်သည်။ သူ၏ ကြွေရသော အခြားသောကားများဖြစ်ကြသည့် ဟမ်းဘားအမျိုးအစား စတေးရှင်ဝက်ဂွန်နှင့် ဆစ်လဗားကလောက်ပုံစံ ရိုးလစရွိုက်တို့နှင့်စာသော် သူ၏ပြိုင်ကားသည် သူနှင့် ပိုပြီးမသင့်တော်သလောက် ဖြစ်နေသည်။ သို့သော်-သူသည် 'စိတ်ပျိုကိုယ်နု' ဆိုသကဲ့သို့ အရွယ်တင်သူ ဖြစ်၏။ သူ၏ ခန္ဓာကိုယ်မှာ သွယ်သွယ်လျလျ အချိုးအစားကျ၍ သူ၏အပြုံးမှာ တစ်ဖက်သားကို ဆွဲဆောင်စွမ်းသော, ထူးခြားနှစ်လိုဖွယ်ရှိသော သဘာဝအပြုံး, လူငယ့်အပြုံး။

အစတွင် ကားလမ်းသည် စားကျက်တောကိုဖြတ်၍ သွားသည်။ ပည်ပင်းမှ ခလောက်ကြီးတွေတဒေါင်ဒေါင်နှင့် နွားညိုမတို့သည် တအိအိ ဂလှုပ်လှုပ် ရွှေ့လျားမြက်စားနေကြသည်။ အနိမ့်ဘက်က လယ်ကွင်းများတွင် ယောက်ျား, မိန်းမတို့သည် ကောက်ရိတ်လျက် ရှိကြသည်။ သူသည် ကလေးသူငယ်များကို ခင်မင်ကြင်နာတတ်သူ ဖြစ်သောကြောင့် ဤနေရာမှ လူများက သူ့ကို ကောင်းစွာသိကျွမ်း ခင်မင်ကြသည်ဖြစ်ရာ အချို့က သူတို့၏ လုပ်ငန်းကို ရပ်ဆိုင်း၍၊ မိုရေးအား လှမ်း၍လက်ပြ နှုတ်ဆက်ကြ၏။ သူကလည်း ဤဒေသရှိ တံပိုးခရာများ ဆွဲဆွဲငင်ငင်မှုတ်၍ ကျင်းပလေ့ရှိသော တောမင်္ဂလာဆောင်များ၊ ရှေးရိုးမပျက် စီတန်းလှည့်လည်ပွဲများ၊ သူ၏ မွေးနေ့တွင် လာရောက်၍ တီးမှုတ်ဖျော်ဖြေကြသည့် ကျေးရွာတီးဝိုင်းအဖွဲ့များ အစရှိသည့် တောရွာဓလေ့ ပွဲလမ်းသဘင်တို့တွင် သူ့ကိုယ်သူ လူချစ်လူခင်များအောင် အပင်ပန်းခံ၍ လုပ်ထားသောကြောင့်လည်း ဖြစ်ပါလိမ့်မည်။

ဤသို့ဖြင့်ပင်၊ သူသည် မြို့အစွန်သို့ ရောက်လာသည်။ လမ်းများသည် တိုက်ချွတ်ဆေးကြောထားသကဲ့သို့ ပြောင်စင်နေကြသည်။ တရုတ်ကတ်စိမ်းနှင့် အိမ်ဖြူကလေးများ၏ ပြတင်းဝရှိ ပန်းစိုက်သေတ္တာကလေးများ

mgyoe.com SAMPLE BOOK

တွင် ကြေပန်းပင်၊ ဖယောင်းပန်းပင်ကလေးများဖြင့် အားလုံးတိတ်ဆိတ်ငြိမ်သက်သပ်ရပ်၍ ကြည်လင်ရှင်လန်းနေသော ဤအရပ်တွင် ဘယ်အခါမှ အခြေမပျက်တော့မည့်ဟန်။ ထိုအရပ်ရှိလူများသည်လည်း ရိုးသားဖြောင့်မတ်သောစိတ်၊ ယဉ်ကျေးသိမ့်မွေ့သောစိတ်ထားတို့ကို ထာဝရလက်ကိုင်ထားကြမည့်ဟန် ထင်ရ၏။ မျက်မှောက်ခေတ်အခါတွင် တစ်လောကလုံး ရှုးသွပ်နေဘိသကဲ့သို့ အနှစ်သာရအလျှင်းမရှိသော ရိုင်းစိုင်းသောလူတို့မှ ဝေးရာ ဤနေရာမျိုးသို့ လာရောက်အခြေချမိသည်မှာ ကောင်းလေစွ၊ မှန်လေစွ။-ဟုလည်း အောက်မေ့နေမိပြန်သည်။

အမေရိကန်ကုမ္ပဏီမှ သူ၏စီးပွားဖက်ဖြစ်ခဲ့သူ ဟိုးလဘရုကမူ ဤအဆုံးအဖြတ်ကို ကန့်ကွက်ခဲ့သေးသည်။ သို့ရာတွင် သူ့မှာ ဤနေရာမျိုးတွင် နေရသဖြင့် ဓာတ်မြှုပ်နေရသည်ကား မဟုတ်။ ဂီတပညာရှင်အကျော်အမော် ဝဂ္ဂနာသည် ဤဒေသသို့လာ၍ ၇ နှစ်တိုင်တိုင် ပျော်ပျော်ရွှင်ရွှင်နေထိုင်ကာ ကမ္ဘာကျော်ရစ်မည့် တေးသီချင်းများကို ရေးစပ်ခဲ့ဖူးသည် မဟုတ်လော။ ဝဂ္ဂနာသည် ရပ်ရွာမိးသတ်တပ်ဖွဲ့အတွက် တပ်ချီတေးတစ်ပုဒ်ကိုပင် ရေးစပ်ပေးခဲ့သေးသည် မဟုတ်လော။ ဤအတွေးကို တွေးမိရာတွင်ကား မိုရေးသည် ပြုံးလိုက်မိသေး၏။ ကဗျာဆရာကြီးများဖြစ်ကြသော ရှယ်လီနှင့် ဘိုင်ရွန်တို့လည်း ဤအနီးအနားဝန်းကျင်တွင် အကြာကြီး လာနေသွားကြဖူးသေးသည် မဟုတ်လော။ ထိုမှတစ်ပါးလည်း ယခုပင် မဲလစဗတ်မြို့တွင် ခင်မင်နှစ်သက်ရာ စာပေအနုပညာရှင် လူကောင်းသူကောင်းတစ်စုလည်း ရှိနေပေသည်။ သူတို့အထဲတွင် မဒမ်အော်လတီရှိုဖာသည်လည်း အပါအဝင်ဖြစ်ပေသည်။

ယခု -သူသည် နှင်းဆီပျိုးခင်းသို့ ရောက်လာပြီ ဖြစ်၏။ သူသည် သူ့ စိတ်ကြိုက်နှင်းဆီမျိုးများကို သူကိုယ်တိုင်ရွေးချယ်ကာ ဝီလဟာမ်ကြီးအကြိုက် ရွေးချယ်သည့်စာရင်းတွင် ဖွတ်ထည့်သွင်းလေသည်။ နောင်အခါတွင် သူ့အပင် တွေ သေကုန်ကြပြီးလျှင် အခြားအပင်တွေ ရှင်သန်ကြီးထွားလာကြမည်ကို သိလျက်ဖြင့်ပင် အတင်းစာရင်းထည့်၍


mgyoe.com

mgyoe.com SAMPLE BOOK

ဝယ်ခိုင်းခဲ့၏။ ပြီးနောက်-အချိန် အနည်းငယ်စောသေးသည်နှင့် သူသည် မဲလစဗတ်မြို့ထဲသို့ဝင်လျက် အခြား ဝယ်စရာရှိသည်တို့ကို ဝယ်ရန် ဆုံးဖြတ်လိုက်၏။

မြို့မှာ လူရှင်းသဖြင့် သာယာနေ၏။ ပါးစပ်ဟောင်းလောင်းဖြင့် ဟိုငေးဒီငေးလျှောက်ကြည့်နေကြသော တစ်မြို့သားများလည်း မရှိကြတော့။ ရေအိုင်နံဘေးလမ်းများမှာလည်း လမ်းလျှောက်သူ မရှိသလောက်ရှင်းနေ၏။ ဤရာသီကို မိုရေး ကြိုက်သည်။ ဘုရားရှိခိုးကျောင်းက ၂ ညွှန့်ပြိုင် စုလစ်မွမ်းချွန်တို့သည် ရှေးကထက်ပို၍ မိုးကောင်းကင်ထဲသို့ စူးဝင်နေဟန်ရှိကာ မီးမောင်းများထိုးထားလေ့ မရှိတော့သော ရှေးခံတပ်ဟောင်းများတစ်ဝိုက်မှာလည်း ဟောင်းအိုမှောင်မှိုင်းသည့် ပကတိအသွင်အတိုင်း ပြန်ဖြစ်နေကြသည်။ မိုရေးသည် ကားကို သော့ပင်မခတ်ခဲ့ဘဲ သူ့အကြိုက် ဆိုဗရာနီစီးကရက်များ ဝယ်ရန် ဆေးလိပ်ဆိုင်ဆီသို့ တစ်လှမ်းချင်း လျှောက်လာခဲ့၏။ ထို့နောက် နာမည်ကျော် မေယာကိတ်မုန့်တိုက်သို့ ကူးခဲ့ပြီးလျှင် အမေရိကန်ပြည်ထောင်စုနိုင်ငံ ကွန်နက်တီကတ်ပြည်နယ် စတန်ဖို့မြို့ရှိ ဟိုးလဘရ၏ကလေးများထံသို့ ချော့ကလက်ထုပ်ကြီးတစ်ထုပ် ဝယ်ပို့လိုက်၏။ ဤမြို့တွင် ဈေးဝယ်ရသည်မှာ ပျော်ဖွယ်ကောင်းသည်။ ဘယ်ဆိုင်ဝင်လိုက်ဝင်လိုက် ဖော်ဖော်ရွေရွေဆက်ဆံသူများနှင့် အပြုံးချည်း တွေ့ရသည်။

သူ၏မသိစိတ်က နှိုးဆော်သဖြင့် သူ၏ခြေလှမ်းများသည် လျူရှနာ ပန်းချီဆိုင်ခန်းဆီသို့ ဦးလှည့်ခဲ့၏။ 'စိတ်အလိုသို့ လိုက်ခဲ့မိပြန်ပြီကော။'-ဟု တွေး မိကာ စိတ်တွင်းမှ သူ့ကိုယ်သူ ရယ်သွမ်းသွေးမိလျက် ခေတ္တမျှ ဆုတ်ဆိုင်း ဆိုင်း လုပ်လိုက်မိသေးသော်လည်း ဗီလား၏ 'ပတ်စတင်'ခေါ် မြေဖြူခဲရောင်စုံ ပန်းချီကားလေးကို သတိရလိုက်မိသည်တွင် သူသည် ဆိုင်ခန်းထဲသို့ ရောက် လာခဲ့လေသည်။

ပုပုဝဝနှင့် သပ်ရပ်ပြုံးရွှင်စွာနေတတ်သော လူပါးလူနပ်လျူရှနာသည် ဘောင်းဘီရှည်အစင်း နံနက်ခင်းဝတ်ကုတ်အင်္ကျီတို့ကို ဝတ်ဆင်လျက်

mgyoe.com SAMPLE BOOK

သူ၏ရုံခန်းတွင် ရှိနေသည်။ သူက မိုရေးအား ရှိသေလေးစားစွာပင် တရင်းတနှီးဖော်ရွေစွာ နှုတ်ဆက်လိုက်ပြီးနောက် ရာသီဥတုအကြောင်း စကားစပ်မိကြသည်။

ရုတ်တရက် လျူရှနာက ပုံဆွဲစက္ကူပေါ်တွင် ဆွဲထားသည့် အရုပ်ကားချပ်များကို ညွှန်ပြရင်း "ဒါတွေလည်းအတော်ကောင်းတယ်ဗျ။ ဈေးလည်းသက်သာတယ်။ ကန်ဒင်စကီဟာ တော်သလောက် မကျော်ရှာတဲ့လူ။"-ဟု ပြော လိုက်၏။

မိုရေးက ကန်ဒင်စကီကို စိတ်မဝင်စား။ သို့သော်-သူသည် ထိုကားများကို ၁၅ မိနစ်ခန့် စေ့စပ်စွာကြည့်နေလိုက်မိ၏။ ထို့နောက်-သူ့ဦးထုပ်ကို ကောက်ယူလိုက်ပြီးတွင်မှ "ဒါနှင့် ကျုပ်တို့ အရင်တစ်ပတ်ကကြည့်ခဲ့တဲ့ ဗီလားရဲ့ကားကလေး ရှိဦးမယ်ထင်ပါ့နော်။"-ဟု အမှတ်တမဲ့ မေးလိုက်သည်။ "ရှိသေးတယ်လို့ ဆိုပါတော့ဗျာ။"-ဟု လျူရှနာနာက ဣန္ဒြေကြီးဖြင့် ပြော၏။ "အမေရိကန်တစ်ယောက်က အဲ့ဒီကားကို သိပ်ကြိုက်နေတယ်။ ဗီလာဒဲလဖီး ယားက အနုပညာပြတိုက်မှုးပေါ့။"-ဟု ဆက်ပြောသည်။

မိုရေးစိတ်ထဲက ထိတ်လန့်သွားသော်လည်း "ဖြီးမနေစမ်းပါနှင့်ဗျာ။"-ဟု လှောင်ပြောင်လိုသည့်သဘောဖြင့် ခေါင်းယမ်းပြလိုက်ရင်း "ခင်ဗျား က မတန်တဆဈေး ဆိုတုန်းပဲလားဗျ။ တကယ်တော့ ဒီကားက ပတ်စတယ် လေးပဲဗျ။"-ဟု ပြောလိုက်၏။

"ပတ်စတယ်က ဗီလားနိုင်တဲ့နည်းကိုးဗျ။ ပြီးတော့ ကျွန်တော်ပြောရင် ယုံပါဗျာ။ ဒီကား ဒီဈေးနှင့်ရတာ တန်ပါတယ်။ ခင်ဗျားနှယ် တစ်နေ့က လန်ဒန်မှာ အလကား စထရော်ဗယ်ရီသီးကလေး ၄-၅-၆ လုံးလောက်ကို စုတ်ချက်ခပ်ကြမ်းကြမ်းကလေး ၃-၄ ချက်နှင့် ဆွဲထားတဲ့ ရီနွားရဲ့ကားတောင်မှ ပေါင် ၂ သောင်းနှင့် အရောင်းအဝယ်ဖြစ်သေးတာ။ ဒီကားကလေးက တကယ့်အဖိုးတန် အင်မတန်ရှားတဲ့ကားကလေး။ ရတနာကလေးပဲ။ အခု ခင်ဗျားဝယ်စုထားတဲ့ ကားတွေထဲမှာ ထိုက်ထိုက်တန်တန် ဝင်မယ့်ဟာမျိုး

mgyoe.com

mgyoe.com SAMPLE BOOK
ဖြစ်နေတာတောင် ကျွန်တော်က ဒေါ်လာ ၁ သောင်း-၉ ထောင်တည်းပဲ တောင်းပါတယ်။ ခင်ဗျားဝယ်လိုက်ရင် အတင်းတော့ မတိုက်တွန်းပါဘူးနော်။ တကယ်က ဒီကားက ရောင်းပြီးသားလို ဖြစ်နေတာပါ။ ခင်ဗျားဝယ်လိုက်ရင် မမှားဘူးဗျ။"

ဆေးရောင်မသဲကွဲသည့်နံရံတွင် ချိတ်ဆွဲထားသော ထိုပတ်စတယ် ပန်းချီကားကလေးကို ပထမအကြိမ် သူတို့ ၂ ယောက် အတူကြည့်ကြသည်။ ပန်းချီကားကလေးမှာ တကယ်ပင် ချစ်စရာကောင်းလှ၍ သူ့အကြိုက် အကြောင်းအရာမျိုး ဖြစ်၏။ ဇာတ်မင်းသမီးကြီး မဒမ်မီလိုနှင့် သူ၏သမီး ကလေးတို့ စကားစမြည်ပြောနေကြပုံ။ သူ၏လည်ပင်း၌ တင်းကျပ်လာ၏။ ဤကားကလေးကို သူ့အိမ်မှာရှိပြီးသား စစ္စလီ၏ပန်းချီကားနှင့် မျက်နှာချင်း ဆိုင်တွင်ချိတ်ရန် သူ အရဝယ်မှ ဖြစ်တော့မည်။ ရောင်းဈေးကား ထိတ်လန့် ရာဖြစ်သော်လည်း သူ တတ်နိုင်ပါသည်။ သူ့မှာ ငွေကြေးပြည့်စုံပါသည်။ ထို့ပြင်လည်း နှစ်ရှည်လများ ဘာမှအနှစ်သာရမရှိသော အလုပ်မျိုးနှင့် အဆင် မပြေသော အိမ်ထောင်ရေးပြဿနာများဖြင့် ကျင်လည် နပန်းလုံးခဲ့ရသော သူ့အဖို့ သူလိုချင်သမျှအားလုံး ရရင် မယူသင့်ပေဘူးလော။

သူသည် ချက်လက်မှတ်ကို ရေးပေးလိုက်ပြီးနောက် ပန်းချီကားကို ချိုင်းတွင်ညှပ်လျက် ကျေနပ်နှစ်သိမ့်စွာဖြင့် ထွက်ခွာလာခဲ့သည်။ 'ဤပန်းချီကားကလေးကို ဖရီဒါဗွန်အော် လတီရှိဖုံသာ မြင်ရလျှင် တအံ့တသြချီးမွမ်းတော့မည်။-ဟု သူ ထင်သည်။

ဖရီဒါကို သူ ၅ နာရီတွင် ဖိတ်ထားသည်။ ထိုအချိန်အတိမှာပင် ဖရီဒါ ရောက်လာ၏။ ဤတစ်ခေါက်တွင် သူစီးနေကျ ဒေါ်ဖင်းကားစုတ် ကလေးနှင့် မဟုတ်။ ခြေကျင်လျှောက်လာသည်။ သူနေသည့် 'ဆီးဗတ်ရဲ တိုက်' ခေါ် တန်းလျားရှည်ကြီးပမာအိမ်အိုကြီးသည် ရေအိုင်၏တစ်ဖက်ကမ်း တွင် ရှိသည်။ ဧည့်ခန်းထဲသို့ ဖရီဒါ ဝင်လာလျှင်ပင် မိုရေးက ဖရီဒါ၏လက် ၂ နှစ်ဖက်စလုံးကို ဆုပ်ကိုင်ကာ "ကူးတို့ဖြင့် ရေအိုင်ကိုဖြတ်၍ သူ့အိမ်

mgyoe.com SAMPLE BOOK

ကုန်းတက်လမ်းမတ်စောက်စောက်ကြီးကို ခြေကျင်တက်လာရကောင်း လော။''-ဟု အပြစ်တင်သည်။ တကယ်ဆို အာထူရိုကို လွှတ်မခေါ်ခိုင်းရပါ လော။

ဖရီဒါက ပြုံးလျက် ''ပါတီကို သွားတော့လည်း ရှင့်ကားနှင့်ပဲ သွားရမှာမို့ ကျွန်မကားကို ယူမလာတာပါ။''-ဟု ပြောသည်။ သူသည် အင်္ဂလိပ်စကားကို ရေရေလည်လည်ပြောတတ်သည်။ အချို့စကားလုံးများကို ခပ်ချွဲချွဲ ခပ်ဝဲဝဲ ဖော့၍ပြောသည်။

''ကဲ- အခု ခင်ဗျား လက်ဖက်ရည်သောက်လိုက်ဦး။ တော်ကြာ ရေသာသာ ဝိုင်ကျဲကျဲကလွဲလို့ ဘာမှရမှာ မဟုတ်ဘူး။''

''ရှင်က တယ် ကြိုမြင်တတ်တာကိုး။''

ဖရီဒါက သူ၏လက်အိတ်များကို ချွတ်ရင်း သိမ့်မွေ့စွာထိုင်လိုက် သည်။ သူ၏လက်ချောင်းများသည် ပျော့ပျောင်းသော်လည်း သန်မာသည်။ လက်သည်းများကို ပြောင်စင်နေအောင် ပွတ်တိုက်ထားသော်လည်း အရောင် တင်မထားချေ။

အာထူရိုက လက်ဖက်ရည်ပွဲပြင်၍၊ ဘီးတပ်စားပွဲဖြင့်တွန်း၍ ယူလာ စဉ်တွင် မိုရေးသည် ဖရီဒါအား စူးစိုက်ကြည့်ရင်း အကဲခတ်နေမိသည်။ ပို့ရှယ်စဉ်ကမူကား မိန်းမလှတစ်ယောက် ဖြစ်ပေမည်။ အရိုးအဆစ် ပြေပြစ် သည်။ ယခု အသက် ၄၅ နှစ်ဝန်းကျင်၌ပင် လေကောင်းလေသန့် မှန်မှန်ရှူခြင်း၊ လေ့ကျင့်ခန်း မှန်မှန်လုပ်ခြင်းတို့ဖြင့် သူ၏ကိုယ်လုံးကိုယ်ပေါက် တောင့်တင်း လှပလျက်ပင် ရှိသည်ဖြစ်ရာ၊ သူသည် မိန်းမချောမိန်းမလှတစ်ယောက်ပင် ဖြစ်သည်။ အထူးခြားဆုံးလက္ခဏာမှာ ညိုဝါရောင်တွင် အစိမ်းနှောသည့် သူ၏မျက်ဝန်းတွင် အနက်ပြောက်ကလေးများရှိခြင်း ဖြစ်၏။ မိုရေးက အရဲစွန့် ၍ ချီးမွမ်းစကားပြောခဲ့ဖူးစဉ် ဖရီဒါက ပြုံးလျက် ''ကြောင်မျက်လုံးတွေပေါ့ ရှင်။ ဒါပေမယ့် ကျွန်မက မကုတ်တတ်ပါဘူး။ ကုတ်ခဲသားပဲ ဆိုပါတော့ ရှင့်။''-ဟု ပြန်ပြောခဲ့လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဖရီဒါသည် လောကစံကို အတော်ကလေးကြုံခဲ့ရဟန်တူသည်။-ဟု မိုရေးသည် ကရုဏာဖြင့် တွေးနေမိသည်။ သို့သော် ဖရီဒါက သူ့အကြောင်းကို မည်သို့သောအခါကမှ ထုတ်ဖော်ပြောမပြ။ သူ့မှာ ငွေကြေး အလွန်ကျပ်တည်းလျက် အဝတ်အစားလည်း များများစားစား မရှိတော့။ သို့သော်-ရှိသမျှကလေးမှာကား ပိုပန်းကျနသောအထည်များ, လက်ချုပ်ဖိနပ်များမှအစ အကောင်းစားကလေးများ ဖြစ်ကြ၍ သူသည် ဟန်ကျပန်ကျ ဝတ်ဆင်တတ်သည်။ သူ့မျက်နှာပေးနှင့် အမူအရာအားလုံးတွင် အထက်တန်းစားလက္ခဏာ ပေါ်လွင်လျက် ရှိ၏။

"ရှင့်လက်ဖက်ရည်ကတော့ အမြဲတမ်းပဲ သိပ်ကောင်းတာပဲရှင်။"

"ရွှမ်းဆီးအိုင်ရေက နည်းနည်း လေးနေတော့ လက်ဖက်ခြောက်ကိုလည်း အဲဒီရေနှင့်လိုက်အောင် ပြုပြင်ပြီး အစပ်ခိုင်းရတယ်။"

"ဘာမဆို ကိုယ့်စိတ်ကြိုက်ဖြစ်အောင် လုပ်နိုင်တာ သိပ်ကောင်းတာပေါ့နော်။"-ဟု ပြောလျက် အပေါ်သို့မော့ကြည့်ရင်းတန်းလန်း၊ တစ်စုံတစ်ခုကိုမြင်၍ "ဩ-ရှင် ဒါကိုဝယ်လိုက်ပြီကိုး။"-ဟု အံ့အားတသင့် ဆိုလိုက်၏။

ဖရီဒါသည် စိတ်လှုပ်ရှားစွာပင် ထိုင်ရာမှထပြီးလျှင် ပန်းချီကားကလေးရှိရာသို့ သွားကြည့်သည်။

"ပန်းချီဆိုင်က ပြခန်းမှာထက် ဒီမှာက ပိုကြည့်ကောင်းလိုက်တာနော်။ ခွေးခြေကလေးပေါ်က ကလေးကလည်း သိပ်ချစ်စရာကောင်းတာပဲနော်။"-ဟု ပြောပြီးလျှင် သူ့ပတ်ပတ်လည်ရှိ ရှေး ၁၈ ရာစုခေတ်က အိမ်ထောင်ပရိဘောဂများ, ဝေါဂန်၏ပန်းချီကား, ဒေးဂါး၏ ကိုယ်လုံးတီးပန်းချီကား, အော်, ထိလို၏ ပျို့ရွှယ်စဉ်ကလက်ရာများကို လှည့်ပတ်ကြည့်လျက်နေ၏။

"ရှင့်အခန်းကလေးကို ကျွန်မ သိပ်ချစ်တာပဲရှင်။ အလှအပတွေကြားထဲမှာ ကိုယ့်ဘာဝကိုယ် မြှုပ်နှံပြီး နေလို့ရတာပေါ့။ ပြီးတော့ ကိုယ့်အစွမ်းအစနှင့် ကိုယ်ရထားတာတွေဆိုတော့ ပိုကောင်းတာပေါ့။"-ဟု လည်းပြောသည်။

mgyoe.com SAMPLE BOOK

မိုရေးက ''ကျွန်တော်နှင့် ဒါတွေနှင့် ထိုက်တန်ပါရဲ့လို့ အောက်မေ့တယ်။ ကာလသားဘဝ ကျွန်တော် စကော့တလန်မှာနေတုန်းက ကျွန်တော်ဟာ အင်မတန့်ကို ဆင်းရဲခဲ့ပါတယ်။''-ဟု ပြောနေရင်းမှ အနည်းငယ် စကားထစ်ငေါ့သွားသည်။

ဆရာဝန်က သူ့အား 'အတိတ်ကအကြောင်းများကို ဘယ်တော့မှ ပြန်မတွေးပါလေနှင့်။'-ဟု မှာထားသည် မဟုတ်လော။

''ဒါပေမယ့် ခင်ဗျားကတော့ စစ်ဖြစ်တဲ့အထိ အတော်၊ အတော်ကလေး ခမ်းခမ်းနားနား နေခဲ့ရတယ် မဟုတ်လား။''-ဟု မိုရေးက ဆက်ပြောလိုက်သည်။

ဖရီဒါက ခပ်ပေါ့ပေါ့ပင် ''ဟုတ်ကဲ့။ ဟိုတုန်းကတော့ ပြည့်စုံခဲ့ပါရဲ့။''-ဟု ပြန်ပြောသည်။

ဤစကားများကို သူ၏ ပြုံးယောင်ယောင်နှုတ်ခမ်းဖျားမှ ထုတ်ပြောလိုက်ပုံမှာ ခံ့ထည်လှသည်။ သူသည် အစဉ်အဆက်ကြွယ်ဝခဲ့သော ဂျူးနွယ်မှူးမတ်ငယ်အဆင့်ရှိသူ အော်လတီရှဖာ၏ ကြင်ရာမုဆိုးမ ဖြစ်သည်။ ယောကျ်ား ဖြစ်သူသည် စစ်ဖြစ်စအခါတွင်ပင် သေနတ်ထိ၍ သေဆုံးသည်။ ဖရီဒါသည် သူ့ယောကျ်ားနှင့် အယူဝါဒချင်း မတူသော်လည်း နောက် ၃ နှစ်ကြာ စစ်အချုပ်စခန်းတွင် နေခဲ့ရလေသည်။ လွတ်လာသောအခါ သူ့မှာ ဆီးဗတ်ရဲတိုက်မှလွဲ၍ ဘာတစ်ခုမျှ မကျန်တော့။

ဖရီဒါသည် ထိုရဲတိုက်မှာပင် သူ့ဘဝကို သူ သတ္တိရှိစွာဖြင့် ပြန်လည်ထူထောင်ခဲ့ရလေသည်။ မိတ်ဆွေသင်္ဂဟများက သူ၏ ကျယ်ဝန်းသောရဲတိုက်ကြီးနှင့် ပေါင်းပင်များထလျက်ရှိသော ဥယျာဉ်သို့ ပျော်ပွဲစားသဘော အခကြေးငွေပေး လာနေလေ့ရှိကြသည်။ ဆီးဗတ်ကို အကြောင်းပြု၍ အလွန်စည်းလုံးသော မိတ်သင်္ဂဟအသိုင်းအဝိုင်းကလေး ဖြစ်ပေါ်လာသည်။

''ဒီရဲတိုက်ကြီးကို ဟိုးရှေးခေတ်ကအိမ်ထောင်ပရိဘောဂတွေ ပြန်ထည့်ထားရရင်၊ ဥယျာဉ်ကြီးကို ပြန်စိုက်ပြီးတော့ နဂိုအတိုင်းဖြစ်အောင် လုပ်ထားရရင် သိပ်ပျော်စရာကောင်းမှာပဲ''-ဟု ဖရီဒါ တစ်ခါက ပြောဖူးသည်။

mgyoe.com

mgyoe.com SAMPLE BOOK
'သူ့ကိုများ စကားဆွယ်နေသလော။'-ဟု မိုရေးက တွေးဖူးသည်။ နောက် 'သူ့ဘာသာ အတွေးခေါင်ခြင်း ဖြစ်ပါလိမ့်မည်။'-ဟု မိုရေးက ဆက်တွေးခဲ့မိသည်။

ရုတ်တရက်ပင် မိုရေးက သူ၏နာရီကို ကြည့်လိုက်သည်။

"ကဲ- အဆင်သင့်ပဲဆိုရင် သွားကြမှထင်တယ်။"

သူတို့သည် ကားကြီးဖြင့် သွားကြသည်။

သူ့တွင်ရှိသမျှအနက်က အကောင်းဆုံး အပြာရောင်ဝတ်စုံဆင်ထားသော အာထူရိုက မောင်းသည်။

ကားနောက်ခုံတွင် ဘေးချင်းယှဉ်၍ထိုင်လျက် အလယ်က ကူရှင်လက်တင်ပေါ်တွင် လက်မောင်းချင်းထိလျက် မိုရေးမှာ စိတ်ကူးယဉ်ရွှင်လန်းလျက် ရှိ၏။ သူ၏အိမ်ထောင်ရေးမှာ အဖတ်ဆယ်မရအောင် ပျက်ပြားခဲ့ရသော်လည်း အလုပ်မှ အနားယူလိုက်ကတည်းက သူ၏စိတ်ရောဂါကုဆရာဝန် ဒေါက်တာဝီလင်းစကီး၏ ခပ်နောက်နောက်စကားအတိုင်း "နောက်တစ်ချီတစ်မောင်း ထပ်စမ်းကြည့်ဖို့ အလေးအနက် စဉ်းစားခဲ့ဖူးသည်။ ယခုအထိမူ သူ၏စိတ်ကူးများသည် ငယ်ငယ်နုနုကလေးများ၌သာ ကျက်စားခဲ့သည်။ ဖရီဒါမှာ မနုပျိုတော့။ သို့သော်-ဖရီဒါသည် သန်မာဖျတ်လတ်သော မိန်းမတစ်ယောက်ဖြစ်၍ သူ့မှာ မထင်မိသော ငယ်မူငယ်သွေးမကုန်သေးသူမျိုး ဖြစ်နိုင်သည်။ အခြားသော လူမှုကိစ္စအဝဝတွင်လည်း သူသည် မယားကောင်းတစ်ယောက် ဖြစ်နိုင်ပါသည်။

မြို့ထဲသို့ ရောက်ကြသော်၊ သူတို့သည် အများပြည်သူ့ပန်းဥယျာဉ်မှ ရေပန်းရေကန်အုတ်ဘောင်ဝိုင်းကို ပတ်မောင်းကာ ပွဲတော်ကျင်းပရာ အနုပညာခန်းမဆောင်ရှေ့တွင် အာထူရိုက ကားကို ထိုးရပ်လိုက်၏။

"ဒီပွဲကို သံတမန်အဖွဲ့ထဲက ကျွန်မမိတ်ဆွေတချို့လည်း ဘန်းကတက်လာကြလိမ့်မယ်ထင်တယ်။ ရှင် သူတို့နှင့်တွေ့ချင်မှာပဲ မဟုတ်လား။"
-ဟု ဖရီဒါက ပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မိုရေးလည်း အတော်ပင် သဘောကျသွားသည်။ သူက ဂုဏ်မက်တတ်သည် မဟုတ်။ တကယ်ပင် ဂုဏ်မမက်တတ်။ သို့သော်လည်း လောကတွင် တွေ့သင့်သိသင့်သူများနှင့် ရောဆုံသိကျွမ်းရမည်ကိုကား သူ နှစ်ခြိုက်ပါသည်။

''ဖရိဒါက တယ်ချစ်စရာကောင်းတာပဲ။''-ဟု ရင်းနှီးစွာ စောင်းငဲ့ကြည့်လိုက်ရင်း ပြောသည်။

ခန်းမရှည်ကြီးမှာ လူများဖြင့်ပြည့်လျက် ဆူဆူညံညံရှိလှသည်။ ဤနယ်ရှိ ထင်ရှားသူအများစုနှင့် ပွဲတော်တွင်ဖျော်ဖြေမည့် ပညာသည်များ ရောက်ရှိနေကြ၏။ သူတို့အား အမျိုးအမည်မထင်ရှားသည့် ခပ်နွေးနွေးသောက်စရာတစ်မျိုး လာပေးသောအခါ ဖရိဒါက မိုရေးအား စပ်ဖြဲဖြဲအကြည့်ဖြင့် စွေကြည့်လိုက်ရာ မျက်လုံးချင်း ဆုံမိကြသည်။

'ရှင်ပြောတာ သိပ်ဟုတ်တာပဲ။ ရှင်တိုက်တဲ့ လက်ဖက်ရည်ကလေးကို သောက်ခဲ့မိပေလို့သာပဲ။ ရှင်နှင့်လာခဲ့ရတာကိုလည်း ဝမ်းသာမိပါ့ရှင်။'-ဟု ပြောချင်သည်မှာ ထင်ရှားပါသည်။ နောက် ဖရိဒါက မိုရေးကို သူ့လက်တံတောင်ဖြင့် အသာအယာဖိတွန်းလျက် လူအုပ်ထဲမှတိုးသွားကာ ဂျာမန်နှင့်ဩစတြီးယားသံအမတ်များနှင့် မိတ်ဆက်ပေးသည်။ သံအမတ်များက ဖရိဒါ အား ချစ်ခင်လေးစားစွာ နှုတ်ဆက်ကြသည်ကို မိုရေး သတိပြုမိ၏။

သူတို့ ထိုနေရာမှ ထွက်ခဲ့ကြသည်တွင် ခပ်လှမ်းလှမ်းဆီမှ ကြေးကြယ်သီးတပ် ဘလေဇာကုတ်အပြာ, သမင်ရောင်ပွယောင်းယောင်း ဘောင်းဘီရှည်နှင့် သားရေဖိနပ်ခပ်ပွန်းပွန်းတို့ဖြင့် တန်ဆာဆင်သော ဗြိတိသျှသားဖြစ်ကြောင်း ဟေးလားဝါးလားနေတတ်သူ ကြည့်ပျော်ရှုပျော် သွားတုတပ်လျက် အရက် ခိုးလျှံသောမျက်လုံးရှိသူတစ်ယောက်က ဝမ်းသာအားရ အော်ဟစ်နှုတ်ဆက်သည်။ မိုရေးက ဝတ်ကျေဝတ်ကုန် ပြန်၍လက်ပြလိုက်သည်။ ဤဒေသမှ သတင်းစာတစ်စောင်တွင် အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ခပ်စပ်စပ်ကလေး အဖျားခတ် တုပ်တတ်သည့် လူမှုရေးဆောင်းပါးခန်းရေးလျက် လန်ဒန်နေ့စဉ်



mgyoe.com

သတင်းစာတစ်စောင်၏ သတင်းထောက်ဖြစ်သူ အာချီစတင့်ချ်ကို သူ မတွေ့လိုပေ။ မိုရေးသည် ခဏခဏ အတုပ်ခံရဖူးသည်။

ကံအားလျော်စွာပင် သူနှင့် ဖရီဒါတို့သည် သူတို့၏မိတ်ဆွေရင်းများဖြစ်ကြသော ထိုဒေသမှ တည်းခိုအိမ်ပိုင်ရှင် မဒမ်လူဒင်နှင့် သူ၏ခင်ပွန်းသည် ချူနှာသည် ကလေးတို့နှင့်အတူ တောင်တက်သမားသီချင်း အဟာစ်ကောင်းသည့် ဒေါက်တာအယ်လပင်စတုခ်တို့စုဝေးရာ ပြတင်းကျယ်ကြီးနားသို့ ရောက်နေကြသည်။ သားမွေးတဘက်ကို ပခုံးပေါ်၌ ကပိုကရိုတင်လျက်ရှိ ကျိုးချို့ရှင်စွာ ပြုံးပြတတ်သည့် 'ဂါလီ' ဟု အများသိသော ရုရှားမင်းသမီး ဂါလီယာတင်ပါ ရှိနေသည်။ ဂါလီသည် နားပင်းနေ၍ စကားပြောခဲသည်။ စားဖို့အရေးဆိုလျှင် နေရာတကာ ရောက်သည်။ သူအမြဲဆောင်းသည့် အက်ကွဲနေပြီဖြစ်သော သားရေလက်ပွေ့အိတ်ဖောင်းဖောင်းကြီးထဲသို့လည်း စားစရာများ ထည့်ယူသွားတတ်သေးသည်။ ထိုဧည့်ပရိသတ် အာရုံစူးစိုက်လျက်ရှိသူမှာ 'လီယိုနိုရာ စပင်ဂလာ' ဆိုသူ အမျိုးသမီး ဖြစ်၍ ထိုနေရာသို့ သူတို့ချဉ်းကပ်လာသည်တွင် ဖရီဒါက "ကဲ–ကျွန်မတို့ လီယိုနိုရာ တောပစ်သွားတဲ့ ဇာတ်လမ်းစုံကို ကြားကြရတော့မယ်။"–ဟု လေသံအုပ်အုပ်ဖြင့် ပြောဆိုလိုက်သည်။

လီယိုနိုရာကား ဆွစ်ဇာလန်ပြည်တွင် အချမ်းသာဆုံး နိုင်ငံခြားဒိန်ခဲကုန်ကူးသူဌေး ဟာမန်စခွက်နှင့် တဖြည်းဖြည်းချင်း နီးစပ်အောင်လုပ်၍ အကြောင်းပါခဲ့သူ၊ ဆံပင်မျက်လုံးညိုရှင် မိန်းမချော၊ သွက်လက်ဖျတ်လတ်သောအမျိုးသမီးငယ် ဖြစ်၏။ သူသည် ရှင်မြူးဖွယ်ရာ ဧည့်ခံပွဲများ မကြာခဏလုပ်လေ့ရှိသော်လည်း မိုရေးကမူ သူ၏ တောင်စဉ်ရေမရ လျှောက်ပြောသွားသည်တို့ကို နားထောင်ခဲလှသည်။ ယခုလည်း သူနှင့် သူ့ခင်ပွန်းတို့ မကြာခင်ကမှပြန်ခဲ့ကြသည့် ခရီးအကြောင်းကို လီယိုနိုရာက ဖွဲ့နွဲ့ပြောပြနေစဉ် မိုရေး၏စိတ်အာရုံသည် တခြားသို့ လွင့်ပါးနေသည်။ သို့စဉ် အချို့သောစကားလုံးများသည် သူ၏နားထဲသို့ တိုးဝင်လာကြသဖြင့် သူ့မှာ ရုတ်တရက် အာရုံ



mgyoe.com

mgyoe.com SAMPLE BOOK

ကြော်များတင်းလာအောင် ဂရုစိုက်၍ နားစွင့်နေမိလေသည်။ လီယိုနီရာက သူ့ခင်ပွန်း တောပစ်ရန်အတွက် စခန်းငှားရမ်းနေခဲ့သော စကော့တလန်ပြည် တောင်ကုန်းဒေသ တောပိုင်းအကြောင်းကို ပြောပြနေသည်။ ပင်လယ်ဝမြစ် ပေါက်ကျယ်ဆီမှ တောင်ပေါ်တက်လမ်းအကြောင်းကို ပြောသည်။ တောင် နံရံမြင့်ကြီးများအကြားမှ ပင်လယ်စပ်ရေအိုင်ကြီးထဲသို့ တဝေါဝေါစီးဝင်သော မြစ်အကြောင်းကို ပြောသည်။ ဘေးပတ်ပတ်လည်တွင် တောင်မြင့်ကြီးများ ပိတ်ဖုံးကာရံထားဟန်ကို ပြောသည်။ မိုရေးသည် တစ်ကိုယ်လုံး တုန်လာသည်။ သူ၏ရင်သည် တဒိတ်ဒိတ်ခုန်လာသည်။ လီယိုနီရာ ပြောပြသွားသည့် အမည် များကို ကြားရသောအခါ သူမှာ တုန်လှုပ်ချောက်ချား ရက်ရွံ့စိတ် မွန်ရသည်။

"ကျွန်မတို့သွားရတာက တကယ်စိတ်ကူးယဉ်ဆန်တဲ့ မီးရထားနှင့် ရှင်။ လမ်းက တစ်လမ်းတည်း။ တစ်နေ့မှ ရထားကလည်း ၃ စင်းပဲ ရှိတယ်။ ဘူတာရုံကလေးကလည်း ချစ်စရာ။"

မိုရေးသည် ဤဘူတာရုံ၏အမည်ကို မကြားဝံ့။ သို့သော်-သူ ကြားဖြစ်အောင် ကြာရ၏။ သည်ဘူတာ၏အမည်ကား မလွဲသာမရှောင်သာ နောက်ဆုံး သူကြားလိုက်ရသော နာမည်တစ်ခု ဖြစ်သည်။ သူသည် နှုတ်မှ တစ်စုံ တစ်ရာရေရွတ်လျက် ခွင့်ပန်ကာ လူရှင်းရာလေသာဆောင်ဘက်သို့ ထွက်ခဲ့ မှ အေးမြသောလေကောင်းလေသန့်ရှုကာ ရှုပ်ထွေးနေသောသူ့စိတ်ကို အသင့် အတင့်ငြိမ်အောင် ထိန်း၍ရသည်။ တစ်ခဏကြာလျှင် ဖရီဒါ သူ့ဘေးသို့ ရောက်လာသည်။

"ရှင် နေလို့မကောင်းဘူး။ ရှင့်မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားတာ ကျွန်မတွေ့လိုက်တယ်။"

"အေးဗျာ။ နည်းနည်းတော့ မူးနောက်နောက်ဖြစ်သွားတယ်။"- ဟု အားထုတ်ပြုံးရင်း ပြောလိုက်သည်။

"ကိုင်း-ဒီလိုဆို ပြန်ကြမယ်။"-ဟု ဖရီဒါက ပြတ်ပြတ်သားသား ဆိုလိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဖရီဒါက သူ့ကို အိမ်အရောက် တောက်လျှောက် လိုက်ပို့ချင်သည်။ သို့ရာတွင် သူက အားနာသည်ထက် တစ်ယောက်တည်း နေလိုလှခြင်းကြောင့် ဆီးဗတ်ရဲတိုက်မှာပင် ဖရီဒါ နေရစ်ခဲ့ဖို့ အတန်တန် ပြောရလေသည်။ ဖရီဒါက စိုးရိမ်တကြီးပင် ''ရှင်နေကောင်းအောင် ဂရုတော့စိုက်နော်။ ကျွန်မ မနက်ကျ တော့ တယ်လီဖုန်းဆက်လိုက်ဦးမယ်။''-ဟု မှာလိုက်သည်။

သူ့အိမ်သို့ ပြန်ရောက်သောအခါ ကျောဆန့်လျက် သူ့ကိုယ်သူ တရားချနေမိသည်။ သူ နှစ်ပေါင်းများစွာ တည်ဆောက်ထူထောင်လာခဲ့သဖြင့် တည်ငြိမ်အသားကျနေသော ဘဝကို အမှတ်မထင် တိုက်တိုက်ဆိုင်ဆိုင် ကြားခဲ့ရသော စကားကလေးတစ်လုံးတလေကြောင့် မပျက်ပြားစေသင့်။ သူ့စိတ်ကို နှောင့်ယှက်နေသောအတွေးကို သူ၏ မသိစိတ်အမှောင်ထုထဲသို့ တစ်ဖန် ပြန်မြှုပ်ထည့်လိုက်ရမည်။ သို့သော် သူ မတတ်နိုင်။

ညနေစာ စားပြီးသောအခါ သူသည် ဝရန်တာဘက်သို့ဖွင့်သည့် ပြတင်းအနီး၌ ရပ်မိ၏။ မုန်တိုင်းကျတော့မည်။ ခါတိုင်းဆိုလျှင် သူသည် ဤအခြေအနေမျိုး၌ ဘာလီယိုဓာတ်ပြားကိုဖွင့်၍ ပကတိ မြူးရွှင်တက်ကြွသော စိတ်ဖြင့် သီချင်းကို နားထောင်ရင်း မုန်တိုင်းထန်စဉ် တပြောင်ပြောင် တလင်းလင်း ပြပွဲခင်းနေကြသော လျှပ်ကြိုးလျှပ်နွယ်တို့ကို ကြည့်နေမိတတ်သည်။ ယခုမူ သူသည် ရိုက်ဇင်ဘတ်တောင်ထွတ်အထက်တွင် တရွေ့ရွေ့ မျောနေကြသော တိမ်စိုင်ကြီးများကို မှုန်တွေငြိမ်သက်စွာသာ ကြည့်နေမိသည်။ လေသည် ငြိမ်လှ၏။ မုန်တိုင်းဆင်ဆဲ။ အလင်းရောင်မှာလည်း သဘာဝမကျ။ နောက် သက်ပြင်းချသကဲ့သို့ လေကလေးတစ်ချက် ဝေ့လိုက်၍ ပြန့်ပြူးသော ကန်ရေပြင်တွင် လှိုင်းရိပ်ကလေး ထသွားသည်။ တဖြည်းဖြည်း ကောင်းကင် တစ်ပြင်လုံး ခဲသားကျအောင် မှောင်လာကာ ရုတ်တရက် ပြာလဲ့လဲ့လျှပ်နွယ် တစ်ခုသည် ၂ ဖြာခွဲ၍ လက်ခနဲ လင်းလာပြီးနောက် ပထမဆုံးအကြိမ် မိုးကြိုးထစ်သည့်အသံကို ကြားလိုက်ရ၏။ ထို့နောက်တွင် ကြာပွတ်ရိုက်လိုက် ဘိသကဲ့သို့ ဝေ့ဝိုက်တိုက်ခတ်လိုက်သော လေတွင် သစ်ပင်များ ယိမ်းနွဲ့ညွတ် ပျောင်းကာ သစ်ရွက်များ တဖွဲဖွဲကြွေကျသွားကြသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ကမ်းဦးကူးတို့ဆိပ်ကလေးတို့ လှိုင်းများပုတ်ခတ်ကာ လျှပ်စီးမပြတ်လက်သည်နှင့်အတူ မမြင်ရသောတောင်ထွတ်များအကြား ပဲ့တင်ထပ်မြည်သော မိုးခြိမ်းသံကို ကြားနေရလေသည်။ သည့်နောက်တွင် ဧရာမမိုးပေါက်ကြီးများက ရှေ့ပြေးအဖြစ် တစ်ပေါက်ချင်း ကျလာကြပြီးလျှင် တဖြည်းဖြည်း သည်းထန်လာကာ တမိုးလုံး စောင်း၍သွန်ချလိုက်သကဲ့သို့ တဖြောင်းဖြောင်း ရွာချလိုက်လေတော့သည်။

မိုရေးသည် အပေါ်ထပ်သို့တက်ကာ ဖိနိုဘာတီတုန် ဆေးပုလင်းကို ရှာသည်။ ဤဆေးပုလင်း အသုံးမလိုတော့ပြီဟုပင် သူ အထင်ရောက်ခဲ့သည်။ သူသည် ဆေးပြား ၄ ပြားကို သောက်လိုက်၏။ အဝတ်အစားများကို ချွတ်လဲပြီးသောအခါ သူ့ကိုယ်သူ အိပ်ရာပေါ်သို့ ပစ်လှဲလိုက်၏။ မိုးသည် ဝရန်တာပေါ်သို့ တဖြောက်ဖြောက်ကျတုန်းပင် ဖြစ်သည်။ သို့ရာတွင် သူ၏နားထဲ၌ ကြားနေရသည်မှာ 'မေရီ၊ မေရီဒေါက်ဂလပ်၊ မေရီဒေါက်ဂလပ်' ဆိုသည့် အမည်သာဖြစ်လျက် ထိုအမည်က သူ့အား နှစ်ပေါင်းများစွာကို ဖြတ်ကျော်ကာ . သူပျို့ရွယ်စဉ်က ဘဝနှင့် ကရိဂ္ဂဒိုရန်တောင်ပေါ်က မီးရထားဘူတာကလေးဆီသို့ ခေါ်ဆောင်၍ သွားခဲ့လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မော်တော်ဆိုင်ကယ်အဟောင်းကလေးသာ မပျက်ခဲ့ပါက သူတို့ တွေ့ဆုံနိုင်စရာအကြောင်း မရှိ။ သို့ရာတွင် ဖုန်ထူသော ဧပြီလတွင်း တစ်ခုသော စနေနေ့ မွန်းလွဲပိုင်းတွင်ကား မိုရေးသည် ဒိုရန်တောင်ပေါ်လမ်း များသို့ တစ်ပတ်လှည့်ရာမှအပြန် မော်တော်ဆိုင်ကယ်ချိန်းကြိုး ပြုတ်ပြီးလျှင် သူ၏ လက်ယာဖက်ဒူးကို ရိုက်ခတ်မိသွားသည်။ မော်တော်ဆိုင်ကယ်သည် ဘီးချော်ကာ ပိုသည်ယိမ်း၍ ဆက်သွားနေရာမှ သူသည် အရှိန်သတ်လိုက်ပြီး နောက် အောက်သို့ဆင်းကာ သူ၏ခြေထောက်ကို လှန်လှောကြည့်သည်။ သူ စိုးရိမ်သလောက် မဆိုးလှ။ ထို့နောက် ဥရင်ကောက်ပင်များ ဖုံးလွှမ်းထား သည့် ပတ်ဝန်းကျင် တောင်စောင်းများကို လှည့်ပတ်ကြည့်လိုက်ရာ တဝေါဝေါ စီးဆင်းနေသော ဒိုရန်မြစ်ကို လည်းကောင်း၊ လွင်တီးခေါင်တွင် ရေးရေးမျှသာ မြင်ရသော သူလာခဲ့သည့်လမ်းနှင့် တစ်ကြောင်းတည်းသော မီးရထားလမ်း ကလေးကို လည်းကောင်း မြင်ရသည်။ ယခုတွင်ပင် သူဖြတ်ကျော်လာခဲ့သော 'ကရိဂ္ဂဒိုရန် ကြားဘူတာ။'-ဟုတွင်သည့် မီးရထားဘူတာငယ်၌ပင်လျှင် လူရိပ်သူရိပ် မမြင်ရတော့။ အနီးဆုံးမြို့ဖြစ်သော အာ့ဒဖီလန်မြို့သည် ၅ မိုင်ထက်မနည်း ဝေးလိမ့်မည်။ ကြားဘူတာကိုပင် သွားကြည့်ရတော့မည်။

mgyoe.com SAMPLE BOOK

သူသည် ခြေထော့နင်းဖြင့် မော်တော်ဆိုင်ကယ်ကိုတွန်းကာ တောင်တက်လမ်းအတိုင်း လာခဲ့သည်။ ဘူတာရုံကလေးမှာ ထုံးဖြူသုတ် ကျောက်တုံးကလေးများဖြင့် အနားသတ်၍ တန်ဆာဆင်ကာ 'အနောက်ဘက် ကုန်းမြင့်ဒေသသို့'-ဟု ဝင့်ကြွားစွာရေးထားသည့် ဆိုင်းဘုတ်ပေါ်တွင် ခွာဝါနွယ်များ ဖွားရရားကျလျက် ဝင်းခြံချုံတန်းမှ တောနှင်းဆီပန်းပွင့်ဖတ် ကလေးတို့သည်လည်း ရထားလမ်းပေါ်သို့ ကြွေကျလျက် ရှိကြ၏။ ဘူတာရုံ တွင် လူရိပ်လူရောင် အလျဉ်းမတွေ့ မမြင်ရ။ ရထားစောင့်သူတို့နားနေသည့် အခန်းကိုလည်း သော့ခတ်ထားပြီ။ မိုရေးလည်း လက်လျှော့၍ ပြန်လှည့် တော့မည်အပြုတွင် 'စားသောက်ခန်း'-ဟု စာတန်းထိုးထားသည့် ပြုပ်ထ နေသော မှန်ပြတင်းနောက်မှ လူရိပ်လိုလို မြင်လိုက်သဖြင့် တံခါးကိုဖွင့်၍ ဝင်ခဲ့၏။

ပြောင်စင်အောင် တိုက်ချွတ်ဆေးကြောထားသည့် ကြမ်းခင်းပျဉ်များ ပေါ်တွင် ကျောက်စားပွဲဝိုင်း ၄ လုံး ခင်းထားသည်။ ကြမ်းပြင်ပေါ်၌ ကြောင် တစ်ကောင်ဝပ်နေသည်။ နံရံများပေါ်တွင် ဆေးရောင်စုံ စက္ကူတလန်တောင် ကုန်းဒေသ ရှုမျှော်ခင်းကားများ ချိတ်ဆွဲထား၍ အခန်းတစ်ဖက်စွန်းတွင် ကောင်တာတစ်ခု ရှိသည်။ ကောင်တာ၏နောက်တွင် ဘရောင်းနှင့် ပိုလဆန် ဂျုံမှုန့်ကြော်ငြာစာရေးထားသည့် ကြည့်မှန်တစ်ချပ် ရှိသည်။ ထိုမှန်ရှေ့တွင် အမျိုးသမီးငယ်တစ်ယောက်သည် မိုရေးအား ကျောပေးလျက် မှန်ကြည့်ရင်း ဦးထုပ်ဆောင်းနေ၏။ မှန်ထဲတွင် ပြိုင်တူမြင်ကြ၍ သူတို့သည် တစ်ယောက်ကို တစ်ယောက် စူးစိုက်ကြည့်နေမိကြသည်။

"ဝင်တန်ကိုသွားမယ့် နောက်ရထားတစ်စင်းက ဘယ်အချိန်လဲဗျ။" -ဟု မှန်ထဲကမိန်းကလေး၏အရိပ်ကို ကြည့်ရင်း မေးလိုက်သည်။ သူ၏ အသံက သူ စိတ်အနှောင့်အယှက်ဖြစ်နေသည်ကို ဖော်ပြလျက်ရှိသည်။

"နောက်ဆုံးရထားက ထွက်သွားပြီရှင့်။ နက်ဖြန် တနင်္ဂနွေနေ့အထိ ကတော့ ဘာရထားမှ မရှိတော့ဘူး။"-ဟု ပြောကာ မိန်းမပျိုက သူ့ဘက် လှည့်၍ မျက်နှာမူလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဘူတာရုံက အလုပ်သမားရော"

"အို-ဒူဂယ်အိမ်ပြန်သွားတာ နာရီဝက်လုံးလုံးတောင် ကျော်ပြီကော ရှင်။"

မိုရေးသည် ရုတ်တရက် မိုက်ခနဲဖြစ်သွားကာ စားပွဲတစ်ခုကို လှမ်း၍ မှီလိုက်ရသည်။ ဤသို့ လှုပ်ရှားလိုက်သည်တွင် သူ၏ဒဏ်ရာဖြင့် ခြေထောက်ကို မြင်လိုက်ရသော မိန်းကလေးက "အို-ရှင် ခိုက်မိလာသကိုး။ ကဲ ကဲ-ထိုင်စမ်း၊ ကြည့်ရအောင်။"-ဟု ဆိုလိုက်သည်။

မိုရေးက ကုလားထိုင်တစ်လုံးတွင် ထိုင်လိုက်ပြီးလျှင် "ကိစ္စမရှိပါဘူးလေ။ မော်တော်ဆိုင်ကယ်က"-ဟု ပြောစဉ် မိန်းကလေးက "ကျွန်မလည်း ဒိုင်းခနဲတော့ ကြားလိုက်တယ် အောက်မေ့မိသား။ အို-အတော်ပြဲသွားပါလား။"-ဟုဆိုကာ ရေနွေးနှင့် အဝတ်စများ ပြေးယူ၍ မဆိုင်းမတွပင် ဒူးတုပ်လျက် ဒဏ်ရာကို ရေနွေးဖြင့် စင်ကြယ်အောင် ဆေးကြောပြီးလျှင် လက်သုတ်ပဝါသန့်သန့်ကို အမွှာမွှာဆုတ်၍ သပ်ရပ်စွာ စည်းပေးလိုက်သည်။ ပြီးနောက် မတ်ရပ်ထလိုက်သည်။

"ကဲ-ပြီးပြီ။ ကျွန်မမှာ အပ်နှင့် အပ်ချည်သာရှိရင်တော့ ရှင့်ဘောင်းဘီ စုတ်သွားတာကို ဖာပေးနိုင်မှာပဲ။ ခုတော့ လက်ဖက်ရည်ပူပူတစ်ခွက်လောက် နှင့်ပဲ ကျေနပ်ပေတော့။"

"ဟာ နေပါစေဗျာ။ အခုလောက်နှင့်ပဲ ခင်ဗျားကျေးဇူးက ကြီးလှပါပြီ။"

သို့ရာတွင် မိန်းမပျိုသည် ကောင်တာပေါ်မှ လက်ဖက်ရည်ကရားဖြင့် အလုပ်များလျက် ရှိနေပြီ။ လက်ဖက်ရည် ပူပူခါးခါးတစ်ခွက်ကို သောက်လိုက် ရလျှင် သူ့မှာ အတော်လန်းဆန်းလာသည်။ မိန်းကလေးက ထိုင်လိုက် သည်တွင် ကြောင်ကလေးသည် မိန်းကလေး၏ပေါင်ပေါ်သို့ ခုန်တက်ဝပ်ကာ မကြာမီ တဂူးဂူးနှင့် ရှိတော့သည်။ မိန်းမပျိုသည် ကြောင်ကလေးကို ညင်သာစွာ ပွတ်သပ်ပေးနေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

"နက်ကျော်နှင့် ကျွန်မတို့ မပြန်ကြသေးလို့ တော်သေးတာပေါ့ရှင်။ နှစ်ဦးပိုင်း ဒီလောက်စောစောကြီးမှာတော့ ဒီကရိဂ္ဂဒိုရန်က လူအတော်နည်းတာကလား။"

"တခြားအချိန်တွေမှာရော အတူတူပဲမဟုတ်လားဗျ။"-ဟု မိုရေးက ပြုံးစစဖြင့် ပြောလိုက်သည်။

မိန်းမပျိုက ဣန္ဒြေရရဖြင့် "ဟင့်အင်း-ဘယ်ဟုတ်မလဲ။ ငါးမျှားတဲ့ရာသီတို့, တောပစ်တဲ့ရာသီတို့ဆိုရင် ကျွန်မတို့ရွာကို ဧည့်သည်တွေ အတော်လာကြတာပေါ့။ ဒါကြောင့် ကျွန်မအဖေက ဒီဆိုင်ကို ဖွင့်ထားတာပေါ့။ ကျွန်မတို့မုန့်ဖိုက အာ့ဒဖီလန်မှာလေ။ ရှင်လိုချင်ရင်တော့ လမ်းကြုံတယ်။ ကျွန်မကို အဖေ လာခေါ်လိမ့်မယ်။ သြော်-ဒါနှင့် ရှင့်မော်တော်ဆိုင်ကယ်ကရော သိပ်များ ပျက်နေသလား။"

"သိပ်ပျက်တာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီကောင်ကို ကျွန်တော် ဒီမှာ ထားခဲ့ရလိမ့်မယ်။ ဒီကနေ ဝင်တန်သွားတဲ့ ရထားပေါ်သာ တင်ပေးလိုက်နိုင်ရင်တော့ သိပ်ကောင်းမှာပဲ။ ဒီမော်တော်ဆိုင်ကယ်က ကျွန်တော့်ဟာ မဟုတ်ဘူးဗျ။ သိလား။ ဆေးရုံကမိတ်ဆွေတစ်ယောက်ရဲ့ဟာ။"

"တနင်္လာနေ့ကျရင်တော့ ဒူဂယ်က ဂါတ်တွဲပေါ် အသာထိုးတင်ပေးလိုက်လို့ ရပါတယ်။ ဒါပေမယ့် ရှင့်မိတ်ဆွေက ဆေးရုံမှာဆိုတော့ မော်တော်ဆိုင်ကယ်စီးဖို့ လိုဦးမှာ မဟုတ်ပါဘူး။"

"လူနာ မဟုတ်ဘူးဗျ။ ကျွန်တော့်လိုပဲ ဆေးကျောင်းသား။"

"သြော်-ဒီလိုကိုး။ စောစောကသာ ကျွန်မသိထားရင် ရှင့်အနာကို ဒီလောက်တောင် ဖိုးဖိုးဖတ်ဖတ် ပတ်တီးစည်းပေးမိမှာ မဟုတ်ဘူး။"-ဟု မိန်းကလေးက ရယ်မောလျက်ပြောသည်။

သူရယ်လိုက်ပုံမှာ ရွှင်မြူးလှသဖြင့် မိုရေးထံသို့ ဓာတ်ကူးသွားသည်။ မိန်းကလေးမှာ နီညိုရောင်ဆံပင်တွင် ရွှေရောင်ကလေးများ လက်နေသည်။ ညိုမှောင်သော မျက်လုံးရှိသည်။ ဤရုပ်ရေလက္ခဏာတို့သာမက သူ၏စာနာ

mgyoe.com SAMPLE BOOK
လိုက်လျောတတ်သော စိတ်သဘောကလေးတို့ကြောင့် သူ့ကိုကြည့်ရသည်မှာ ခင်မင်ဖွယ်ရာဖြစ်သည်။ မိုရေးက 'မိန်းကလေးသည် သူ့ထက် ၄ နှစ်လောက် ငယ်မည်။ ၁၉ နှစ်ခန့် ရှိလိမ့်မည်။'-ဟု ခန့်မှန်းသည်။ မိန်းမပျိုတွင် အချိုးအဆစ် ကျနပြေပြစ်၍ တောင့်တင်းသန်မာသော ကိုယ်လုံးကိုယ်ထည် ကလေး ရှိသည်။

မိန်းကလေး၏ မေတ္တာကရုဏာစိတ်တို့ဖြင့် မိုရေးသည် ရုတ်တရက် စိမ့်ထုံသွားသည်။ မိုရေးအဖို့ ကြုံခဲသောဝေဒနာမျိုး ဖြစ်၏။ သူ့ဒူးကအနာ နာသည်ကို လည်းကောင်း၊ ထို့ထက် သူ၌ တစ်စုံတည်းသာရှိသော ဝတ်စုံ စုတ်ပြဲသွား၍ နှမြောရသည်ကို လည်းကောင်း မေ့လျော့သွားကာ မိန်းကလေး အား ပြုံးပြလိုက်သည်။ သူ၏အပြုံးမှာ ပွင့်လင်းညို့ဓာတ်ပါသော အပြုံးမျိုး ဖြစ်၍ သူ့မှာ ရှားပါးကျပ်တည်းခဲ့သည့်နှစ်များအတွင်းက ဤအပြုံးကိုပင် မကြာခဏ သုံးခဲ့ရသည် မဟုတ်လော။ သူ၏မျက်နှာအသွင်အပြင်မှာ ပြေပြစ် သော်လည်း မျက်နှာအောက်ပိုင်းက စိတ်ပျော့ဟန်ရှိသည်ကို ဤအပြုံးက မဲ့တင်း ပေးထားသည်။ သည်အပြုံးက တစ်ဖက်သားတွင် ရဲဖော်ရဲဖက်စိတ်ကို နိုးကြားစေ၍ သည်အပြုံးသည်ပင် စိတ်ဖြူစင်ရိုးသားဟန်ကို ထင်လင်းစေသည်။

သူက "ခင်ဗျား အခုလို ကြင်ကြင်နာနာပြုစုစောင့်ရှောက်တာကို ကျွန်တော် ဘယ်လောက်ကျေးဇူးတင်တယ်ဆိုတာ ခင်ဗျားလည်း သိမှာပါ။ ကျွန်တော်တို့ မိတ်ဆွေဖြစ်ကြပြီပေါ့နော်။ ကျွန်တော့်နာမည်က ဒေးဗစ်မိုရေး ပါ။"-ဟု ဆိုကာ လက်ကမ်းပေးသည်။

မိန်းကလေးက သူ့လက်ကို မြဲမြံစွာ ဖမ်းဆုပ်လိုက်၍ "ကျွန်မကတော့ မေရီဒေါက်ဂလပ်ပါ။"-ဟုဆိုရင်း သူ့ပါးပေါ်တွင် ပန်းနုရောင်ကလေးများ သမ်းလာသည်။ ထို့နောက် "ရှင့်မော်တော်ဆိုင်ကယ်ကို ဒီအထဲ တွန်းသွင်း ထားခဲ့လေ။ ကျွန်မ နက်ကျော်ကိုခေါ်ပြီး သော့ခတ်လိုက်တော့မယ်။ အဖေ ရောက်လာချိန်ကျပြီ။"-ဟု ဆက်ပြောလိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ ၂ ယောက်သား အပြင်ဘက်ထွက်လာကြ၍ လမ်းပေါ်ကိုမှ မရောက်တတ်သေးမီ တောင်ကုန်းကလေးထိပ်တွင်း မြင်းလှည်းကလေးတစ်စီး ပေါ်လာသည်။ မေရီ၏အဖေမှာ ခပ်ပိန်သေးသေးဖြစ်၍ အသားဖြူဖြူနှင့် ရွှင်ပျသောမျက်နှာရှိသူ ဖြစ်သည်။ သူ၏ လက်များမှာ ဂျုံမှုန့်များ ထာဝစဉ် ကပ်နေသည်။ သူ့နှဖူးပေါ်တွင် ဆံပင်ဖုတ်ကလေးထောင်နေကာ သူ၏မျက်လုံး ညိုကလေးအစုံက ရွှန်းဝင့်တောက်ပလျက်ရှိရာ သူ့ကိုကြည့်ရသည်မှာ ငှက်ကလေးတစ်ကောင်နှင့်ပင် တူနေပေသည်။

သူသည် ကျင့်သားရနေသည့် စုတ်သပ်သံတို့ဖြင့် မြင်းကိုလှည့်ကာ မေရီကပြောပြနေသည့် အဖြစ်အပျက်ကို နားထောင်လျက်က မိုရေးအား အကဲခတ်သလို ကြည့်နေလေသည်။ ပြီးမှ "ကျုပ်အဖို့တော့ အဲသလို စက်ကိရိယာမျိုးတွေ အပိုပဲ။ တောက်တိုမည်ရကိစ္စကလေးတွေအတွက် ယောဒီ မြင်းကလေးဆမ်မီပဲ။ ပေါင်မုန့်ပို့ဖို့ လှည်းအတွက်တော့ ကလိုက်ဒေးမြင်းကြီး တစ်ကောင် တောင့်တောင့်ရှိတယ်။ မောင့်ကို ကျုပ်တို့ အာ့ဒဖီလန်က ညဦး ၈ နာရီထွက်တဲ့ရထားပေါ် တင်ပေးလိုက်ပါမယ်လေ။ အခုတော့ ကျုပ်တို့နှင့် လိုက်ပြီး စားဦးသောက်ဦးပေါ့။"-ဟု ပြောလေသည်။

"ဟာဗျာ-ကျွန်တော် ခင်ဗျားတို့ကို ဆက်ပြီး ဒုက္ခမပေးပါရစေနှင့် တော့။"

မေရီက ကြားဖြတ်၍ "မဟုတ်တာရှင်။ ကျန်တဲ့ ကျွန်မတို့အိမ်သား တွေနှင့်ရော ကျွန်မနှင့်စေ့စပ်ထားတဲ့ ဝေါလတစနှင့်ရော တွေ့ရအောင်တော့ လိုက်ခဲ့ဦးမှပေါ့။ ရှင့်အိမ်သားတွေက စိတ်မပူကြဘူး ဆိုရင်ပေါ့လေ။"-ဟု ပြောလိုက်သည်။

မိုရေးက ခေါင်းယမ်းပြရင်း "ကျွန်တော် တစ်ယောက်တည်းနေပါ တယ်။ ကျွန်တော်ငယ်ငယ်လေးကတည်းက မိဘ ၂ ပါးစလုံး ဆုံးပါတယ်။ ဒါပေမယ့် ကျွန်တော့်ဘာသာ ဖြစ်သလိုပဲ ကောလိပ်ပညာ ဆုံးအောင်သင်ခဲ့ပါ တယ်။ ကံကောင်းထောက်မလို့ ပညာသင်ဆုကလေး ၁ ခု-၂ ခုလည်း ရခဲ့ပါတယ်။"-ဟု ပြောပြလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဤတွင် မေရီ၏အဖေက ချီးမွမ်းသည့်လေသံဖြင့် ''အံ့မယ်တယ်တော်တဲ့လူပါလားကွယ့်။''-ဟု ဆိုလေသည်။

မြင်းလှည်းကလေးဖြင့် စာကျောက်ကျောက် သူတို့ ထွက်လာခဲ့ကြသော အခါ မေရီ၏အဖေက ပိုမိုရင်းနှီးဖော်ရွေလာပြီးလျှင် လမ်း၌ ဖြတ်လာခဲ့သော နေရာများအကြောင်းကို ညွှန်ကာပြကာဖြင့် ပြောလာသည်။ အများအားဖြင့် ကား ၁၃၁၄-ခုနှစ်ဆီက ဖြစ်ပွားခဲ့သော ဘန်နောက်ဘန်းတိုက်ပွဲနှင့် ပတ်သက်သောနေရာတွေ ဖြစ်ကြလေသည်။

''အဖေက စကော့တလန်သမိုင်း သိပ်ဖတ်တာ။ ဘုရုရဲ့အကြောင်းနှင့် ဝေါလေ့ရဲ့အကြောင်းဆိုရင် သူ မပြောနိုင်တာ မရှိသလောက်ပဲ။''-ဟု မေရီက ဖော်ကောင်လုပ်သည်။

သူတို့ အာ့ဒဖီလန်ဆီသို့ ကုန်းအဆင်းတွင် မြင်းကလေးသက်သာစေရန် ဒေါက်ဂလပ်က ဘရိတ်များကိုအုပ်၍ မောင်းခဲ့သည်။ ထို့နောက် သူတို့သည် တိတ်ဆိတ်ငြိမ်သက်သော ချောင်ကျသော လမ်းအသွယ်သွယ်ကြားမှ ဖြတ်ဝင်ခဲ့ကြ၍ ရွှေရောင်မှိန်နေပြီဖြစ်သော ဆိုင်းဘုတ်တပ်ဆိုင်တစ်ခု၏ ရှေ့တွင် ရပ်လိုက်ကြသည်။ ထိုဆိုင်းဘုတ်တွင် 'ဂျိမ်းဒေါက်ဂလပ် ပေါင်မုန့်ဖိုနှင့် မုန့်မျိုးစုံတိုက်'-ဟု ရေးထား၏။ အောက်တစ်ကြောင်းတွင် စာလုံးခပ်ငယ်ငယ်ဖြင့် 'မင်္ဂလာပွဲထိုင်များအတွက် လက်ခံဆောင်ရွက်သည်။'-ဟူ၍လည်းကောင်း၊ နောက်ထပ်တစ်ကြောင်းတွင် ပို၍သေးငယ်သော စာလုံးများဖြင့် '၁၈၈၀ ပြည့်နှစ်တွင် တည်ထောင်သည်။'-ဟူ၍လည်းကောင်း ရေးထားသည်။

ဆိုင်ကလေးမှာ ကြီးပွားထွန်းကားသည့်အသွင် သိပ်မရှိလှ။ မှန်ပြတင်းတွင် အဆင့်ဆင့်မြင့်တက်သော လက်ထပ်ပွဲကိတ်မုန့် ပုံစံတစ်ခုနှင့် ဘေးတစ်ဖက် တစ်ချက်တွင် ဖန်အုပ်ဖြင့်ထည့်ထားသော သကြားဘီစကွတ်မုန့်များကိုသာ ခင်ကျင်းပြသ၍ ထားလေသည်။

မုန့်ဖုတ်သမားကြီးက ''ဝိလီရေ။''-ဟု အော်ဟစ်၍ ခေါ်လိုက်သည် တွင် လည်ပင်းမှ ခြေဖျားအထိ ရှေ့ဖုံးအဝတ်စည်းနှင့် သွက်လက်သောသူငယ်

mgyoe.com SAMPLE BOOK
ကလေးတစ်ယောက် ဆိုင်ထဲမှ ပြေးထွက်လာသဖြင့် ''ဟေ့-သား။ အဖေ့ကို မြင်းကူဖြုတ်ကွာ။ မေရီ-သမီးရဲ့လူနာကို အိမ်ပေါ်ခေါ်သွား။ အဖေ အခုပဲ လာခဲ့မယ်။''-ဟု ဆက်ပြောလိုက်သည်။

သူတို့သည် ဆိုင်၏အထက်ရှိ အိမ်ခန်းသို့ ဆိုင်ပြင်ဘက်က အုတ်လှေကားမှ တက်သွားကြပြီးလျှင် အမွေး တုံးနေပြီဖြစ်သော အနီရောင်သက္ကလတ် ကြမ်းစအုပ်သည့် အိမ်ထောင်ပရိဘောဂများနှင့် အရောင်တူဇာနားတပ် ခန်းဆီးများဖြင့်တန်ဆာဆင်သော ဧည့်ခန်းဆောင်ထဲသို့ ရောက်ကြသည်။ အခန်း၏ အလယ်တွင်ကား ညနေစာအတွက် လက်ဖက်ရည်ပွဲ ပြင်ဆင်ထားသော မဟော်ဂနီစားပွဲ။ မီးရောင်တလက်လက် တောက်လျက်ရှိသော မီးလင်းဖို၏ရှေ့တွင် အမွေးရှည်သိုးရေကော်ဇောတစ်ချပ် ဖြန့်ခင်းထားသည်။ နက်ကျော်သည် မေရီ၏လက်ထဲမှ လွတ်လျှင်လွတ်ချင်း ထိုသိုးမွေးရေပေါ်သို့ တက်၍ ဝပ်လိုက်လေ၏။

မေရီက ''ထိုင်ပြီး ရှင့်ခြေထောက်သက်သာအောင် ထားလိုက်ဦး။ ကျွန်မ အောက်မှာ လုပ်စရာရှိတာကလေးတွေ ပြေးလုပ်လိုက်ဦးမယ်။ ဒီနေ့ ဆိုင်ကို ၆ နာရီပိတ်မယ်။''-ဟု ပြောသွားသည်။

မေရီဆင်းသွားလျှင်၊ မိုရေးလည်း နွေးနွေးထွေးထွေးနှင့် မလင်းတလင်းရှိသော အခန်းကို သတိထားမိရင်း ကုလားထိုင်တစ်လုံးတွင် သက်သောင့်သက်သာ ဝင်ထိုက်လိုက်၏။ 'သူ ကျဉ်းကျဉ်းကျပ်ကျပ် အထပ်ခိုးခန်းကလေးထဲမှာ စာအုပ်တွေနှင့် တကုပ်ကုပ် ကျက်မှတ်မနေဘဲ ဘာကြောင့်များ ဒီနေရာ ရောက်နေရပါလိမ့်။'-ဟု သူ တွေးမိသည်။ ဤ စနေ၊တနင်္ဂနွေတွင် ထိုင်ရာမှ မထတမ်း အပြင်းအထန်ကြိုးစားတော့မည့် စိတ်ကူးဖြင့် မစမီ ဦးနှောက်ရှင်းရန် မော်တော်ဆိုင်ကယ်တစ်ပတ်လှည့်စီးခဲ့ခြင်း ဖြစ်သည်။ နောက်ဆုံးနှစ် စာမေးပွဲကလည်း ၅ ပတ်မျှသာ လိုတော့သည်ဖြစ်ရာ ဤနေရာတွင် အချိန်ဖြုန်းနေရခြင်းမှာ မိုက်မဲရာကျနေသည်။ သို့ရာတွင် ဤလူများကလည်း ဖော်ရွေလှသည်။ စားပွဲပေါ်တွင်ပြင်ထားသည့် စားစရာများကလည်း သရေယိုစရာ။ သူ လူချင်းတူအောင် မစားခဲ့ရသည်မှာ သီတင်းပေါင်းများစွာ ကြာပြီ ဖြစ်၏။

mgyoe.com SAMPLE BOOK

မကြာမီတံခါးပွင့်လာပြီးလျှင်၊ တုတ်တုတ်ခိုင်ခိုင် အမျိုးသမီးကြီးတစ်ယောက်၊ အပြာရင့်ရောင်ဝတ်စုံ ကော်လာထောင်မြင့်မြင့်တို့ဖြင့် ဟန်ရပန်ရဝတ်ဆင်ထားသော အသက် ၂၆-၂၇ ခန့် ရှိမည်ဖြစ်သော ပိန်ပိန်ရှည်ရှည်လူရွယ်တစ်ယောက်တို့နှင့်အတူ မေရီသည် လက်ဖက်ရည်ဗန်းတစ်ခုကို မ၍ဝင်လာလေသည်။

"ကျွန်မတို့ထဲက ရှင်မတွေ့ရသေးတဲ့လူတွေလေ။"-ဟုဆိုကာ မေရီက ရယ်ရင်း "ဟောဒါက အန်တီမိနီ။"-ဟု မိတ်ဆက်ပေးပြီးမှ ရှက်သွေးကလေးဖြာလျက် "ဒါက ကျွန်မနှင့်လက်ထပ်မယ့် မစ္စတာဝေါလတာ စတော့ဒတ်။"-ဟု ပြောလိုက်သည်။

သူပြောနေစဉ်မှာပင် သူ့အဖေနှင့် ဝီလီတို့ ဝင်လာကြသည်။ ထို့နောက် မုန့်ဖုတ်သမားကြီးက ဆုတောင်းပြီးသော် သူတို့အားလုံး စားပွဲ၌ ဝိုင်းထိုင်လိုက်ကြ၏။

စောစောက အန်တီမိနီသည် ဝက်ပေါင်ခြောက်တစ်ပွဲကို သူ့အတွက် တရိုတသေ ဦးစွာချပေးထားခဲ့ပြီး၍ မေရီက လက်ဖက်ရည်ငှဲ့ထည့်ပေးနေစဉ်၊ စတော့ဒတ်က မိုရေးအား စ၍ စကားပြောသည်။ "ခင်ဗျား အတော်ဒုက္ခရောက်ခဲ့ဆို။ ကျွန်တော်လည်း လပ်စလမ်းမှာ ၁၃ နှစ်သားလောက်က အဲသလိုဟာမျိုး ကြုံခဲ့ရဖူးပါတယ်။ အဲဒီခေတ်တုန်းကတော့ ဘိုင်စကယ်ပေါ့ခင်ဗျာ။ ဘီးပေါက်သွားတာပေါ့။ ကံကောင်းချင်တော့ ဘယ်ဘက်တံတောင်မှာ နည်းနည်း ပွန်းရုံပဲ့ရုံလောက်ပါပဲ။ တကယ်က အတော်ဆိုးဆိုးဝါးဝါးကို ဖြစ်နိုင်တာကလား။ မေရီရေ-ဝန်မလေးရင် သကြားတစ်ခဲလောက် ထပ်ထည့်ကွယ်။ ကိုယ်က လက်ဖက်ရည်သောက်ရင် သကြားခဲ ၃ ခဲမှ ကြိုက်တယ်ဆိုတာသိသားနှင့်။"

"ဩော်-ကြည့်စမ်း။ ဟုတ်ပါရဲ့။ မေ့သွားလို့နော်"

စတော့ဒတ်မှာ သူ့ကိုယ်သူရော ဒေါက်ဂလပ်မိသားစုကပါ 'အတော်အရေးပါသူအဖြစ်' သဘောထားခြင်းခံရသူ ဖြစ်သည်မှာ ထင်ရှားသည်။

mgyoe.com SAMPLE BOOK

အန်တီ မီနီက မိုရေးအား 'စတော့ဒတ်သည် မြို့စာရေးကြီး၏ သားဖြစ်၍ ဓာတ်ငွေ့ကုမ္ပဏီတစ်ခုတွင် အလုပ်အကိုင်ကောင်းကောင်း ရထားသူဖြစ်ကြောင်း၊ မေရီ အဖို့ အရတော်ကြောင်း။'- ၂ ကိုယ်ကြား ပြောပြသည်။

သို့ရာတွင် ဝေါလတာ၏ ကိုယ်, နှုတ်အမူအရာသည် လည်းကောင်း၊ ဒေါက်ဂလပ်မိသားစုအပေါ် အထက်လေဖြင့် သူ၏ဆက်ဆံပုံသည် လည်းကောင်း၊ လက်ဖက်ရည်သောက်လိုက်သောအခါ သူ၏ လည်ပင်းပိန်ကလေးမှ စလုတ်သည် ငှက်ကုလားအုတ်စလုတ်လှုပ်ရှားပုံနှင့် တူသွားပုံသည်လည်းကောင်း-မိုရေးအဖို့ ရယ်ချင်စရာဖြစ်နေတော့သည်။ ဤသို့လျှင် အူမြူး၍ လာသဖြင့် မိုရေးလည်း စတော့ဒတ်၏ ဘဝင်မြင့်တတ်ပုံကို ခုတုံးပြု၍ စတော့ဒတ်အား ရေလိုက်ငါးလိုက် ခပ်ပင့်ပင့်လေး ပြောဆိုဆက်ဆံရင်း မိုရေးသည် သူ့ဘာသာ ကျိတ်၍ သဘောကျနေသည်။ သူ့ကိုယ်သူလည်း တန်းတူရည်တူနေရာတွင် ရှိသူဖြစ်ကြောင်း ပေါ်လွင်စေအောင် ဆေးရုံ၌ သူလုပ်ရသော အလုပ်များမှ စိတ်ဝင်စားစရာကောင်းသည့်အပိုင်းများကို အာစရှင်ရှင်ဖြင့် ပြောပြလေသည်။ ပြောရကျိုးလည်းနပ်ပါသည်။ ဝေါလတာသည် တဖြည်းဖြည်း သူ့ကို အထင်ကြီးသည့်အမူအရာများ ပြလာသည်။ စားသောက်၍ ပြီးကြချိန်တွင် ဝေါလတာသည် သူ၏ ရွှေနာရီကိုထုတ်ကာ 'ဖျောက်'ခနဲ ဖွင့်ကြည့်လိုက်ပြီးလျှင် မိုရေးအား သွားများပေါ်အောင် ခင်မင်ရင်းနှီးစွာ ပြုံးပြလိုက်သည်။

''ကျွန်တော်က သွားစရာကလေးရှိနေလို့ စကားဝိုင်းက မြန်မြန်ခွာရမှာ နာသဗျာ။ မေရီ့ကို ကပွဲတစ်ခု လိုက်ပို့ရဦးမယ်။ ဒါပေမယ့်-ကျွန်တော် တစ်ခု ပြောမယ်ဗျာ။ ခင်ဗျားအဖို့ လက်မှတ်မပါဘဲနှင့် မော်တော်ဆိုင်ကယ်ကို ဂါတ်တွဲထဲ ထည့်ယူသွားဖို့ကတော့ အတော်နည်းလမ်းမကျတဲ့ အလုပ်ဗျ။ 'နားလည်မှုနှင့် လုပ်ရတယ်။''-ဆိုတာမျိုးပေါ့ဗျာ။ ဟဲ-ဟဲ-အဲဒီတော့ ကျွန်တော် ပြောချင်တယ်။'-ဟုဆိုကာ စားပွဲတစ်ဝိုက် လှည့်ပတ်ပြုံးကြည့်လိုက်ရင်း ''ကျုပ်တို့မိတ်ဆွေကြီး မိုရေးက မော်တော်ဆိုင်ကယ်က ပျက်သွားတဲ့ အပို

mgyoe.com

mgyoe.com SAMPLE BOOK
ပစ္စည်းကို ဝင်တန်မှာ ရှာဝယ်ခဲ့။ နောက်စနေကျ ဒီကို တစ်ခေါက်လာ။ မော်တော်ဆိုင်ကယ်ကိုပြင်ပြီး စီးပေါ့။ ဒါမှ ကျုပ်တို့လည်း သူ့ကို နောက်တစ်ခေါက် ထပ်တွေ့ကြရမှာပေါ့။''-ဟု ပြောလိုက်၏။

မေရီက မျက်နှာရွှင်ပျလာကာ ''ကောင်းလိုက်တဲ့စိတ်ကူးရှင်။ ကျွန်မတို့ ဒါကို စောစောက ဘာဖြစ်လို့ မတွေးမိကြလဲ။''-ဟု ဆိုသည်။

ဝေါလတာက '' 'ကျွန်မတို့'တဲ့လား မေရီရယ်။ ကျုပ်အထင်တော့ ကျုပ်ကသာ။''-ဟု ပြောလိုက်သည်။

ဤတွင် မုန့်ဖုတ်သမားကြီးက ''အေးကွယ်-ဝေါလတာရယ်၊ မင်းက တယ်တော်တဲ့ လူကိုးကွယ့်။ မင်းသာမရှိရင် တို့မှာ ဘာလုပ်ရမှန်းတောင် သိတော့မှာ မဟုတ်ဘူး။''-ဟု မျက်လုံးတွင် လှောင်ရိပ်သမ်းလျက် ဝင်ပြောလိုက်ပြီးလျှင် မိုရေးကိုပါ ''လာဖြစ်အောင်လာခဲ့ လူကလေးရေ့။ တို့ မင်းကို မျှော်နေမယ်။''-ဟု ဆိုလိုက်လေသည်။

ဝေါလတာနှင့် မေရီတို့ ထွက်သွားကြလျှင် မေရီက မိုရေးအား သမင်လည်ပြန် ကြည့်ပြုံးလျက် ''စနေနေ့ကျ တွေ့ကြရဦးမှာပဲနော်။ အထူး နှုတ်မဆက်တော့ဘူး။''-ဟု ပြောသွားလေသည်။

မိုရေး ဘူတာရုံသို့သွားသောအခါ သူစကားပြောသည်ကို တစ်လျှောက်လုံး မျက်လုံးအဝိုင်းသားဖြင့် နားထောင်နေခဲ့သော ဝီလီက 'သူပါလိုက်ခဲ့မည်။'-ဟု ဆိုကာ ဘူတာအထိ အတင်းလိုက်ပို့လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ၃

မိုရေး၏ အခန်းကျဉ်းကလေးသည် သင်္ဘောကျင်းအနီးရှိ အခန်းငှားအိမ် အထက်ဆုံးအထပ်က တစ်ခန်း ဖြစ်လေသည်။ အဝတ်အစားစုတ်စုတ်ပြတ်ပြတ်နှင့် ကလေးသူငယ်တို့သည် မြေဖြူမှတ်များ စွန်းထင်းကျိုးပဲ့နေသော သမံတလင်းပေါ်တွင် ပြေးလွှားကစားနေကြသည်။ တဘက်ခြုံလျက် ဦးထုပ်ဆောင်းထားကြသော အမျိုးသမီးတို့သည် ရပ်လျက် အတင်းအဖျင်းပြောနေကြသည်။ လမ်းတိုင်းတွင် ဘီယာဆိုင်နှင့် ကမ်းနားမြို့ကြားမှ လက်ယပ်ခေါ်နေသော အပေါင်ဆိုင်အထိမ်းအမှတ် ကြေးလုံးကြီး ၃ လုံးတို့ကား ရှိကြသည်ချည်းပင်။ သို့သော်-ထိုရပ်ကွက်သည် တက္ကသိုလ်နှင့်လည်းကောင်း, ဆေးရုံနှင့် လည်းကောင်း ခြေကျင်ခရီး နီးနီးနေရာတွင် ရှိသည်။ ထို့ထက်-ထိုနေရာသည် ဈေးပေါသည်။

ဒေါက်ဂလပ်မိသားစုအား မိုရေးပြောပြခဲ့သည့် သူ့အကြောင်းမှာ တစ်ဝက်တပျက်သာ မှန်သည်။ သူ့အသက် ၁၂ နှစ်သားအထိမှာမူ အလိုလိုက်တတ်သော လူလတ်တန်းစားမိဘ ၂ ပါး၏ တစ်ဦးတည်းသောသားအဖြစ် ချမ်းချမ်းသာသာ နေခဲ့ရသည်။ ထို့နောက်-အာမခံကိုယ်စားလှယ်ဖြစ်သူ သူ့အဖေသည် အူရောင်ငန်းဖျားရောဂါဖြင့် သေဆုံးသွားသည်။ မကြာမီပင် သူ့အမေလည်း ထိုရောဂါဖြင့်ပင် သေဆုံးသည်။ တစ်လအတွင်းမှာပင် ဒေးဗစ်မိုရေးမှာ မိဘမဲ့ကလေးဖြစ်ကာ၊ မကောင်းတတ်၍ ငြူငြူစူစူ လက်ခံကျွေးမွေးရသော


mgyoe.com

mgyoe.com SAMPLE BOOK

ဆွေနီးမျိုးစပ်တစ်ဦးထံသို့ ရောက်ခဲ့ရ၏။ ဤသို့လျှင် ၄ နှစ်ကြာ သူတစ်ပါးအား မှီခိုလျက် ဖြစ်ကတတ်ဆန်း ရင်နာစရာဘဝတွင် ကျင်လည်ခဲ့ရပြီးနောက်၊ ၁၆ နှစ်သားအရွယ်သို့ရောက်သော် သူ့အဖေက အမြော်အမြင်ကြီးစွာ ထားခဲ့သော သူ့အတွက် ပညာသင်ကြားရေး အာမခံသက်တမ်းစေ့၍ အာမခံငွေကို ထုတ်ယူရရှိခဲ့သည်။ ထိုငွေသည် သူ့အတွက် ကျောင်းလခများပေးရန်နှင့် မသေရုံ စားနေရန်မျှသာ လုံလောက်သည်။ သို့ရာတွင် မိုရေး၏ ထူးခြားသော ဉာဏ်ရည်နှင့် အလားအလာကို သိမြင်၍ သူ့အားကြင်နာသော ကျောင်းဆရာ တစ်ယောက်က ကူညီဖေးမပေးသဖြင့် သူသည် ဝင်တန်တက္ကသိုလ်တွင် ဆေးပညာသင်ခွင့် ရခဲ့သည်။

ဤပညာသင်ကြားရေး အာမခံငွေ၏ ကျေးဇူးအကြောင်းကို တစ်ခါတစ်ရံ မိုရေးက သူ့အကြောင်းပြောပြရာမှာ မေ့ချန်ထားလိုက်သည်။ ဘဝတွင် ထိပ်ဆုံးသို့ရောက်လုသော သူ၏ သူမတူသော ဇွဲသတ္တိကြောင့်သာ ‘မကြာခဏ သူ့တွင် အကျဉ်းအကျပ်တွေ့ကြုံရ၊ အောက်ကျနောက်ကျနိုင်ခဲ့ရ သော’ အခါတိုင်း သည်းခံကျော်လွှားနိုင်ခဲ့ရပုံကို တစ်ပါးသူတို့အား အရိပ်အမြွက် ပြောပြရခြင်းက သူ့အတွက် အဆင်ပြေ အကျိုးရှိလေသည်။ သူသည် ရလာသမျှ အခါကောင်း အခွင့်ကောင်းတို့ကို အပြည့်အဝ အသုံးချတတ်သည် ဖြစ်၍ သူနှင့် ကျောင်းနေဖက်သူငယ်ချင်းများ၏ အိမ်သို့လိုက်၍ စားရ သောက်ရ၊ ကပွဲလက်မှတ်၊ ရုပ်ရှင်လက်မှတ်တို့သာမက အားရက်နားရက်တွင် အပျော်ခရီးထွက်ရန်အတွက် လက်မှတ်များအထိ အလကားရတတ်သည် ဖြစ်လေရာ သူ၏ဘဝမှာ ပျော်ဖွယ်ရာကလေးများလည်း ရှိခဲ့ကြသည်။

ကြည်လင်သော မျက်လုံးများနှင့် ခင်မင်ချင်စရာ မရွံ့မရဲအမူအရာတို့ ရှိသောသူ့ကို မည်သူ မနှစ်သက်ဘဲ နေချိမ့်မည်နည်း။ သူက အလွန်သဘော ဖြူစွ။ အမှန်ပင်လည်း သူသည် သူပြောသမျှစကားတို့ကို သူကိုယ်တိုင် ပြန်ယုံကြည်နေလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သို့ရာတွင် မကြာမီလများအတွင်းက သူ့မှာ ပျော်ဖြေမှု နည်းပါးခဲ့သည်။ ဒေါက်ဂလပ်မိသားစုနှင့် တွေ့ခဲ့ရပြီးသည့်နောက် သီတင်းပတ်အတွင်း၌ကား နေ့လယ်ဘက် ဆေးရုံအလုပ်လုပ်၊ ညဥ့်ဘက် စာကျက်နှင့် အချိန်ကုန်ရင်း သူ့မှာ စနေနေ့ကိုသာ တမျှော်တည်း မျှော်နေခဲ့မိလေသည်။ စနေနေ့သို့ရောက်လျှင် ၁ နာရီထိုးရထားဖြင့် လိုက်လာခဲ့ပြီးနောက် ၂ နာရီခွဲ သာသာတိမ်များအကြားမှ နေလုံးကြီးခွဲထွက်လာစဉ်တွင် ကရိဂ္ဂဒိုရန် ကြားဘူတာကလေးသို့ ရထားဆိုက်ခဲ့လေသည်။

ဤတစ်ခေါက်တွင် ခွာဝါနွယ်ပင်များ, တောနှင်းဆီပန်းများ စာဝေဝေဖြင့် ဘူတာရုံကလေးမှာ တွေ့နေကျ မြင်နေကျလို ဖြစ်နေသည်။ ကျောပေါ်တွင် အထုပ်အပိုင်းများနှင့် လူရွယ် ၂ ယောက်သည် သူ့ရှေ့က ရထားပေါ်မှ ဆင်းသွားကြပြီးနောက် စားသောက်ခန်းထဲသို့ ဝင်သွားကြ၏။ ပြတင်းမှ ချောင်းကြည့်လိုက်သည်တွင် မေရီက သူတို့အတွက် အသားညှပ်ပေါင်မုန့်များ ထုပ်ပေးနေသည်ကို မြင်ရသည်။ ထို့နောက်တွင် မေရီသည် တံခါးဝသို့လာပြီးလျှင် ဘူတာစင်္ကြံတစ်လျှောက်သို့ မျှော်ကြည့်လိုက်သည်။ မိုရေးကိုမြင်လျှင် ပြုံးရွှင်စွာဖြင့် "ဩော်-ရှင်လာပြီကိုး။ ဒူးကအနာ သက်သာပြီလား။"- ဟု နှုတ်ဆက်ကာ ဆိုင်အတွင်းသို့ ဖိတ်ခေါ်လိုက်သည်။

"ရှင် နေ့လယ်စာ စားရသေးမှာ မဟုတ်ပါဘူး။ ကျွန်မ အသားညှပ်ပေါင်မုန့်နှင့် နွားနို့ယူပေးမယ်။"

"နေပါစေ။ ကျွန်တော် လီဗင်းဖို့မှာ မတ်တတ်ဆိုင်က မုန့်ဝယ်စားလာခဲ့ပါတယ်။"

မေရီက အံ့သြဟန်ဖြင့် မျက်ခုံးချီ၍ "အလိုလေးရှင် ထူးဆန်းလှချည့်လား။ လီဗင်းဖို့မှာ ဘယ်တုန်းကမှ မတ်တတ်ဆိုင် မရှိခဲ့တာကြီးကို။"- ဟု ဆိုလိုက်သည်။ ထို့နောက် ကောင်တာပေါ်ရှိ ဖန်အုပ်ဆောင်းထဲမှ အသားညှပ်ပေါင်မုန့်တစ်ပန်းကန် ယူလိုက်ကာ နွားနို့တစ်ဖန်ခွက်ကို အမြှုပ်ထအောင် ငှဲ့ထည့်ပေးလိုက်သည်။


mgyoe.com

mgyoe SAMPLE BOOK

"ဒီစနေ၊ တနင်္ဂနွေတော့ နောက်ထပ်လူလာစရာ သိပ်မရှိတော့ဘူးရှင့်။ ဒီစားကောင်းသောက်ဖွယ်တွေ အလကား အဖြစ်မခံနိုင်ပေါင်။ ရှင်မဆာတောင် ကျွန်မကို အားနာလို့ဖြစ်ဖြစ် စားလိုက်ပါဦး။"-ဟု ဆိုကာ၊ ရင်ထဲတွင် တလိပ်လိပ်တက်လာသော ရွှင်မြူးသည့်စိတ်ကို အနိုင်နိုင်ထိန်းရင်း မိုရေးနှင့် မျက်နှာချင်းဆိုင်တွင် ဝင်၍ထိုင်လိုက်သည်။

ထို့နောက် "ရှင့်ကို ပြောစရာတွေ ရှိတယ်။"-ဟု ဆိုကာ၊ "ဝေါလတာကတော့ ရှင့်ကို သိပ်ကို သဘောကျသွားပြီရှင့်။ သိရဲ့လား။ ရှင်ပြန်သွားကတည်းက ရှင့်အကြောင်းချည်း တသသ ပြောနေတော့တာပဲ။"-ဟု ပြောပြရင်း မရယ်မိအောင် အတော်စိတ်ထိန်းချုပ်ထားရဟန် တူလေသည်။

"ဒီနေ့ညဦ ရှင့်ကို သူ မတွေ့နိုင်တာကိုပဲ အတော် မကျေမချမ်းဖြစ်နေတယ်။ သူက အစည်းအဝေး တက်စရာ ရှိနေတာကိုး။ ဒါပေမယ့်-မနက်ဖြန်တော့ ထွက်လည်ကြဖို့ စီစဉ်ထားတယ်လေ။ ဒီကနေ ကမ်းခြေ ရေလက်ကြားတွေကိုပတ်ပြီး သင်္ဘောစီးသွားကြမယ်။ 'ဂယ်ယာဆေး'မှာ နေ့လယ်စာစားကြပြီးမှ လှည့်ပြန်မယ်။ အဖေကတော့ ရှင် ဒီညဦ ကျွန်မတို့ အိမ်လိုက်ခဲ့ပြီး ဝီလီနှင့် အတူအိပ်ဖို့'လို့ ပြောနေတယ်။"

ဤမျှ ပွင့်ပွင့်လင်းလင်းခင်မင်တတ်သူများကို သူ တစ်ခါမှ မတွေ့ရဖူးချေ။ နောက်နေ့တွင် သူ့မှာ အပြင်လူနာများ ချိန်းထားခြင်းမရှိ၍ တစ်ရက်တလေမျှ နေ၍ ဖြစ်ပါသည်။ သို့အတွေးဖြင့် သူက "အေးဗျာ လိုက်တာပေါ့။ ကဲ-အခု ကျွန်တော် ဆိုင်ကယ်ကို ပြင်လိုက်ဦးမယ်။"-ဟု ဆိုလိုက်လေသည်။

"ပစ္စည်းတွေထားတဲ့ အခန်းထဲမှာရှင့်။"

ထို့နောက် ၁ နာရီခန့်မှာ မိုရေးသည် သူယူလာခဲ့သော ချိန်းကြိုးအသစ်ကို တပ်ဆင်ရင်း အချိန်ကုန်လေ၏။ မေရီက အနားတွင် အဖော်ရအောင် စောင့်ကြည့်နေသည်။ ချိန်းကြိုးတပ်ပြီးသောအခါ မိုရေးသည် မော်တော်ဆိုင်ကယ်ကို အပြင်သို့ တွန်းလှိမ့်၍ ထုတ်ခဲ့သည်။



mgyoe.com

mgyoe.com SAMPLE BOOK

"တစ်ပတ်လောက် လိုက်စီးကြည့်မလား။"-ဟု မိုရေးက မေးသည်တွင် မေရီက သူ့အား စိတ်ဒွိဟဖြင့် ကြည့်၏။ သူက "စိတ်ချရပါတယ်။ နောက်က ထိုင်ခုံပေါ်ထိုင်ပြီး မြဲမြဲကိုင်စီးလိုက်ခဲ့ရုံပါ။"-ဟု အာမခံသည်။

"ကျွန်မက ၄ နာရီခွဲရထားကို စောင့်ရဦးမှာရှင့်။ အိမ်အပြန်ကျမှ ဖြစ်ဖြစ် ရှင်နှင့် လိုက်ပြန်တာပေါ့။ ကျွန်မ အဖေ့ကို တယ်လီဖုန်းဆက်ပြောမယ်။ သူလာအကြိုရ သက်သာတာပေါ့။"

မိုရေး၏စိတ်တို့သည် ထူးထူးခြားခြား ပေါ့ပါး၍နေလေသည်။ သူသည် မော်တော်ဆိုင်ကယ်ကိုစမ်းရန် တောင်ပေါ်လမ်းများဆီသို့ အမြန်ပတ်စီးခဲ့သည်။

သူ ဘူတာသို့ ပြန်ရောက်လာသောအခါ မေရီလည်း အိမ်ပြန်ရန် အဆင်သင့်ဖြစ်နေ၏။ ယနေ့တွင် ဘူတာ၌ နက်ကျော် နေရစ်ရမည်ဖြစ်ရာ သူ့အတွက် နွားနို့တစ်ပန်းကန်ကို မေရီက ထည့်ပေးထားခဲ့သည်။

မေရီလည်း "ကျွန်မက ဒီမှာ ထိုင်ရမှာပေါ့။ ဟုတ်လား။"-ဟု ဆိုကာ နောက်ထိုင်ခုံတွင် တင်ပါးလွှဲ ဝင်၍ထိုင်သည်။

"အဲသလိုထိုင်လို့ မရဘူးလေ။ လိမ့်ကျမှာပေါ့။ ကားရားခွပြီးထိုင်မှပေါ့"

မေရီက ခဏမျှ ဆုတ်ဆိုင်းဆိုင်းဖြစ်နေပြီးမှ သိမ်မွေ့စွာပင်ဖြစ်သော်လည်း မကျင်မလည်ပင် ခြေတစ်ဖက်ကို ယမ်း၍ကျော်ခွကာ မျက်နှာတွင် ရှက်သွေးများဖြန်းလျက် "ကျွန်မက ဒါမျိုး မစီးတတ်သေးဘူးရှင့်။"-ဟု ဆိုသည်။

မိုရေးက "ဟာ-ခင်ဗျားက အဟုတ်ကြီးပဲ။"-ဟု ဆိုကာ ဖင်ထိုင်ခုံပေါ်သို့ တက်ထိုင်ပြီးလျှင် စက်နှိုး၍ ထွက်ခဲ့သည်။ ပထမတွင် ခပ်ဖြည်းဖြည်းသာ နှင်ပြီး၊ နောက်-မေရီ အတော်လေး စိတ်ရဲလာပြီ ထင်ရသောအခါ အရှိန်ကို မြှင့်လိုက်သည်။ သူတို့၏နားများကို လေတဟူးဟူးတိုးလျက် ယောက်သား ချုံငယ်များသာရှိသော လွင်တီးခေါင်ကုန်းများကို ဖြတ်ကျော်

mgyoe.com SAMPLE BOOK
ခဲ့ကြ၏။ မေရီ၏ လက်မောင်းများက မိုရေး၏ခါးကို မြဲမြံစွာဖက်ထားလျက် မျက်နှာကို ဘေးစောင်းလှည့်ကာ မိုရေး၏ပခုံးကို မှီထားသည်။

မိုရေးက "ဘယ့်နှယ်လဲ။ ဟာန်ကျရဲ့လား။"-ဟု အော်၍မေးသည်။

မေရီက "သိပ်နိပ်တာပဲ။ ကျွန်မတစ်သက်မှာ ဒါလောက်မြန်မြန် တစ်ခါမှ မစီးဖူးသေးဘူး။"-ဟု ပြန်၍ အော်ပြောလိုက်သည်။

မော်တော်ဆိုင်ကယ်သည် အနည်းဆုံး ၁ နာရီလျှင် မိုင် ၃၀ နှုန်းလောက် ပြေးလျက်ရှိ၏။

အာ့ဒဗီလန်သို့ရောက်၍ ဆိုင်ရှေ့တွင် ရပ်လိုက်ကြသောအခါတွင် မေရီ၏ပါးပြင်တို့မှာ အရောင်တောက်လျက်ရှိကာ သူ၏ဆံပင်တို့မှာလည်း လေဖေ့ထားသဖြင့် ဖွားရရားကြဲကာ ပြောင်လက်နေကြပေသည်။ မေရီက မိုရေးအား စေ့စေ့ကြည့်လျက် ရယ်မောရင်း၊ ရုတ်တရက် အရှိန်မပြေနိုင်သေးဘဲ မသိမသာ ယိမ်းလျက်ရှိရာမှ "စီးလို့ ကောင်းလိုက်တာရှင်။ ကဲလာ။ အပေါ် တက်ကြစို့။ ကျွန်မလည်း အဝတ်လဲ၊ ခေါင်းဖီးလိုက်ဦးမယ်။"-ဟု ပြောလိုက်၏။

မုန့်ဖုတ်သမားကြီးက သူ့အား ဆီးကြိုနှုတ်ဆက်ပုံမှာ ဖော်ရွေစွာပင် ဖြစ်သည်။ ဝိလီက အားပါးတရ နှုတ်ဆက်သည်။ အဒေါ်ကမူ မသင်္ကာချင် သယောင်မျက်လုံးများဖြင့် ခပ်စိမ်းစိမ်းရှိသော်လည်း၊ နောက်တွင်-မိုရေးက အဒေါ်ကြီးမှာဖြစ်သည့် အသက်ရှူ၍မဝသည့် ရောဂါအကြောင်း ဂရုတစိုက် နားထောင်ကာ ဆေးညွှန်းပေးသောအခါတွင်မူကား အနည်းငယ် စိတ်ညွတ် ပျောင်းလာသည်။

ထိုနေ့ညနေက တိတ်တိတ်ဆိတ်ဆိတ်ပင် အချိန်ကုန်သွားသည်။ မိုရေး သည် မုန့်ဖုတ်သမားကြီးနှင့် ကျားထိုးကစားရာ ၃ ပွဲဆက်တိုက် ရှုံးသည်။ မေရီသည် မီးဖိုနားက ခွေးခြေတစ်ခုပေါ်တွင်ထိုင်ကာ သူ့မင်္ဂလာ ဆောင်တွင် ဝတ်ဆင်ရန် သတို့သမီးဝတ်စုံကို ပန်းထိုးချုပ်လုပ်လျက် ရှိသည်။ လွန်ခဲ့သည့် နာရီအနည်းငယ်ကမှ မိုရေးနှင့်အတူ အူမြူးစွာ မော်တော်ဆိုင်ကယ်


mgyoe.com

mgyoe.com SAMPLE BOOK
စီးခဲ့သည့် မိန်းကလေးနှင့် လုံး၀ မတူတော့ဘဲ မေရီသည် အလွန်တည်ငြိမ်သော လေ့ကန့်ဖြင့် နာရီကို မကြာမကြာမော့ကြည့်ကာ “အခုလောက်ဆို ဝေါ်လတာ တစ်ယောက်တော့ အစည်းအဝေးမှာ ရောက်နေလောက်ပြီ။” ဟူ၍လည်းကောင်း၊ “သူ့ မိန့်ခွန်းပြောခွင့်တော့ ရမှာပါပဲ။ သူ့မိန်းခွန်းကို သူ အသေအချာကို ရေးသွားတာ။”–ဟူ၍လည်းကောင်း၊ “အခုလောက်ဆို ပြန်ဖို့ ဘူတာကို သွားနေပြီနှင့် တူတယ်။ သူ့မှာ အအေးကာဖိနပ်ကို ထပ်စွပ်စီးခဲ့ဖို့ သတိရ ကောင်းပါရဲ့။ သူက ခြေအေး နည်းနည်းမှမခံနိုင်တဲ့လူ။”–ဟူ၍လည်းကောင်း တစ်ချက်တစ်ချက် ပြောနေပေသည်။

သူတို့အားလုံး စောစော အိပ်ရာဝင်ကြသည်။ ဝီလီ၏အခန်းထဲတွင် မိုရေးသည် ဝီလီနှင့် ပထမအကြိမ် ရင်းရင်းနှီးနှီးစကားပြောခွင့် ရလေသည်။ ဝီလီက ကျောင်းတွင် စာတော်သဖြင့် ဒေးဗစ်လစ်ဗင်းစတုန်းအကြောင်း စာတစ်အုပ် ဆုရထားသည်။ မကြာမီပင်–သူတို့သည် အာဖရိကတောနက်ကြီး များအကြောင်း စကားလက်ဆုံကျကာ၊ ညာဇာရေအိုင်ကြီးကို တွေ့ရှိပုံ အကြောင်း၊ ‘ဗယ်ရီဗယ်ရီ’ခေါ် ထုံနာစို ထုံနာခြောက်ရောဂါအကြောင်း၊ အဆိပ်ပြင်းလှသည့် ‘အာဖရိက တက်စတီ’ခေါ် ယင်ကောင်တစ်မျိုးအကြောင်း ပြောလျက် ရှိကြလေ တော့သည်။

နောက်နေ့နံနက် ၉ နာရီခွဲတိတိအချိန်တွင် ဝေါ်လတာ ရောက်လာပြီး လျှင် မိုရေးအား မိတ်ဟောင်းဆွေဟောင်းတစ်ယောက်ပမာ နှုတ်ဆက်ကာ လွန်ခဲ့သည့်ညနေက သူ၏စွမ်းဆောင်အောင်မြင်မှုကို ပြောမဆုံး ရှိလေ၏။ ‘သူ စကားပြော၍ မဆုံးမီ မိမဆုံးမဖမဆုံးမလူတစ်စုက ခန်းမထဲမှ ထွက်သွား ကြသည်ကလွဲ၍ သူသည် ၄၅ မိနစ်သာသာခန့် အလွန်ကောင်းမွန်သော မိန့်ခွန်း ပေးနိုင်ခဲ့ကြောင်း’ ပြန်ပြောပြလေသည်။

လွန်ခဲ့သည့်နေ့က ပင်ပန်းခဲ့၍ ယနေ့ ထိုက်ထိုက်တန်တန် အပန်းဖြေ ရမည်ဖြစ်ရာ ဝေါ်လတာမှာ ဤအပန်းဖြေခရီးကို ပျော်ပျော်သွားရန် စိတ်

mgyoe.com SAMPLE BOOK

ထက်သန်လျက် ရှိ၏။ သူသည် 'ဘာမဆို တခမ်းတနားလုပ်တော့မည်။'-ဟု သန္နိဋ္ဌာန်ချထားသည်မှာ သိသာပါသည်။ သင်္ဘောစီးရန် လက်မှတ်ဝယ်ရာတွင် ပထမတန်းလက်မှတ်များကို ခပ်ခွဲခွဲဝယ်သည်။ "၃ စောင်ခွဲ ပေးပါ။ ကောင်ကလေးက အသက်မပြည့်သေးဘူး။"-ဟုလည်း ပြောသည်။

လက်မှတ်ရုံစာရေးက ဝါရင့်နေသောမျက်လုံးများဖြင့် ဝိလီအား လှမ်းကြည့်လိုက်သည်။ ထို့နောက် သူက နှမ်းဟိုက်သည့်လေသံဖြင့် "လူကြီးလက်မှတ် ၄ စောင် ယူပါဗျာ။"-ဟု ဆိုလိုက်သည်။

ဤတွင် ရှည်ရှည်ဝေးဝေးမဟုတ်သော်လည်း အတော်ကလေး ပြင်းပြင်းထန်ထန် ငြင်းကြခုံကြရ၏။ နောက်ဆုံး၌ လက်မှတ်စာရေးက ဝိလီအား စစ်မေးသည်တွင် ဝိလီက သူ့အသက်မှန်ကို ပြောပြလိုက်မှ တိုတိုဖြင့်ပင် ပြီးဆုံး သွားသည်။ ဝေါလတကာသည် မကျေမချမ်းဖြင့်ပင် လိုသောငွေကို ဆောင့်ကြီး အောင့်ကြီးဖြင့် ထုတ်ပေးလိုက်ရ၏။

ရဟတ်ဘီးဖြင့်ခုတ်မောင်းသော ခေါင်းတိုင်နီနှင့်သင်္ဘောကလေးသည် မြစ်ကိုစုန်ဆင်းလာကာ ဆိပ်ခံဆီသို့ ကပ်လာသည်။ ဝေါလာလည်း သင်္ဘောပဲ့ပိုင်းတွင် ထိုင်ခုံနေရာ ယူလိုက်သည်။ သင်္ဘောရဟတ်ဘီးသည် တဘုတ်ဘုတ်ဖြင့် ခုတ်စပြုကာ မြစ်ဝကျယ်ကိုဖြတ်၍ ပင်လယ်ဝဆီသို့ ထွက်ခဲ့သည်။ ရေပြင် ပေါ်တွင်ကား လေသည် လတ်ဆတ်လျက် ရှိ၏။

မေရီက သူ၏ဦးထုပ်ကို လေလွင့်မသွားအောင် ဖိကိုင်ထားရင်းက "ဒီဘက်က လေ နည်းနည်းမထန်ဘူးလား မောင်ရယ်။"-ဟု အရဲစွန့်၍ ပြောသည်။

ဝေါလတာက တိုတိုတောင်းတောင်းပင် "မထန်ပါဘူးကွာ။ ဒီမှာ ဒေါက်တာမိုရေးကို တို့ဆီက ကြည့်စရာရှိတာတွေ ပြမလို့။ ဒီဘက်ကနေ ကြည့်မှ အားလုံးကို ထင်းခနဲမြင်ရတာ။"-ဟု ပြောလိုက်သည်။

လိုက်ပါလာကြသော ခရီးသည်အများစုမှာ လေကွယ်ရာဘက်သို့ ရောက်နေကြသည်ဖြစ်၍ အမှန်တကယ်ပင် အတားအဆီးမရှိ မြင်နေရသော

mgyoe.com
SAMPLE BOOK

ရှုခင်းကား 'စကော့တလန်ပြည်အနောက်ဘက် တောင်ကုန်းဒေသ၌ အလှဆုံးဟု ဆိုရလောက်သော ရှုခင်းဖြစ်လေသည်။ သို့ရာတွင် ဝေါလတာမှာ စကူရီမြို့၏ ဓာတ်ငွေ့လှောင်ကန်အသစ်အကြောင်းကိုသာ ပိုမို စိတ်ဝင်စား၏။ "ဓာတ်ငွေ့ ကုဗပေ ၂ သောင်း သိုလှောင်နိုင်တယ်။ ဒါ တိုးတက်တာပေါ့ဗျာ။ ကဲ။"-ဟု။ ထို့ပြင်-ဒိုရန့်သင်္ဘောဆိပ်မြို့ရှိ စည်ပင်သာယာအဆောက်အအုံများ အကြောင်းတွေကိုသာ သူက ပြောပြနေသည်။

တတိတိဖြင့် သူတို့သည် ချမ်းသည်ထက် ချမ်းလာကြသည်။ ဝီလီမှာ အသားများပင် ပြာလာကာ 'သင်္ဘောစက်ကို သွားကြည့်ဦးမည်။'-ဟု ရေရွတ် လျက် ထွက်ခွာသွားလေသည်။ ဝေါလတာကမူကား '.စကူရီမြို့စည်ပင်သာယာ အဖွဲ့သို့ ရေဆိုးထုတ်စီမံကိန်းအသစ်တစ်ခု တင်ထားကြောင်း'-စသည် စသည် တို့ဖြင့် နားထောင်သူကိုမှ အားမနာဘဲ အဆက်မပြတ် ပြောလာသည်။ မိုရေး လည်း သူပြောနေသည်တို့ကို သိပ်ဂရုစိုက် နားထောင်မနေဘဲ တစ်ချက်တစ်ချက် တွင် အလိုက်သိစွာ ၁ လုံးစ-၂ လုံးစ ဝင်ဝင်ထောက်နေသော မေရီကိုသာ စိုက်ကြည့်နေမိလေသည်။ မေရီသည် သူ့လူရှေ့တွင် သူ့နှုတ်ဂိုစရိုက် လုံးဝပြောင်း သွားသည်။ သူ၏ ရွှင်ပျလန်းဆန်းသောအမူအရာတို့သည် ပျောက်ကွယ်သွား ကြသည်။ ယခု မေရီသည် နှုတ်ဆိတ်လာသည်။ ရိုသေကျိုးနွံလှသည်။ 'သူ့ခမျာ ဒီငနဲနှင့်ရရင်တော့ တကယ်စိတ်ငရဲ ခံရရှာမှာပဲ။'-ဟု မိုရေးက တွေးမိလေသည်။

သူတို့၏ သင်္ဘောကလေးသည် နောက်ဆုံး ဂဲယားဆေးပင်လယ်အော် ထဲသို့ ကွေ့၍ ဝင်လာခဲ့သည် ဝီလီအား နွေးနွေးထွေးထွေးရှိသော စက်ခေါင်း ထဲမှ ခေါ်ထုတ်ကာ ရှေ့ဘက်၌ ဆိုင်များနှင့် နောက်ဘက်တောင်စောင်းတွင် ဟိုတယ်ကြီးများရှိသည့် စည်စည်ကားကား အပန်းဖြေရိပ်သာဆီသို့ ဆင်းလာခဲ့ ကြသည်။

ဝေါလတာက "ကဲ-နေ့လယ်စာ သွားစားကြရအောင်။"-ဟု ဆိုလိုက်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

မေရီက လမ်းတစ်ဖက်ရှိ အတော်အသင့် သပ်သပ်ရပ်ရပ်ရှိသော စားသောက်ဆိုင်ကလေးတစ်ခုကို ညွှန်ပြကာ ''လန်းရဲ့ဆိုင်ကို သွားစားကြရအောင်လေ။ ကျွန်မတို့ အဖေနှင့်လာရင် အဲဒီမှာ အမြဲစားကြတာပဲ။''-ဟု ပြော၏။

ဝေါလတာက ''အိုကွယ်-ဒေါက်တာမိုရေးကို လန်းရဲ့ဆိုင်ခေါ်သွားဖို့ စိတ်တောင် မကူးပါဘူး။ 'ဂရန်း'ကို သွားစားကြမယ်။''-ဟု ပြောလိုက်သည်။

မေရီက ''အို ဝေါလတာရယ်။ အကြွားအဝါတွေနှင့် အလကားဈေးကြီးနေတဲ့ နေရာကို။''-ဟု ဆိုကာရှိသေး။ ဝေါလတာက သူ့အားလက်ပြ ၍ တားလိုက်ပြီးလျှင်၊ ''ဟိုမှာစားဖို့ သီးသန့်စားပွဲတွေ မှာထားပြီးပြီကွယ်။''-ဟု မေရီကို ဟန့်တားပြောလိုက်၏။

သူတို့၏ ဦးခေါင်းထက်တွင် ခမ်းခမ်းနားနား စီးမိုးလျက်ရှိသော ဂရန်းဟိုတယ်သို့ ကုန်းတက်လမ်းအတိုင်း စတက်ကြသည်။ လူသွားလမ်းကလေးမှာ ရှည်လျားမတ်စောက်၍၊ မြေပြင်၌ ဂမုန်းပန်းအပြာကလေးများ ပွင့်ဖုံးလျက်ရှိသော တောအုပ်ကလေးကို ဖြတ်၍ သွားရသည်။ ကားလမ်းအတိုင်းတက်သွားသော အရောင်တဖိတ်ဖိတ် အမိုးတန်မော်တော်ကားများကို သစ်ပင်များအကြားမှ လှမ်းမြင်နေရသည်။ ဝေါလတာက ရှေ့က မုဆိုးလမ်းပြလို တက်သွားသည်တွင် မေရီ မောပန်းနေသည်ကို မိုရေးက သတိပြုမိ၏။ 'မေရီ နားမှ နားရပါစေတော့။'-ဟု သဘောထားကာ သူက ခြေလှမ်းဘတန့်လိုက်၍၊ ဂမုန်းပန်းပြာကလေးများကို ခူး၍ မြက်ပင်ကလေးများဖြင့် စည်းကာ မေရီအား ပေးသည်။ ထို့နောက် သူက ပြုံးလျက် 'မင်းအဝတ်အရောင်နှင့် တစ်ရောင်တည်းပဲ။''-ဟု ဆိုသည်။

အဆုံးတွင် သူတို့သည် တောင်ကုန်းထိပ်သို့ ရောက်ခဲ့ကြ၍ ဝေါလတာလည်း မောဟိုက် အသက်ရှုပြင်းလျက်ကပင်၊ ဧည့်သည်အတော်များများ ထိုင်လျက်ရှိကြပြီဖြစ်သော ဝရန်တာကျယ်ဘက်ဆီသို့ သူ့လူစုကို ခေါ်ခဲ့သည်။ သူတို့လူစု ဝင်လာလျှင်ပင် အထူးအဆန်းသဖွယ် စိုက်ကြည့်သူတို့က ကြည့်၍

mgyoe.com SAMPLE BOOK

တစ်ယောက်က ရယ်မောလိုက်သည်။ ဝေါလတာလည်း ဝရန်တာကျယ်ဘက်မှ ဝင်သည့်တံခါးကို တော်တော်နှင့် မတွေ့။ အတော်ကြာအောင် စမ်းတဝါးဝါး လျှောက်ရှာရပြီးမှ ဧရာမစားသောက်ခန်းကြီးထဲသို့ ရောက်သွားကြသည်။

၁၂ နာရီမျှသာ ရှိသေး၍ အတော်ပင် စောနေသည်။ စားပွဲထိုးများလည်း အချင်းချင်းစု၍ စကားပြောနေကြဆဲပင် ရှိ၏။ စားသောက်ခန်းကြီးထဲတွင် အခြား မည်သူမှ မရှိသေး။ စားပွဲထိုးချုပ်က မျက်ခွံမပင့်ဘဲ သူတို့အားတစ်ချက်မျှ လှမ်းကြည့် အကဲခတ်လိုက်၏။ ထို့နောက် ခန်းမကြီးနောက်ဘက်ရှိ ချောင်တစ်ချောင်သို့ ခေါ်သွားမည်ပြုသည်တွင်၊ ဝေါလတာက "ပြတင်းနားက စားပွဲတစ်ခုကို ကျုပ်မှာထားတယ်။ ဟော-ဟိုစားပွဲ ကျုပ်လိုချင်တယ်။"-ဟု ပြောလိုက်သည်။

"အဲဒီစားပွဲတော့ မရဘူးခင်ဗျ။ မေဂျာလင်းဆေးနှင့် သူ့ဧည့်သည်တွေအတွက် သီးသန့်ထားတာ။"

"ဒါဖြင့် အဲဒီစားပွဲရဲ့ ဟိုဘက်ကစားပွဲဗျာ။"

"အဲဒါက မစ္စတာမင်ဇီးရဲ့ စားပွဲခင်ဗျ။ ဒါပေမယ့် သူက ၁ နာရီ ၁၅ မိနစ်ထက် စောပြီး လာခဲပါတယ်။ အဲဒီအချိန်လောက်ဆိုရင်တော့ ခင်ဗျားတို့လည်း ဘယ်နည်းနှင့်မဆို စားလို့သောက်လို့ ပြီးလောက်ပါပြီ။"

သို့ဖြင့် သူတို့သည် မစ္စတာမင်ဇီး၏စားပွဲတွင် ထိုင်ကြရ၏။ စားသောက်ဖွယ်စာရင်းကို ဝေါလတာ၏လက်သို့ လှမ်းပေးလိုက်၏။ စာရင်းမှာ ပြင်သစ်ဘာသာဖြင့် ရေးထားသည်။

ဝေါလတာက သူ့လူစုကို ဖတ်ပြလိုက်ပြီးလျှင်၊ "ပြင်သစ်အစားအစာလို ကောင်းတာမျိုးတော့ မရှိဘူးဗျ။ ပြီးတော့ စားစရာကလည်း ၅ မည်တောင်။"-ဟု ပြောလိုက်၏။

သူတို့အတွက် စားစရာများကို ခပ်သုတ်သုတ် လာချပေးသည်။ ကြည်ကြည်ဖြူဖြူတော့ မဟုတ်။ ဂရန်းဟိုတယ်၏ပုံစံပင် ဖြစ်သည်။ ရှေးဦးစွာ ဂျုံမှုန့်နှင့် ရေမှတစ်ပါး ဘာမျှသိပ်ပါဟန်မရှိသော ခပ်ပျစ်ပျစ် ဝါတာတာဟင်းချို

mgyoe.com SAMPLE BOOK

ရည် လာချ၏။ ထို့နောက်တွင် ပျစ်ချွဲချွဲ စေးထန်းထန်းရှိသော ပန်းရောင်ငရုတ်ချဉ်တစ်မျိုးဆမ်းထားသည့် အရိုးငေါငေါငါးတစ်တုံး။

ဝိလိက လေသံဖြင့် ''မမရေ–မလတ်ဘူးဗျ။''–ဟု ပြောလိုက်သည်။

မေရီလည်း ပန်းကန်ကို ငုံ့ကြည့်နေရင်းမှ ''တိတ်တိတ်နေကွယ်မောင်လေး။''–ဟု ခပ်အုပ်အုပ် စကားဟန့်လိုက်ရသည်။ သူ့အမူအရာ၌ အပေါ်ယံတည်ငြိမ်ဟန်ရှိသလောက် ကျိတ်၍ စိတ်ဆင်းရဲနေသည်ကို မိုရေးက အကဲခတ်မိ၏။ ဤသို့ဖြင့်ပင် နောက်တစ်မည်ကို ဆက်၍ စားကြသည်။ ဆပ်ပြာကဲ့သို့ ဖွယ်တယ်တယ်ရှိသော အာလူး၊ သံဘူးထဲက ဖောက်ထည့်ထားသော ပဲသီးစိမ်းတို့ဖြင့် ထည့်ပေးသော အမျှင်ကြမ်းလှသည့် သိုးသား၊ အချိုရည်နှစ်ကလည်း ပျစ်ချွဲချွဲ ဖြူတူတူ။ ထို့နောက် သူတို့စားပွဲတွင် အသော့ချည့်နှင်နေသောကြောင့် ခပ်မြန်မြန်ပင် လာချသောဟင်းမည်မှာ ပေါင်မုန့်ကင်ပါးပါးပေါ်တွင် တုတ်ထိုးစိုက်ထားသော ဖြူဖပ်ဖြူရော် မာတောင့်တောင့်ငါးသေတ္တာငါး။ ထို့နောက်တွင် ပိုက်ဆံရှင်းရန် ပြေစာကို ယူလာလေသည်။

ထိုအခါတွင်၊ သူတို့ကို မထိမဲ့မြင်ပြုသည့်သဘောကို ဝေါလတာပင် ရိပ်စားမိနေပြီ ဖြစ်သည်။ သူသည် ပြေစာစာရွက်ပေါ်တွင် တွက်ချက်ကြည့်နေပြန်သည်။ ထိုအခိုက်တွင် စားသောက်ဆိုင်ခန်း အရက်ရောင်းသည့်ဘားဘက်မှ ဆံပင်ကျိုးကျားဖြူလျက် ကျင်စွယ်ကို သထား၍ ခပ်မှိန်မှိန် စကော့တလန်ပြည် 'ကင်းစောင့်တပ်နက်အင်္ကျီ' ဝတ်ဆင်ထားသော ရာသီဥတုဒဏ်ကြောင့် ရင့်ရော်နေသောမျက်နှာဖြင့် အရပ်မြင့်မြင့်လူကြီးတစ်ယောက် လျှောက်လာနေ၏။ သူ့နောက်ကလည်း သက္ကလတ်ရောင်ပြေးဝတ်စုံများ ဆင်ထားသည့် လူရွယ် ၃ ယောက် ပါလာ၏။ ၃ ယောက်စလုံး အရက်ကို အတော်မူးအောင် သောက်လာကြမှန်း မိုရေး ဂရုပြုမိ၏။ သူတို့သည် ထိုနေ့က ဂယ်ယာမြစ်ထဲတွင် ငါးမျှားခဲ့ကြပုံကို ဆူဆူညံညံပြောလျက်က မိုရေးတို့စားပွဲနှင့် ကပ်လျက်စားပွဲတွင် ဝင်ထိုင်ကြလေသည်။ လူငယ် ၃ ယောက်အနက် တစ်ယောက်မှာ ဆံပင်ရွှေရောင် နှုတ်ခမ်းတွဲတွဲဖြင့် လူပေါ်ကြော့ဖြစ်ဟန် တူ၏။ သူသည်

mgyoe.com

mgyoe.com
SAMPLE BOOK
ထိုင်ကတည်းက မေရီအား မျက်စိကျလျက် ရှိ၏။ ကုလားထိုင်နောက်မှီတွင် ခပ်လျှော့လျှော့မှီထိုင်ကာ မေရီအား ငမ်းနေရာမှ သူတို့အား ဖိတ်ခေါ်လာသူအား တံတောင်ဖြင့်တွက်ကာ "ဦးလေး-ဟိုမှာတွေ့လား။ စကော့ရေဆေးငါးကလေး။ အပြီး။"-ဟု ဆိုလိုက်၏။

လင်ဆေးက "ကဲ-မောင်ရင်။ ဟင်းချိုသောက်စမ်းကွယ်။"-ဟု ဆိုသည်။

"ဟာ-ခင်ဗျားဟင်းချို ထားလိုက်စမ်းပါ။ အမျိုးသမီးကလေးကို ကျုပ်တို့စားပွဲ သွားခေါ်ရအောင်ဗျာ။ ကလေးမ ဟိုမှာ သူ့စကော့ဦးလေးကြီးနှင့် သိပ်ပျော်ပုံ မရဘူး"

သူ့အဖော်တစ်ယောက်က စပ်ဖြဲဖြဲဖြင့် "မင်း မရပါဘူး ဟဲရစ်ရာ။"-ဟု လှောင်ပြောင်သလို ပြောလိုက်၏။

ဟဲရစ်လည်း သူ့ကုလားထိုင်ကို နောက်သို့တွန်း၍ ထလိုက်ပြီးလျှင် "ဘာလောင်းမလဲ ကိုယ့်လူ။"-ဟု ဆိုလိုက်သည်။

ဝေါလတာမှာ မျက်နှာတစ်ခုလုံး မည်းပုပ်လျက် တစ်ဖက်သို့လှဲကာ "ဂရုမစိုက်နှင့်။ သူ့ကို ဆွဲထားကြမှာပဲ"ဟု ခပ်အုပ်အုပ် အောင့်သက်သက် အသံဖြင့် ပြောသည်။

သို့သော်-ဟဲရစ်သည် ရှေ့သို့တိုးလာလျက် ရှိ၏။ သူသည် ဟန်နှင့် ပန်နှင့် အလေးအမြတ်ပြုသလို ခါးကို ကိုင်းညွတ်လိုက်၍ မေရီ၏လက်ကို ဆွဲကိုင်ကာ "ကျုပ်ချစ်တဲ့ နှမကလေးရယ်။ မောင်ကြီးတို့ရဲ့စားပွဲဘက်ကို ရွှေ့ခဲ့ပါလားကွယ်။"-ဟု ပြောလိုက်သည်။

မေရီ နောက်သို့ ယို့သွားသည်ကို မိုရေးက မြင်လိုက်၏။ မေရီ၏ မျက်နှာမှာ သွေးမရှိတော့။ ဝေါလတာအား အကူအညီတောင်းဟန် လှမ်းကြည့်လိုက်သည်။ ဝီလီကလည်း ထိတ်လန့်လျက်ကပင် စိတ်ဆိုးနေသည့်မျက်လုံးများဖြင့် ဝေါလတာအား လှမ်းကြည့်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဝေါလတာက "ဒီမယ်ခင်ဗျာ။ ခင်ဗျားစကားပြောနေသူဟာ 'ကျွန်တော့်ရဲ့ဇနီးလောင်း ဖြစ်တယ်'ဆိုတာကို သိပါရဲ့လား။ ခင်ဗျား ရပ်တန်းက မရပ်ရင် ကျုပ် ဒီဆိုင်ကမန်နေဂျာကို ခေါ်ပြီး တိုင်တန်းရပါလိမ့်မယ်။"-ဟု အထစ်ထစ်အငေါ့ငေါ့ ပြောလေသည်။

"အိုဗျာ-ဦးလေးကလည်း အသာတိတ်တိတ်နေစမ်းပါ။ ခင်ဗျားကို ခေါ်နေတာ မဟုတ်ပါဘူး။ လာကွယ့် နှမလေး။ လာ"

ဟဲရစ်သည် မေရီ၏ လက်ကို ကိုင်လျက် ဆွဲထူဖို့ အားစိုက်နေပြန်၏။

မေရီလည်း မနှစ်မြို့စွာပင် သူ့အသံတိမ်ကလေးဖြင့် "တစ်ဆိတ်ရှင်-သွားပါတော့။"-ဟု ပြောလိုက်သည်။

ထိုအချိန်တွင် လင်ဆေးသည် ဟဲရစ်၏လက်မောင်းကို ဆွဲခေါ်လျက်ရှိသည်။ ဟဲရစ်လည်း မေရီ၏လက်ကို လွှတ်ကာ ဆတ်ခနဲ ပခုံးချိလိုက်ပြီးလျှင် "အေးလေ-ကျုပ်နှမလေးကို ခေါ်လို့မရလည်း ဟောဒီ အမှတ်တရပစ္စည်းကလေးပဲ ယူရမှာပေါ့။"-ဟု ဆိုလျက် မေရီ၏ ပန်းစည်းကလေးကို ကောက်ကိုင်ကာ ဟန်နှင့်ပန်နှင့် နမ်းလိုက်၏။ ပြီးလျှင်-ဒယီးဒယိုင်ဖြင့် သူ့နေရာသို့ ပြန်သွားလေသည်။

ထို့နောက် အားလုံး ကြောင်စီစီဖြင့် တိတ်ဆိတ်သွားကြသည်။ သူ့စားပွဲ သူပြန်ရောက်သောအခါ လင်းဆေးက ဝေါလတာအား မဲ့ပြုံးကလေးပြုံး၍ ကြည့်လျက် ရှိလေသည်။ ဝေါလတာမှာ သနားစရာကောင်းလောက်အောင် စိတ်မငြိမ်မသက်ဖြစ်လျက် ငွေစက္ကူများကို စားပွဲပေါ်သို့ပစ်ချကာ ထိုင်ရာမှ စိတ်ဆိုးမာန်ဆိုး ထိုင်ရာမှ ထလိုက်သည်။

"လာ-မေရီ။ တို့သွားကြမယ်။"

မိုရေးလည်း ထိုင်ရာမှ ထလိုက်၏။ သူ့ပင်ကိုသဘောတွင် သူရဲကောင်းလုပ်တတ်သည့်ဉာဉ်မရှိ။ သို့ရာတွင် သူလည်း စိတ်ဆိုးလျက် ရှိ၏။ အထူးသဖြင့် သူ့အဖို့ ပျော်ရွှင်ဖွယ်နေ့ကလေးတစ်နေ့ အပေါသိကံ ဖြစ်သွားရသည်ကို ဒေါသဖြစ်မိခြင်း ဖြစ်ကောင်းဖြစ်ပေမည်။ သူသည် ရုတ်တရက် စိတ်လိုက်မာန်ပါ

mgyoe.com SAMPLE BOOK

တစ်ဖက်စားပွဲဆီသို့ ရောက်သွားကာ ဟဲရစ်၏အနီး၌ ရပ်လိုက်ပြီးလျှင် "မင်းကို ဟင်းချိုသောက်လို့ ပြောထားတယ် မဟုတ်လား။ ကဲ–သောက်လိုက်။"–ဟု ဆိုကာ ကုပ်မှနှိမ်၍ ဟဲရစ်၏ မျက်နှာကို ဟင်းချိုပန်းကန်ထဲသို့ ခပ်ကြမ်းကြမ်းကလေး တွန်းနှစ်လိုက်သည်။ ဟဲရစ်လည်း မျက်နှာတစ်ခုလုံး ဟင်းရည်များ စီးကျလျက် အသက်ရှူရန် ခေါင်းကို မော့လိုက်၏။ အခြားလူများကလည်း ကြက်သေသေလျက်ရှိစဉ် ဟဲရစ်လည်း လက်သုတ်ပဝါကို စမ်းတဝါး ဝါးရှာဖွေလျက် ရှိ၏။ မိုရေးလည်း ပန်းစည်းကို ကောက်၍ မေရီအား လှမ်းပေးလိုက်ပြီးလျှင် ရင်တဒိတ်ဒိတ်ခုန်လျက် ၁ မိနစ်ခန့် စောင့်ကြည့်နေလိုက်၏။

လင်းဆေးက ပြုံးကြည့်နေသည်မှတစ်ပါး အခြားဘယ်သူမှ ဘာမျှ မလှုပ်ကြသဖြင့် မိုရေးလည်း လှည့်ထွက်ကာ၊ အပြင်ဘက်သို့ ရောက်နေကြပြီဖြစ်သော သူ့အဖော်များဆီသို့ လိုက်သွားလေသည်။

အပြင်သို့ရောက်လျှင် ဝီလီက သူ့လက်ကို အားပါးတရ ဖမ်းဆွဲလိုက်ကာ "ကောင်းလိုက်တာဗျာ။ ခင်ဗျားလုပ်လိုက်တာ သိပ်ကောင်းတာပဲ။ ခင်ဗျား ကိုတော့ ကျွန်တော် သိပ်ကို သဘောကျသွားပြီ။"–ဟု ဆိုလေသည်။

သူတို့ တောလမ်းကလေးအတိုင်း ဆင်းလာခဲ့ကြသောအခါတွင် ဝေါလတာက "ခင်ဗျားဝင်ပါဖို့ မလိုပါဘူးဗျာ။ ဒီကိစ္စ ကျွန်တော် ဆိုင်ရာ အာဏာပိုင်တွေကို တိုင်ရမယ်။ လင်းဆေးဟာ သူ့အမဲလိုက် ငါးမျှားလိုင်စင် လုပ်ပိုင်ခွင့်ကို လန်ဒန်က အောက်တန်းအကျဆုံး တေလေကြမ်းပိုးတွေကို ငှားတာ။ ခုကိစ္စဟာ လူသိရှင်ကြား အသရေပျက်အောင် လုပ်တာ။ ဒီကိစ္စ အားလုံးကို ကျွန်တော် အဖေ့ဆီ တင်ပြလိုက်မယ်။"–ဟု ပြောလာသည်။

ဝီလီက "အဲလိုဆို သူက ဘာလုပ်မလဲ။ ဒီလူတွေကို 'မိးမပေးဘူး' ဆိုပြီး ဖြတ်ပစ်မလား။"–ဟု ဝင်ထောက်သည်။

သူတို့၏ အပြန်ခရီးမှာ စိတ်နှလုံးမသာမယာဖြင့် တိတ်ဆိတ်ငြိမ်သက်လှသည်။ မိုးဖွဲကလေးများလည်း ကျလာသဖြင့် ပထမတန်းအခန်းထဲသို့ ဝင်ထိုင်ခဲ့ကြသည်။

mgyoe.com SAMPLE BOOK

အဘဒဖီလန့်သို့ ပြန်ရောက်ကြသောအခါ ဝေါလတာက ခွင့်လွှတ်သည့် အမူအရာဖြင့် မေရီအား လက်ကမ်းပေးလိုက်ကာ မုန့်ဆိုင်မျက်နှာစာသို့ လျှောက်လာကြသည်။

မိုရေးက သူ၏မော်တော်ဆိုင်ကယ်ပေါ်သို့ တက်၍ စက်နှိုးသောအခါ ဝေါလတာက မျက်နှာမသာမယာဖြင့် လက်ကမ်းပေးကာ "ကဲ၊ သွားပေဦး တော့ဗျာ။ ကျွန်တော်တို့ နောက်တစ်ခါတွေ့ကြတော့မယ် မထင်ဘူး။"-ဟု နှုတ်ဆက်သည်။

ဝီလီကမူ "မကြာခင် လာခဲ့ဦးဗျာ။ လာဖြစ်အောင် လာခဲ့ပါဦး။" -ဟု ဝင်ပြောလေသည်။

မိုရေးက မေရီအား နှုတ်ဆက်သည်။

ဟိုတယ်မှ ထွက်ခဲ့ကြကတည်းက ပထမအကြိမ် သူ့အား လှမ်းကြည့် လိုက်သည်။ မေရီမှာ ရင်ခုန်လျက်, မျက်လုံးများမှာလည်း မျက်ရည်ဝိုင်းလျက် ရှိကြသည်။ သူ့နှုတ်က ဘာမျှထုတ်မပြောသော်လည်း မေရီ၏ စူးစိုက်သော အကြည့်တွင် သူ့ရင်ထဲ၌ တစ်စုံတစ်ခုကို ပြောချင်သည့်စိတ်က ပြင်းထန်လျက် ရှိဟန် ပေါ်နေပေသည်။ ထို့အပြင်-မေရီသည် သူခူးပေးသော ဂမုန်းပန်းစည်း ပြာကလေးကို သူ၏ရင်၌ ထိုးစိုက်ဆင်မြန်းထားသည်ကိုလည်း မြင်ခဲ့ရလေ သည်။



mgyoe.com

mgyoe.com SAMPLE BOOK

# ၄

နောက်သီတင်းပတ်ထဲတွင် မိုရေးအား ကံကောင်းတစ်ချက် ထောက်မသည်။ သူ့အား ပါမောက္ခဒရမ်မွန်၏ လူနာဆောင်များတွင် အလုပ်သင်ဆရာဝန်အဖြစ် ၁ လ ခန့်အပ်ခြင်း ခံရသည်။ ဤအလုပ်ကို ရလိုက်ခြင်းသည် သူ့အား သူ၏အခန်းစုတ်ကလေးမှ ထွက်ခွာ၍ စာမေးပွဲကြီးဖြေချိန်အထိ ဆေးရုံတွင်ပင် နေနိုင်အောင် အကြောင်းကံ ဖန်လာခြင်းပင် ဖြစ်သည်။ မိုရေးက လူနာတစ်ယောက်အား စစ်ဆေးမေးမြန်းနေသည်ကို နားထောင်ရင်းမှ ''မင်း ကြီးပွားဦးမယ် လူကလေး။ မင်း ဆေးရုံလူနာကို မေးပုံမြန်းပုံဟာ ငါတွေ့ဖူးသမျှ ဘယ်ဆေးကျောင်းသားနှင့်မှ မတူအောင်ကို ယဉ်ကျေးသိမ်မွေ့တာပဲ။''-ဟု ပါးနပ်စွာ မှတ်ချက်ချခဲ့သူမှာလည်း ပါမောက္ခ ဒရမ်မွန်ပင် ဖြစ်၏။ ဒရမ်မွန်သည် ဆေးဝါးကုသမှုဘာသာရပ်တွင် စာမေးပွဲစစ်သူများအဖွဲ့မှာ တစ်ယောက်အပါအဝင်ဖြစ်သဖြင့် မိုရေးကလည်း အချိန်မရွေး အလုပ်ကို သဲသဲမဲမဲ ဖိလုပ်ကာ ဖျတ်ဖျတ်လတ်လတ်ရှိနေအောင် ကြိုးစားအားထုတ်လျက် ရှိသည်။ ဤသို့ လုံ့လစိုက်ထုတ်ရခြင်းတွင် မိုရေးကဲ့သို့ စိတ်ဓာတ်တက်ကြွလျက်ရှိသူ လူငယ်တစ်ယောက်အဖို့ ပင်ပန်းလှသည် မဟုတ်သော်လည်း၊ ဤသို့ အလုပ်၌ အချိန်ပြည့်ရှိနေရခြင်းကိုကား စိတ်ထဲတွင် ကသိကအောက်ဖြစ်ရလျက် ရှိသည်။ သူသည် အာ့ဒဖီလန်သို့ လစ်သွားရန် အချိန်အား မရနိုင်တော့သောကြောင့် ဖြစ်၏။



mgyoe.com

mgyoe.com SAMPLE BOOK

ထိုနေ့က မေရီနှင့် ခွဲခွာလာခဲ့ရသည့် အခိုက်ကတည်းမှစ၍ ကြီးပွား ချမ်းသာချင်ဇောဖြင့် အလုပ်တွင် အာရုံအပြည့်စိုက်လျက်ရှိသော သူ၏စိတ်တွင် ထူးဆန်းသောအာရုံများ ဝင်ရောက်တွင်ကျယ်လျက် ရှိကြသည်။ မေရီ၏ မဲ့နေ သော မျက်နှာကလေးသည် သူ့မျက်လုံးထဲကမထွက်။ အမှန်အားဖြင့် သူကိုယ် တိုင်ကလည်း မထွက်စေချင်အောင် ဖြစ်နေသည်မှာ အဆိုးဆုံး ဖြစ်ချေသည်။ လူနာဆောင်ထဲ၌ လည်းကောင်း, စမ်းသပ်ခန်းထဲ၌ လည်းကောင်း တစ်ချက် တစ်ချက်တွင် 'မေရီနှင့် တွေ့ချင်နေသည့်စိတ်ဆန္ဒ'က သူ့အား ဖမ်းစားတတ်လေသည်။

သူသည် ဒေါက်ဂလပ်မိသားစုထံမှ သတင်းစကား တစ်စုံတစ်ရာ ကြားရလိမ့်မည်ဟု မျှော်လင့်ထားခဲ့သော်လည်း ၁၀ ရက်လောက်ကြာမှ 'ကျန်းမာ၊ ချမ်းသာစွာ ရှိလိမ့်မည်။'-ဟု မျှော်လင့်ကြောင်း၊ 'အာဖရိက အကြောင်း စာအုပ်များ ထပ်မံရှာဖွေ ဖတ်ရှုနေကြောင်း'နှင့် 'ဘယ်သောအခါ အလည်လာဦးမည်နည်း မေး၍ အောက်မေ့ကြောင်း' စာ ၁ကြောင်း-၂ကြောင်း ပါ ဝီလီ၏ထံမှ ပို့စကတ်ကလေးတစ်စောင်သာ ရောက်လာလေသည်။

ညနေပိုင်း၌ လူနာများကို လှည့်ကြည့်ပြီးသည်နှင့် တစ်ပြိုင်နက် သူသည် အာ့ဒဖီလန်သို့ တယ်လီဖုန်း ကောက်ဆက်လိုက်၏။ တစီစီမြည်နေ သော တယ်လီဖုန်းထဲမှ အန်တီမိနီ၏ထူးသံကို ကြားလိုက်ရသည်။

''ကျွန်တော်ပါ။ ဒေးဗစ်မိုရေးပါ။ 'နေထိုင်ကောင်းရဲ့လား'လို့ ဖုန်းဆက်ကြည့်တာပါ။''

''အင်း-နေကောင်းကြပါတယ်။ ကျေးဇူးတင်ပါတယ်။''

အန်တီမိနီ၏အသံမှာ အေးစက်စက်ဖြစ်နေ၍ အံ့အားသင့်သွားရသေး သော်လည်း သူသည် ဇွတ်ပင် ဆက်မေးလိုက်သည်။

''ဝီလီ ရှိလား။ သူ ပို့စကတ်ပို့လိုက်တာ ရတဲ့အကြောင်း၊ ကျေးဇူး တင်ကြောင်း ပြောချင်လို့ပါ။''

''ဝီလီ စာကျက်နေတယ်။ သွားနှောင့်ယှက်လို့ မဖြစ်ဘူး။''

mgyoe.com

mgyoe.com SAMPLE BOOK

"ဒါဖြင့် မေရီရော။"

"မေရီ သူ့ရည်းစားနှင့် အပြင်ထွက်သွားတယ်။"

"ကျွန်တော်က နှုတ်ဆက်လိုက်ကြောင်း ပြောပေးပါလား အန်တီ။"-ဟု သူက ခပ်ကြောင်ကြောင်ပင် ပြောလိုက်၏။

"ပြောမပေးနိုင်ပါဘူး။ ဒီမှာ မစ္စတာမိုရေး။ တို့မိသားစုထဲကို မင်း အတင်းဝင်ပြီး ရှုပ်ရှုပ်ယှက်ယှက်မလုပ်ရင်အားလုံးအတွက်အကောင်းဆုံးပဲ။"

တစ်ဖက်မှ တယ်လီဖုန်းစကားပြောခွက်သည် 'ဂျောက်'ခနဲ ကျသွားသည်။ မိုရေးလည်း ရုတ်တရက် ပါးရိုက်ခံလိုက်ရသူပမာ ကြောင်အမ်းအမ်း ဖြင့်ပင် တယ်လီဖုန်းပြောခွက်ကို ဖြည်းညင်းစွာ ပြန်ချလိုက်၏။ 'တို့မိသားစု ထဲကိုဝင်ပြီး ရှုပ်ရှုပ်ယှက်ယှက် မလုပ်ပါနှင့်။'-ဆိုပါလား။ သည်လို အပြော အဆိုမျိုးခံရအောင် သူ ဘာများလုပ်ခဲ့မိပါလိမ့်။' ယခုကဲ့သို့ ပြတ်ပြတ် တောက်တောက်ကြီး လုပ်ကိုင်သည့်ကိစ္စထဲတွင် မေရီပါ ပါလိမ့်မည်။'-ဟု သူ မယုံကြည်။ သို့ဖြင့်-သူသည် ဆေးစာရေးသော စာရွက်တစ်ရွက်ကို ဆွဲယူကာ 'မေရီနှင့် တွေ့ဆုံနိုင်ရန် အခါအခွင့်များ မကြုံဘူးလား။'-ဟု မေးသည့် စာတိုကလေးတစ်စောင်ကို ရေး၍ ထည့်လိုက်သည်။ မေရီ့ထံမှ ပြန်စာကို ရင်တမမဖြင့် စောင့်နေခဲ့ရာ နောက်ဆုံးတွင် ရောက်လာလေသည်။

သူ့စာမှာ ဘာမှ အထွေအထူး ရင်းနှီးမှုမပါ။ မီးရထားအချိန်စာရင်းကို ဖတ်နေရသကဲ့သို့ ရှိသည်။ သို့သော် 'သူ ၉ ရက်နေ့-ကြာသပတေးနေ့တွင် သူ့အဒေါ်နှင့်အတူ ဈေးဝယ်ရန် ဝင်တန်သို့ လာစရာရှိသည်။ ကာလီဒိုနီယန် မီးရထားဘူတာ နာရီကြီးအောက်က ၆ နာရီလောက် စောင့်နေလျှင် တွေ့နိုင် မည်။ သို့သော်-သူက ၆ နာရီခွဲရထားဖြင့် အိမ်သို့ပြန်ရမည်။'-ဖြစ်သည် ဆို၏။ 'ကျန်းမာပါစေ၊ ချမ်းသာပါစေ။ စာတွေ အလွန်အမင်းကျက်ကာ ပင်ပန်းမနေပေဘူးဟု ယုံကြည်ကြောင်း'မျှသာ ပါသည်။ မည်သို့ပင်ဖြစ်စေ- သူ မေရီကို တွေ့ရမည်။ သူ့အဖို့ ဤမျှတော့ အမြတ်ထွက်ပါသေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ချိန်းထားသည့်နေ့တွင် မိုရေးသည် အခြား အလုပ်သင်ဆရာဝန်ကလေးတစ်ယောက်နှင့် သူ့အတွက် ၂ နာရီမျှ ကိုယ်စားဝင်လုပ်ပေးရန် စီစဉ်ခဲ့သည်။ ဒရမ်မွန်သည် ညနေပိုင်းတွင် ဘယ်တော့မှ ၈ နာရီထက်စော၍ မလာတတ်။ ကံကောင်းလျှင် သူ့အမီ ပြန်နိုင်ပေလိမ့်မည်။

၆ နာရီမတိုင်မီ အတော်ကြာကပင် သူသည် ကာလီဒိုနီယန်ဘူတာမှ နာရီကြီး၏အောက်သို့ ရောက်လာခဲ့၏။ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့၍ ကျပ်ခိုးစွဲနေသော မှန်မိုးခုံးကြီး၏အောက်တွင် ခရီးသည်တို့သည် ရထားတွဲများရှိရာသို့ တဖွဲဖွဲ လျှောက်သွားလျက် ရှိကြသည်။ ထိုနေရာကား ရေနွေးငွေ့နံ့၊ မြူနံ့၊ ကုန့်မီးခိုးနံ့တို့ဖြင့် မွှန်လျက်၊ ထွက်ဆဲမီးရထားများမှ စူးရှသောဥသြသံများဖြင့် ညံနေလေသည်။

မိုရေးသည် ကြိတ်ကြိတ်တိုး လူအုပ်ထဲတွင် တစ်ယောက်တည်း အထုပ်အပိုးများကို တစ်ပွေ့တစ်ပိုက်သယ်လျက် မေရီ သူ့ထံသို့ လျှောက်လာနေသည်ကို တွေ့လိုက်ရသောအခါ သူ၏ရင်သည် တဒိန်းဒိန်းခုန်လေသည်။ မေရီသည် သားမွေးလည်စည်းနှင့် အညိုရင့်ရောင်ဝတ်စုံကို ဆင်ကာ ဦးထုပ်ညိုကလေးကို ဆောင်းထားသည်။ မေရီအား အပြင်ထွက်သည့်အခါ ဆင်မြန်းသော အဝတ်အစားမျိုးဖြင့် တစ်ခါမှ မမြင်ဖူးသောကြောင့် သူ့ကို ကြည့်ရသည်မှာ တစ်သွေးတစ်မွေး ထူးခြားနေ၏။

မိုရေးက အထုပ်အပိုးများကို လက်ပြောင်းသယ်ရန် မေရီ၏ လက်အိတ်စွပ်လက်ချောင်းကလေးများမှ ကြိုးများကို ဖြည်ရင်းက "မေရီ။"-ဟု လှိုက်လှဲစွာ ခေါ်လိုက်သည်။ မေရီက ခပ်ယှဲ့ယှဲ့ကလေး ပြုံးပြသည်။ သူ့မျက်နှာပေါ်တွင် ပင်ပန်းနွမ်းနယ်သည့် အရိပ်လက္ခဏာလေးများ ပေါ်လျက်ရှိကြသည်။ "အန်တီမီနီကတော့ ခါတိုင်းလိုပဲ အပြင်ထွက်မိရင် အစွမ်းကုန်ကြဲလိုက်တာပဲ။"-ဟု ခပ်အေးအေးလေသံဖြင့် ပြောရန် အားထုတ်၍ "အခုလည်း မိတ်ဆွေ တစ်ယောက်အိမ် ဝင်ရစ်တယ်လေ။ မဟုတ်ရင် ကျွန်မဘယ် ဒီလို လစ်လာလို့ ရမလဲ။"-ဟု ပြောရှာသည်။

mgyoe.com SAMPLE BOOK

"နာရီဝက်ထက် ပိုနေလို့ မရဘူးလား မေရီရယ်။"

မေရီက ခေါင်းကို ယမ်းပြရင်း "အိမ်ကလူတွေက ဘူတာကို လာကြိုနှင့်ကြမှာရှင့်။"-ဟု ပြောသည်။

မေရီက အားတက်သရော မရှိလှသည့်လေသံဖြင့် ပြောနေ၍ သူ့စိတ် အနှောင့်အယှက် ဖြစ်ရ၏။

"ကဲ-ဒါဖြင့်လည်း ဒီမှာ ရပ်မနေကြပါနှင့်စို့လေ။ အပြင်ထွက်ပြီး လမ်းလေးဘာလေး လျှောက်ကြရအောင်။"

လမ်းထဲတွင် မြူဝေ့စ ပြုပြီဖြစ်၍ လမ်းမီးတိုင်များလည်း မှုန်ဝါးဝါး ဖြစ်ကာ လမ်းသွားလမ်းလာ ကား, ရထားတို့၏ အသံဗလံတို့သည်လည်း တိုး၍ သွားကြသည်။

၂ ယောက်သား တစ်ကမ္ဘာလုံးတွင် သူတို့ချည်းသာ ရှိကြသကဲ့သို့ လျှောက်လာခဲ့ကြသည်တွင် မိုရေးသည် မေရီနှင့် 'လက်ချင်း မချိတ်မတွဲ ရဲအောင် ဖြစ်နေ၏။ သူတို့ပြောကြသည့် စကားမှာလည်း မလေးနက် အသက်မပါ။ "စာအတော်ကျက်ပြီးပြီလား။"-ဟု မေရီက မေးလျှင်၊ "ဆိုပါတော့လေ။ မေရီရော နေကောင်းရဲ့နော်။ ဝေါလတာတစ်ယောက်ရော နေလို့ကောင်းရဲ့လား။"-ဟု မိုရေးက ပြန်မေးသည်။

မေရီက ခဏမျှ ဆိုင်းနေပြီးနောက်မှ ပြော၏။

"သူ အတော် စိတ်ခုနေသေးတယ်။ ဒါပေမယ့် အခုတော့ စိတ်ပြေ သွားပါပြီ။ သူက လက်ထပ်ဖို့ကို ရက်သတ်ချင်ပြီ။ ကျွန်မက 'နည်းနည်း စောင့်ကြပါဦးစို့။'-လို့ ပြောတယ်။ အခုတော့လည်း ဇွန်လ ၁ ရက်နေ့ကို လက်ထပ်ဖို့ စီစဉ်ပြီးပြီလေ။"

'ဇွန်လ ၁ ရက်နေ့'-ဆိုပါလား။ ရက်သတ္တ ၃ ပတ်တည်းသာ လိုတော့သည်။

"မေရီကရော ကျေနပ်ကဲ့လား။"-ဟု မိုရေးက မေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မေရီက လက်တွေ့ကျကျ ရိုးရိုးစဉ်းစားတတ်သူတစ်ယောက်၏ လေသံ၊ သူ့အား နားသွင်းထားဟန်ရှိသော စကားလုံးတို့ဖြင့် ပြန်ဖြေသည်။

"အင်း–ဝေါ်လတာဟာ လူကောင်းတစ်ယောက်ပါ။ လင်ကောင်း, သားကောင်း တစ်ယောက်လည်း ဖြစ်လာမှာပဲ။ ပြီးတော့ ...။"–ဟု ဆိုကာ တစ်ခဏမျှ ထစ်ငေါ့သွားပြီးမှ ဆက်ပြောသည်။

"သူက အပေါင်းအသင်းကောင်းတော့ ကျွန်မတို့အလုပ်မှာလည်း အထောက်အကူရမှာပဲ။ အဖေ့အလုပ်ကလည်း သိပ်မကောင်းခဲ့တာ ဒီ ၃–၄ နှစ်လောက် ရှိပြီ။"–ဟု ပြောပြသည်။

ပြောရင်းဆိုရင်း မိုးပေါက်ကြီးများ တစ်ပေါက်ချင်း ကျလာကြရာမှ သဲသဲမဲမဲ ရွာချလိုက်သည်။ သူတို့သည် တံခါးပိတ်ထားသော ဆိုင်တစ်ဆိုင်၏ အဝင်လမ်းကူးဆီသို့ မိုးဝင်ခိုလိုက်ကြ၏။

"မေရီ့ဘဝ ချမ်းမြေ့သာယာပါစေ–လို့ ဆုတောင်းပါတယ်ကွယ်။"

"ရှင့်ကိုလည်း ကျွန်မက ဒီအတိုင်းပဲ ဆုတောင်းပါတယ် ဒေးဗစ်ရယ်။"

ဆိုင်အဝင်ပေါက် လမ်းကူးကလေးမှာ မှောင်နေ၏။ မိုရေးသည် မေရီကို မမြင်ရ။ သို့သော် သူ့အနားတွင် မေရီရှိနေမှန်းကိုကား သူ အတပ်သိသည်။ မေရီ အသက်ရှူသံ မြန်နေသည်ကို ကြားရသည်တွင် သူ့မှာလည်း အလွန်အမင်း အားအင်ဆုတ်ယုတ်သွားသလို ဖြစ်လာ၏။ အာခေါင်လည်း ခြောက်သွေ့သွားသည်။ မေရီက လေသံသဲ့သဲ့ဖြင့် "ကျွန်မ ရထားလွတ်သွားလို့ မဖြစ်ဘူး။"–ဟု ဆိုသည်။

သူတို့ မီးရထားဘူတာဆီသို့ ပြန်ပြေးလာကြပြီးလျှင် မိုရေးက မေရီ့အတွက် ရထားတွဲပေါ်တွင် ထိုင်ခုံ ရှာပေးသည်။ ထို့နောက်–သူက ရထားတွဲအပြင်ဘက် ခြေနင်းခုံပေါ်က ရပ်နေ၏။ မေရီက ရထားပြတင်းကို ဖွင့်၍ အပြင်သို့ ကိုယ်ကို ကိုင်းထွက်လိုက်၏။ သူ့မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ မိုးရေထဲ ပြေးလာရ၍ မေရီ၏ပါးပေါ်မှ မိုးရေစက်တို့သည် သူ့အင်္ကျီ

လည်ပတ်သားမွေးပေါ်မှ မိုးရေစက်တို့သည် သူ့အင်္ကျီလည်ပတ်သားမွေးပေါ်သို့ စီးကျလျက်ရှိကြသည်။ သူ့မျက်လုံးများမှာ ပြူးကျယ်လျက် ညို့ညို့မှိုင်း နေကြသည်။

မီးရထားထွက်ရန် အချက်ပေးသောဥသြသံ စူးစူးရှရှ ပေါ်လာသည်တွင် မေရီသည် သူ၏ မျက်နက် ဝန်းကျယ်ကြီးများဖြင့် မိုရေးအား စိုက်ကြည့်ကာ "ခွဲကြဦးစို့ ဒေးဗစ်ရယ် နော်။"-ဟု နှုတ်ဆက်သည်။ သူ့အသံမှာ တုန်နေ၏။

"သွားပေတော့ မေရီရေ။"-ဟု နှုတ်ဆက်ရင်း သူ့မှာ ရင်ထဲက မခံသာအောင် နာကျင်လာသည်။ မေရီသည် တစ်သက် သူ့ဆီက အပြီးအပိုင် ထွက်ခွာသွားတော့မှာပါလား။ နောက် ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ပါလား။

ရထား တရွေ့ရွေ့လိမ့်၍ ထွက်စပြုသောအခါ ၂ ယောက်စလုံးပင် အတွင်းစိတ်သဘာဝက လှုံ့ဆော်လိုက်သည့်အလား တစ်ဦးရှိရာသို့ တစ်ဦး ညွှတ်လိုက်မိကြပြီးလျှင် တစ်ဦးကိုတစ်ဦး အငမ်းမရ တစ်အားဖက်ကာ စိတ်ရှိ လက်ရှိ နမ်းလိုက်မိကြလေသည်။ ရထားသည် တရွေ့ရွေ့လိမ့်ရာမှ အရှိန်ရစ ပြုလာသည်။ မိုရေးလည်း ဘူတာစင်္ကြံအဆုံးသို့ရောက်မှ ခုန်ဆင်းကာ ဒယိမ်း ဒယိုင်ဖြင့် လဲမကျအောင် မနည်းဟန်၍ ရပ်လိုက်ရသည်။ မေရီလည်း ပြတင်း ပေါက်မှ ခေါင်းထွက်လျက်ကြည့်ရင်း မီးရထားကြီးဆွဲဆောင်ရာ လိုဏ်ခေါင်း အမှောင်ထုထဲသို့ ပါသွားလေသည်။ မိုရေး၏ ပါးပြင်များပေါ်တွင်ကား မျက်ရည်တို့သည် တသွင်သွင်စီးကျလျက် ရှိကြလေသည်။

အလွန်ဝေးလံသောအရပ်မှ တစ်စုံတစ်ခုက သတိ ဖော်ပေးလိုက်သကဲ့ သို့၊ 'ယနေ့ သူ့ဆရာကြီးသည် ခါးဆစ်ရိုးခွဲစိတ်မှုတစ်ခုအတွက် ၈ နာရီတွင် ရောက်လာမည်။'-ကို သူ သတိရလိုက်သဖြင့် ဆေးရုံသို့ ဒရောသောပါး ပြန်ပြေးခဲ့ရသည်။ ည၇ ၁၀ နာရီထိုးမှပင် သူ၏အခန်းသို့ ပြန်ရောက်ကာ သူ့ရင်ထဲက ဝေဒနာကို လွတ်လွတ်ကျွတ်ကျွတ် ခံစားနိုင်တော့သည်။

mgyoe.com

သူ ချစ်မိပြီ။ မေရီ၏ စိတ်ရောကိုယ်ပါအနမ်းကို တသသအောက်မေ့ရင်း မေရီကလည်း 'သူ့ကိုချစ်သည်' ဆိုသည်ကို သူ သိသည်။ ဤအဖြစ်မျိုး ကြုံရလိမ့်မည်ဟု သူ တစ်ခါမှ မတွေးတောခဲ့မိ။ သူသည် သူ၏ အလုပ်အကိုင် တိုးတက်ကြီးပွားမှုနှင့် သူ့ကိုယ်သူ ဆင်းရဲတွင်းမှ အလွတ်ရုန်း၍ အောင်မြင် ထွန်းကားသောဘဝသို့ ရောက်အောင်သာ လုံးလုံးလျားလျား အာရုံစိုက် ကြိုးစားလာခဲ့သည်။ 'သူ့ဘဝ သူ သာယာအောင် လုပ်ဆောင်ရာတွင် မေရီနှင့် အတူ စွမ်းဆောင်၍ မရပေဘူးလော။'-ဟု သူ့ကိုယ်သူ စစ်တမ်းထုတ်ကြည့်မိသည်။ မေရီသည် ဆင်းရဲသမီး, ဆင်းရဲသားမျိုး၌ဖြစ်သော်လည်း မယားကောင်း တစ်ယောက်၏ အရည်အသွေး အပြည့်အဝရှိသည်။ ဤမိန်းကလေးမျိုးကို ဝေါလတာလိုလူမျိုး၏လက်တွင် အဆုံးမခံနိုင်။ ယခုပင် မေရီ့ထံ သူ စာရေးမည်။

စာရေးရန် စားပွဲပေါ်မှ စာရွက်ကို လှမ်းယူလိုက်ကာမှပင် အရေးပေါ် သုံးတယ်လီဖုန်းက မြည်ပြန်သည်။ စိတ်ထဲတွင် အနှောင့်အယှက်ဖြစ်ကာ တစ်စုံတစ်ရာကို မကျေမချမ်း ရေရွတ်လိုက်ပြီးလျှင် တယ်လီဖုန်းကို ကောက်ယူလိုက်ရ၏။

"ဒေးဗစ်ရေ"

သူ ရုတ်တရက် အသက်ရှူမှားမတတ် ဖြစ်သွားပြီးမှ "ဟာ-မေရီ။ တကယ်ပဲ မင်း ဟုတ်ကဲ့လားကွယ်။"-ဟု ဆိုလိုက်မိလေသည်။

"အိမ်ကလူတွေ အိပ်ကုန်မှ ကျွန်မ ဆိုင်ခန်းထဲကို ဆင်းလာပြီးတော့ ပြောတာ။ မပြောဘဲကို မနေနိုင်ဘူး သိလား။ အချစ်ဆုံး ဒေးဗစ်ရေ။ ကိုယ် ပျော်လိုက်တာကွယ်။"

"အို-မေရီလေးရယ်။ ကိုယ်လည်း သိပ်ပျော်တာပဲပေါ့။"-ဟု ဆိုလိုက်ရင်း၊ ညဥ့်ဝတ်အင်္ကျီ, ရှေ့ထိုးဖိနပ်တို့ဖြင့် မှောင်နေသော ဆိုင်ခန်း ထဲတွင် တယ်လီဖုန်းပြောနေမည့် မေရီ၏ ချစ်စဖွယ်ရုပ်အသွင်ကို အပြေး အလွှား စိတ်ကူးဖြင့် ထင်မြင်ကြည့်နေမိလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဟို ကရိဂ္ဂဒိုရန်ဘူတာက မှန်ထဲမှာ မောင့်ကို မြင်လိုက်လိုက်ချင်း မေရီ သိတယ်။ မောင်က မေရီ့ကို 'စိတ်မဝင်စားဘူး'ထင်လို့ အတော်ကလေး ဆွေးခဲ့ရသေးတယ်။ သိလား။"

"ဒါပေမယ့်ကွယ်။ ကိုယ် မင်းကို စိတ်ဝင်စားတယ်ဆိုတာ မင်းသိပါ တယ် မေရီရယ်။ ကိုယ် မင်းကို အရူးအမူးချစ်နေပြီ။"

တယ်လီဖုန်းထဲမှ မေရီ ရှည်လျားညင်သာစွာ ပင့်သက်ရှိုက်လိုက် သည့်အသံကို ကြားရသည်။

"မောင်ရေ-မေရီလေ ဝေါလတာကို ဘယ်တော့မှ လက်မထပ်ဘူး ဆိုတာ မောင့်ကို ပြောချင်လို့ သိလား။ ဘယ်တုန်းကမှလည်း စိတ်မပါခဲ့ပါ ဘူး။ အိမ်ကလူတွေ စီမံတာမို့ အသာငြိမ်နေခဲ့ရတာ။ ပြီးတော့ မောင်ကလည်း မေရီ့ကို လိုချင်ပုံမရဘူး ထင်နေခဲ့တာ။ အခုတော့ မေရီ သူ့ကို ပြောလိုက် တော့မယ်။"

"ကိုယ်ပါလိုက်ခဲ့မယ် မေရီ။ ကိုယ် ဆရာကြီးဆီ ခွင့်တောင်းလိုက် ဦးမယ်။"

"ဟင့်အင်း။ မောင် မလိုက်နှင့်။ စာမေးပွဲကြီးနှင့်ဟာ။ အဲဒါက အရေးကြီးတာ။ စာမေးပွဲပြီးရင်တော့ မေရီ့ဆီ တစ်ခါတည်း ပြေးလာခဲ့နော်။ မောင့်ကို မေရီ စောင့်နေမှာ။ ကဲ-မောင်ရေ အိပ်တော့နော်။ ဠွတ်နိုက်။"

သူ တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချခဲ့ပြီးနောက် ကလောင်တံကို ဆွဲယူကာ စိတ်ပါလက်ပါ စာတစ်စောင် ကောက်ရေးလေသည်။ ထို့နောက် အိပ်မက်တစ်ဝက်နိုးတစ်ဝက်ဖြင့်ပင် ကိုယ်ကို အိပ်ရာပေါ်သို့ ပစ်လှဲချလိုက် မိလေ၏။

နောက်နေ့ နံနက်လင်းသော် သူသည် စာမေးပွဲကြီးအတွက် ဆတက် ထမ်းပိုးတိုး၍ ကြိုးစား စာကျက်လေသည်။ စာမေးပွဲရက်သို့ ရောက်လာ သောအခါ သူသည် သူ့ကိုယ်သူ ယုံကြည်စိတ်ချစွာပင် မောင်းတင်လျက်

mgyoe.com SAMPLE BOOK

အယ်လဒန်ဟောခန်းမကြီးထဲသို့ ဝင်ခဲ့လေသည်။ ဦးစွာဖြေရမည့် မေးခွန်းစာရွက်များ ဖြန့်ဝေပေးလိုက်သည်တွင် အလျင်အမြန် တစ်ခေါက်ဖတ်ကြည့်လိုက်ပြီးသောအခါ၊ 'အားလုံးကို သူဖြေနိုင်မည်။'-ဟု တွေ့ရ၏။ ထို့နောက်တွင် တစ်ခဏကလေးမျှ ခေါင်းမဖော်ဘဲ အဖြေများကို တစ်ရွက်ပြီးတစ်ရွက် ဒလဟော သွန်၍ ရေးချလေတော့သည်။

ထို့နောက်-ဆေးရုံလက်တွေ့စစ်ဆေးမှု စလေသည်။ ဆေးဝါးကုသမှု စစ်ဆေးရာတွင် သူသည် ရောဂါလက္ခဏာကို ချက်ချင်း ရှာဖွေတွေ့ရှိသည်။ အဆုတ်ပွန်မြွေး ရောင်သည်။ ထုံမှဆက်၍ ဦးနှောက် ပြည်တည်သည်။ စာမေးပွဲ နောက်ဆုံးနေ့တွင် နှုတ်မေးခွန်းများ ဖြေရသည်။ စာစစ်အဖွဲ့တွင် 'ပြင်ပစာစစ် ပါးဗစ်၊ ဆိုးလှသည်။'-ဟု နာမည်ကြီးသော မီးယပ်နှင့် သားဖွားဆိုင်ရာ ပါမောက္ခ မာဒို မက်ကလိုက်ရှ်တို့နှင့်အတူ သူ့ဆရာကြီးဒရမ်မွန်ထိုင်နေ၏။ ဒရမ်မွန်က သူ့အား ခင်မင်ရင်းနှီးစွာ ဦးခေါင်းတစ်ချက် ဆတ်၍ ပြလိုက်ပြီးလျှင် အဖွဲ့ဝင်များဘက်သို့ လှည့်ကာ "သူပေါ့ ကျုပ်ပြောတဲ့ ဆေးရုံလူနာကို မေးပုံစမ်းပုံ အင်မတန်ယဉ်ကျေးတဲ့သူငယ်။"-ဟု ပြောပြလိုက်သည်။

ပါးဗစ်က မိုရေး ရေးဖြေထားသော လူမမာအခြေအနေ စာရွက်စာတမ်းများကို လှန်လှောဖတ်ရှုကြည့်နေရာမှ "ဒါတင် ဘယ်ကမလဲဗျ။"-ဟု ပြောသည်။

ထို့နောက်-မိုရေးအား မေးစရာရှိသည်တို့ကို မေးကြသည်။ မိုရေးကလည်း မေးခွန်းတိုင်းကိုပင် ရိုသေလေးစားစွာ အာသွက်လျှာသွက်ဖြင့် သူတတ်သမျှ အကောင်းဆုံး ဖြေဆိုနိုင်သည်။ ဆောလျင်စွာပင် လူတွေ့စစ်ဆေးခြင်း ပြီးဆုံး၍ ပါးဗစ်က ပြုံးလျက်ဖြင့် "မင်းကို ဆက်မေးဖို့ မလိုတော့ပါဘူး ထင်ပါရဲ့ကွယ်။"-ဟု ဆိုလိုက်သည်။

မိုရေး ထွက်သွားသောအခါတွင်မှ "ကောင်ကောင်းလေးပဲ။"-ဟု ဆက်ပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မက္ကလိုက်ရှိကမူ "တော်လည်းတော်ပါရဲ့။ ဒါပေမယ့် အတော်လည်း အဖြီးသန်တဲ့အကောင်။"-ဟု ဆိုလိုက်၏။

ကျန် ၂ ယောက်က ရယ်ကြသည်။ ဤဆရာအိုကြီး၏စကားကို မည်သူမှ အလေးအနက် မထားကြချေ။

စနေနေ့နံနက်တွင် အောင်စာရင်းများကို ထုတ်ပြန်ထားသည်။ မိုရေးသည် ကျောင်းဝင်းသင်ပုန်းနားသို့ မသွားဝံ့ဝံ့ သွားဝံ့ဝံ့ဖြင့် ချဉ်းကပ်သွားသည်။ သို့သော်-သူ၏အမည်ကို အခြား ၂ ယောက်၏အမည်များနှင့်တွဲလျက် ထိပ်ဆုံးတွင် တွေ့လိုက်ရသည်။ သူ ဂုဏ်ထူးဖြင့် အောင်သည်။ နှစ်ပေါင်းများစွာ အငတ်အပြတ်၊ အဆင်းရဲခံကာ ကြိုးစားအားထုတ်ယူခဲ့ရသည့် ဤအကျိုးအမြတ် အောင်မြင်မှုမှာ ယုံကြည်နိုင်စရာပင် မရှိ။ 'မကြာမီပင် ဤအောင်မြင်မှုအရသာကို မေရီနှင့်အတူ ဝေမျှခံစားရတော့မည်။'-ဟူသောအသိက အောင်မြင်မှုကို ပိုမိုကြီးမားစေသည်။ သို့ဖြင့် သူသည် စာပို့တိုက်သို့ တန်းသွားကာ 'ယနေ့ညနေ ၅ နာရီခွဲရထားဖြင့် အာ့ဒဖီလန်သို့ ရောက်မည်။'-ဟူသော ကြေးနန်းတစ်စောင် ရိုက်လိုက်လေသည်။

မေရီက မီးရထားဘူတာ၌ ဆီးကြိုနေသည်။ သူ့မျက်လုံးများမှာ အရောင်တောက်လျက်။ မေရီသည် နွမ်းလျှဟန်ရှိသော်လည်း ခါတိုင်းထက်ပင် လှနေသည်။ သူသည် မိုရေးရှိရာသို့ တိုးလာကာ ဘူတာစင်္ကြံပေါ်ရှိ အခြားလူများကို ဂရုမထားဘဲ သူ၏မျက်နှာကလေးကို မော့လျက် သူ့နှုတ်ခမ်းလေးများကို ကမ်းလင့်လိုက်သည်။

မေရီ၏အိမ်သို့ အသွားတွင်လည်း မိုရေးက မေရီ၏လက်ကို ဆွဲလျက် ဘာစကားတစ်ခွန်းမျှလည်း ရေရေလည်လည် မပြောမိကြ။ မေရီ၏စိတ်ထဲတွင် အရေးအကြီးဆုံးဖြစ်နေသော မေးခွန်းကို မမေးရဲအောင် ဖြစ်နေသည်ကို မိုရေးက အကဲခတ်မိသည်။ သူကလည်း သူ၏ အောင်မြင်မှုကို ချက်ချင်း မပြောလိုက်သေးဘဲ၊ 'တဖြည်းဖြည်းချင်း အချိန်ဆွဲပြီးမှ ပြောပြမည်။'-ဟု

mgyoe.com SAMPLE BOOK

ကြဲစည်ထားခဲ့သော်လည်း "ကိုယ် အောင်တယ် မေရီ။ ထိပ်ဆုံးက ဂုဏ်ထူးနှင့် အောင်တယ်။"-ဟု နှိမ့်ချသောလေသံဖြင့်သာ ပြောလိုက်မိလေသည်။

မေရီက မိုရေးနှင့် တွဲကိုင်ထားသော သူ့လက်ချောင်းလေးများကို ရုတ်တရက် ပိုတင်းအောင် ညှစ်လိုက်၏။ ပြီးမှ "မောင်၊ မောင် အောင်မယ် ဆိုတာ အသိသားပဲ။ ဒါပေမယ့်-အို-မေရီလေ အရမ်းကိုပျော်တာပဲ။ အခုဆို မောင်နှင့်လက်တွဲပြီး ဘာမဆို ရင်ဆိုင်ရဲပြီပေါ့။"-ဟု ဆိုလိုက်သည်။

"ဒီမှာ မေရီ့အဖို့ အနေရအထိုင်ရ ကျပ်နေမှာပေါ့နော်။"

မေရီက ကြားရသူသက်သာစေဖို့ မေတ္တာစာတ်အပြည့်ဖြင့် လှမ်းကြည့် လိုက်ကာ၊ "အင်း-လွယ်လှတယ်တော့မဟုတ်ဘူးပေါ့။ မေရီ ဝေါလတာကို သွားပြောတော့ အစမှာ မေရီက နောက်နေတယ်လို့ သူက ထင်တာ။ သူ့ကို ငြင်းပယ်၊ သို့မိန်းမမျိုး မရှိဘူးလို့ ထင်နေတဲ့သူကလား မောင်ရဲ့။ မေရီ ဘကယ် ပြောနေမှန်းသိတော့မှ သူ စိတ်ဆိုးတာပေါ့။ အဲဒီနောက် သူ့မိဘ တွေက အဖေ့ဆီကို လာတွေ့ကြတယ်လေ။ မေရီ့ကိုလည်း အမျိုးမျိုး သမုတ် ကြတော့တာပေါ့။"-ဟု ပြောကာ ရွှံ့ပြုံးကလေး ပြုံးပြသည်။

"မေရီ ဒါတွေကို ရင်ဆိုင်နေရတုန်းမှာ ကိုယ်ကလည်း အနားမှာ မရှိတာ တွေးမိရင် စိတ်မကောင်းဘူးကွယ်။ အိမ်ကလူတွေကရော မေရီ့ ဘက်က လိုက်မပြောကြဘူးလား။"

"ဝီလီတစ်ယောက်ကလွဲလို့ မေရီလုပ်တာကို တခြားလူတွေကတော့ တယ်ပြီး မကြိုက်ကြဘူးပေါ့။ ထားပါတော့လေ။ ကဲ-အခုအိမ်ရောက်ကြပြီပဲ။ အဖေနှင့် ဝင်တွေ့လိုက်ကြဦးစို့။"

မေရီက မိုရေးအား မုန့်ဖိုထဲသို့ ခေါ်သွားသည်။ မုန့်ဖိုမှာ အမိုးနိမ့်၍ မှောင်နေရုံမက မုန့်ဖိုများမှ မီးရှိန်ကြောင့် ပူအိုက်လှ၏။ ပေါင်မုန့်ဖုတ်လက်စ များမှ အနံ့တသင်းသင်းထွက်လျက် ရှိ၏။ ဒေါက်ကာလပ်သည် သူ၏ ဖိုမင်း ဒေါ်နယ်ဆလန်နှင့်အတူ အပေါ်ပိုင်းညီညီ၊ ၂ လုံးတွဲ စကော့ချ်ပေါင်မုန့်များ အစီအရီတင်ထား၍ လေးလံနေသော ဗန်းများကို စင်ပေါ်သို့ မတင်လျက်ရှိ

mgyoe.com SAMPLE BOOK

သည်။ မုန့်ဖုတ်သမားကြီးကား ဂျုံမှုန့်ပေကျံသော ရှေ့ဖုံးခါးစည်းအဝတ်နှင့် ရှက်ဖျင်ဖိနပ်ဖြူအဟောင်းတို့ကို ဝတ်ဆင်ထားသည်။ သူသည် မိုရေးဝင်လာသည် ကို မြင်သော်လည်း အလုပ်ကို ပြီးအောင်လုပ်၍ ခါးစည်းရှေ့ဖုံးအဝတ်ကို ချွတ်ခွာလိုက်ပြီးမှ မိုရေးထံသို့ တိုးလာသည်။ မေရီက 'မိုရေး စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်ခဲ့ကြောင်း' ရုတ်တရက် ကြေညာလိုက်၏။

"ဩော်-မင်း အခု ဆရာဝန်ဖြစ်ပြီပေါ့။ အေး-တစ်မျိုးဟန်ကျတာပေါ့ကွာ။"

သူက ဦးဆောင်ကာ ဝီလီသင်ခန်းစာများလုပ်လျက် အန်တီမိနီက ပြတင်းပေါက်နားတွင် ထိုင်လျက် ဇာထိုးနေရာ အိမ်ပေါ်ထပ်ဧည့်ခန်းထဲသို့ သွားကြသည်။ ဝီလီက သူ့အား ဖော်ရွေသောအပြုံးဖြင့် နှုတ်ဆက်သော်လည်း အန်တီမိနီကမူ မော်၍မှ မကြည့်ချေ။

မုန့်ဖုတ်သမားကြီးက "ထိုင်ကွာ-ထိုင်။"-ဟု ဆိုလိုက်လျှင် ဒေးဗစ်မိုရေးလည်း စားပွဲအနီးမှ နောက်မှီမတ်မတ်ကုလားထိုင်တစ်လုံးကို ဆွဲ၍ ထိုင်လိုက်သည်။ မေရီကလည်း သူ့ဘေးက ထိုင်လိုက်လေသည်။

အန်တီမိနီက သူ၏ ထိုးလက်စဇာထိုးအပ်များကို ချည်လုံးတွင် ထိုးစိုက် ၍ သိမ်းလိုက်ပြီးလျှင် "ဝီလီ အပြင်ထွက်။"-ဟု နှင်လိုက်သည်။

ဝီလီ ထွက်သွားသောအခါ မုန့်ဖုတ်သမားကြီးက "ကဲ-ဒေးဗစ်။ ဒီကိစ္စ တို့အဖို့ အတော်ကလေး အထိနာရတဲ့ကိစ္စ ဖြစ်တယ်ဆိုတာ မင်းနားလည်စေချင်တယ်။"-ဟု စပြောလိုက်သည်။

အန်တီမိနီကလည်း မကျေမချမ်းနိုင်သည့် အမူအရာဖြင့် "လူတိုင်းကို အထိနာတဲ့ကိစ္စ။ တစ်မြို့လုံး ကဲ့ရဲ့လိုက်ကြတာ မိုးမွှန်နေတာပဲ။"-ဟု ဝင်ထောက်သည်။

ဒေါက်ဂလပ်က ဆက်လက်၍ "အေး-ငါ့သမီးက ဒီမြို့နယ်မှာ သူနှင့် ထိုက်ထိုက်တန်တန် အင်မတန် လူသူအလေးစားခံရတဲ့ လူတစ်ယောက်ကို လက်ထပ်ဖို့ ကတိပေးပြီး ဖြစ်တယ်။ ပြီးမှတစ်ခါ ဆိုင်းမဆင့်ဗုံမဆင့်

mgyoe.com SAMPLE BOOK

လူစိမ်းသက်သက်တစ်ယောက်အတွက်နှင့် သူ့စကားသူ ဖျက်လိုက်ရတယ်လို့ ကွယ်။''-ဟု ပြောလိုက်၏။

''ဖျက်ဖို့အကြောင်း လုံလောက်အောင် ရှိပါတယ်ခင်ဗျာ။ မေရီနှင့် ကျွန်တော်တို့ တစ်ယောက်တစ်ယောက် ချစ်ခင်နေကြပါတယ်''

အန်တီမီနီက ''ချစ်ခင်နေကြသတဲ့တော်။ အင်း-မင်း ဟိုမော်တော် ဆိုင်ကယ်ပျက်နှင့် ရောက်မလာခင်က မေရီနှင့်ချစ်ခင်နေတာက ဝေါလတာနှင့် ပါကွယ့်။''-ဟု ဆိုလိုက်သည်။

မိုရေးက စားပွဲ၏အောက်မှ မေရီ၏လက်က သူ့လက်အား လာ၍ ဆုပ်ကိုင်လိုက်သည်ကို တွေ့ထိခံစားရင်းမှ ''မေရီက ဝေါလတာကို ဘယ်တုန်းကမှ မချစ်ခင်ခဲ့ပါဘူး။ မေရီဟာ ဝေါလတာနှင့်သာရရင် ဘယ်တော့မှ ပျော်မှာ မဟုတ်ဘူး။ ဝေါလတာဟာ လူကြွားလူဝါ၊ သူ့ကိုယ်သူသာ အထင်ကြီးတတ်ပြီး လူတစ်ဖက်သားသဘောကို မသိသားဆိုးဝါးနိုင်တဲ့ ကောင်။''-ဟု ပြောလိုက်၏။

ဤတွင် ဒေါက်ဂလပ် ရုတ်တရက် ပြတ်သားစွာပင် ''တော်ကြတော့ ဟေ့။ ဝေါလတာဟာ သူ့ဟာနှင့်သူ တခြားလူတွေနှင့် မတူတာကလေးတွေ တော့ ရှိမှာပေ့ါ။ ဒါပေမယ့် သူဟာ 'စိတ်ချရတယ်'ဆိုတာတော့ တို့က သိပြီးသား။''-ဟု ဖြတ်ပြောသည်။

မေရီက ''ဘယ်လိုဖြစ်ဖြစ် ကျွန်မကတော့ သူ့ကို ဘယ်တုန်းကမှ မကြိုက်ခဲ့ပါဘူး။''-ဟု ဝင်ထောက်လိုက်၏။

ဤတွင် အန်တီမီနီက ''ဒါဖြင့် အစက ဘာဖြစ်လို့ ဒီလိုမပြောရလဲ ဟဲ့။ ဟင်-ခွေးမရဲ့။ အခုတော့ နင့်ကြောင့် စတော့ဒတ်တစ်မျိုးလုံးကို တို့နှင့် မသင့်အောင် လုပ်ပေးလိုက်တော့ နင့်အဖေ ဘယ်အခြေ ရောက်သွားတယ်ဆို တာ နင့်အသိပဲ။''-ဟု ကြိမ်းမောင်းကာ မိုရေးဘက်သို့လှည့်၍ ကိုယ်ကို ကိုင်းကာ ''တို့အဖို့ကတော့ မလွယ်ဘူးဟေ့။ အလုပ်ရှုံ ဥပဒေသစ်တွေနှင့်အညီ မုန့်ဖိုကို ပြင်ရဆင်ရမှာတွေ ထားလိုက်ဦး။ သမဝါယမတွေနှင့် သူတို့ရဲ့ မုန့်ဖုတ်

mgyoe.com SAMPLE EBOOK

စက်ကြီးတွေကို ပြိုင်ရမှာနှင့်။ ငါ့ခဲအိုကြီးမှာ ကျန်းမာရေးကလည်း မှတစ်လောမကောင်းရှာတာနှင့် ဘာနှင့် အတော့်ကို ခဲခဲယဉ်းယဉ်း ရုန်းကန်နေရရှာတာ။ ပြီးတော့ ဝေါလတာရဲ့အဖေက ကတိပြုထားတာက။''-ဟု ဆက်ပြောနေလေသည်။

ဒေါက်ဂလပ်က သူ့လက်ကို မြှောက်လိုက်၍ တားလိုက်ကာ ''ကဲ-တော်လောက်ပါပြီ မီနီရယ်။ ငါဟာ အခုထိအောင် ကိုယ့်အစွမ်းနှင့်ကိုယ်ဖြစ်အောင် နေနိုင်ခဲ့သေးတာပဲ။ ဘုရားသခင့်ရဲ့ အစောင့်အရှောက်နှင့် နောက်လည်း ဆက်ပြီး အဲဒီအတိုင်း နေသွားမှာပါပဲ။''-ဟု ဆိုလိုက်သည်။

မိုရေးလည်း သူ၏ငယ်မူငယ်သွေးဖြင့် ထက်ထက်မြက်မြက်ရှိလှသော သူ၏မျက်နှာပေါ်တွင် စာနာစိတ်အပြည့် ရိုးသားရိပ်ဖြင့် ''ကျွန်တော် ဦးလေးကို့ကို အတော်စိတ်ဒုက္ခရောက်အောင်, နာကျည်းစရာဖြစ်အောင် လုပ်မိတာ စိတ်မကောင်းပါဘူးခင်ဗျာ။ ကျွန်တော် တကယ်ပဲ ဝမ်းနည်းပါတယ်။ ဒါပေမယ့် ကျွန်တော့်ကို သမက်တော်ရတဲ့အတွက် ဦးလေးတို့မှာ နောင်တ မဖြစ်စေရပါဘူး။ ကျွန်တော် အလုပ်တစ်ခုရအောင် ရှာပါ့မယ်။ နောက်ပြီးတော့ ကျွန်တော်ဟာ မကြာခင်မှာပဲ ဝင်ငွေကောင်းတဲ့ ဆရာဝန်တစ်ယောက် ဖြစ်လာတော့မှာပါ။ ကျွန်တော့်မှာတော့ မေရီနှင့် အတူနေချင်တဲ့ဆန္ဒပဲ ရှိပါတယ်။''-ဟု သူ၏ မရွံ့မရဲ ချစ်ခင်စဖွယ်အပြုံးဖြင့် ပြောသည်။

မုန့်ဖုတ်သမားကြီးလည်း သဘောတူကြောင်း ခေါင်းမညိတ်ဘဲ မနေနိုင်တော့ဘဲ၊ ''ကောင်းပါပေ့ကွယ် ဒေးဗစ်ရယ်။ ငါကလည်း ဟောဒီကသမီးမေရီလိုပါပဲ။ မင်းကိုမြင်မြင်ချင်း ခင်ပါတယ်။ အေး-စေ့စပ်ကြောင်းလမ်းတဲ့သဘောမျိုးကို ခွင့်ပြုနိုင်ပါတယ်။ လက်ထပ်ဖို့ကိုတော့ လူပြောသူပြော မခံရအောင် အချိန်ကလေးနည်းနည်းတော့ ဆွဲတန်သလောက် ဆွဲထားရလိမ့်မယ်။ အလုပ်ရအောင်ရှာကွယ်။ ပြီးတော့ တို့ ကြည့်စီစဉ်ကြတာပေါ့။ ဘယ့်နှယ့်လဲ မီနီ။''-ဟု ဆိုလိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

အန်တီမိမိနီပင်လျှင် အနည်းငယ်လိုက်လျောလာကာ "အေးလေ- ပြီးပြီးသားကိစ္စ ပြောနေလို့လည်း အပိုပါပဲ။ သူတို့အပေါ် သိပ်တင်းနေလို့လည်း မကောင်းတော့ပါဘူး။"-ဟု ပြောသည်တွင် မေရီလည်း ဝမ်းသာအားရ ပြေးဖက်နမ်းရင်း မျက်နှာတွင် ရှက်သွေးဖျန်းကာ "အို-ဝမ်းသာလိုက်တာ။ အဖေတို့၊ အန်တီမိမိနီတို့ကို ကျေးဇူးတင်လိုက်တာ။"-ဟုဆိုကာ တစ်ဆက်တည်း "ဒါနှင့် အန်တီရယ်။ ဒေးဗစ်က ဘာမှ မစားခဲ့ရသေးဘူး။"-ဟု ပြောလိုက်၏။

ဤတွင် အန်တီမိမိနီက မိုရေးအား ဖျပ်ခနဲ မျက်စောင်းထိုးကြည့်လိုက်ရင်း၊ "ဒါဖြင့် ဘီစကစ်နှင့် ဒိန်ခဲ သွားယူချေ။ အသင့်ဖုတ်ထားတဲ့အထဲက ချယ်ရီကိတ်လည်း ယူခဲ့။ သူ အဲဒါကိုကြိုက်မှန်း ငါသိပါတယ်အေ။ အရင်တစ်ခါလာတုန်းက ၆ ခုတောင်စားသွားတာ။"-ဟု ပြောလိုက်သည်။

"ဒါထက် တစ်ခု ထပ်တောင်းပန်ပါရစေ အဖေရယ်။ ဒေးဗစ်ကို ဒီညဉ့် အိမ်မှာ နေခွင့်ပြုပါနော် အဖေ။ သူ့ကို သမီး သိပ် တွေ့ရခဲတာ။"

"အေး-အေး။ ဒီတစ်ညဉ့်တော့ နေပေါ့ကွယ်။ နက်ဖြန်ဆိုရင် သူလည်း အလုပ်ရှာဖို့အတွက် ပြန်ရမယ် မဟုတ်လား။ ညဉ့်ဘက် လမ်းထွက်လျှောက်ချင် ကြရင်တော့ ဝီလီ ပါပေစေပေါ့။"

မိုရေး စားသောက်ပြီးသောအခါ၊ မေရီသည် အပြင်ထွက်ရန် ကွတ်အင်္ကျီနှင့် ခေါင်းဆောင်းတို့ကို ဝတ်ဆင်လိုက်သည်။ သူ့အပြုအမူတိုင်းသည် မိုရေးအဖို့ ချစ်စဖွယ်မိန်းမဆန်ဆန် ကန္တ့ကလျဖြင့် တစ်မူထူးခြားကာ မြတ်နိုးဖွယ်ရာချည်း ဖြစ်နေတော့သည်။

သူတို့ လက်ချင်းချိတ်၍ အမှောင်ထဲ တွင် ကမ်းနားလမ်းတစ်လျှောက် လမ်းလျှောက်ထွက်ခဲ့ကြသောအခါ သူတို့၏ ဘေးက ဝီလီပါလာလေသည်။ ဝီလီက စကားများလှသည်။ မိုရေးကလည်း ဝီလီကို ကန့်လန့်ကန့်လန့်ဖြင့် ရှုပ်သည် မဆိုရက်။ ၂ ယောက်တည်း လွတ်လပ်စွာနေလိုစိတ် မိုရေးနှင့်ထပ်တူ ပြင်းထန်လျက်ရှိသောမေရီက ဖြတ်ထိုးဉာဏ်သာသည်။ သူတို့ လေညင်းခံလမ်း အဆုံးသို့ အရောက်တွင် မေရီက "မောင်လေးရေ နက်ဖြန်

mgyoe.com SAMPLE BOOK

ဒေါ်လေးဖို့ သကြားလုံးကြားကလေးတွေဝယ်ဖို့ မေ့လာလို့။ မက်ကဲလား ဆိုင်ကို ပြေးဝယ်လိုက်ပါဦးကွယ်။ ရော့–ဒီမှာသုံးပဲနီ တစ်စေ့။ ဒေါ်လေးဖို့ တစ်မူးဖိုး ဝယ်ခဲ့။ မင်းလည်း ချော့ကလက်တစ်ကုံး ဝယ်စားခဲ့။''–ဟု ချော့လွှတ်လိုက်သည်။

ဝီလီ အပြေးကလေးထွက်သွားသောအခါ သူတို့လည်း သစ်သားလှေ ရုံတွင်း ဝင်၍ ခိုလိုက်ကြသည်။ သစ်တဲထောင့် ချောင်ကောင်းရာတွင် ထိုင်မိကြသောအခါ သူတို့သည် တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဖက်လိုက်ကြ၏။ မြစ်အတွင်းမှ ဒီတက်သည့် လှိုင်းပုတ်သံသည် သူတို့၏ ရင်ခုန်သံကြားတွင် မြုပ်ပျောက်သွားလေသည်။ ရိုးသား၍အပြစ်ကင်းသူ မေရီ၏စိတ်ရော ကိုယ်ပါ အားပါးတရအနမ်းကလေးသည် မိုရေးအဖို့ မကြုံစဖူး ထူးကဲလှသော အတွေ့ပေတည်း။

မေရီက မိုရေးနှင့် ပါးချင်းအပ်ထားရင်းမှ ''အို–မောင်ရယ်။ မေရီဖြင့် ပျော်လိုက်တာ။ ပျော်လွန်းလို့များ သေသွားမလား မသိဘူး။ မောင့်ကို ချစ်ရတာကတော့ မေရီ့ရင် ပွင့်ထွက်မတတ်ပါပဲ။''–ဟု ၂ ကိုယ်ကြား ဆိုလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ၅

မိုရေးလည်း အလုပ်ရှာပုံတော် ဖွင့်လေတော့သည်။ ဆေးရုံတွင် အမြဲတမ်း ဆရာဝန် ၂ နေရာ ရှိသည်။ သူက လိုချင်သပဆိုလျှင်ပင် ရမည်။ သို့သော်-လခမှာ နည်းလွန်းလှသည်။ ကျေးလက်ဆရာဝန် လက်ထောက် အလုပ်များလည်း ရှိကြသည်။ သို့ရာတွင် ဤ ရွာရိုးလျှောက်၍ ကုနေကြသော အလွတ်ဆရာဝန်များက ဂုဏ်ထူးနှင့် ဘွဲ့ရခဲ့သူများကို မလိုချင်။ ဘာနှင့် စားရစားရ ကျေနပ်နိုင်သူ၊ ညဥ့်အခါ ဘယ်အချိန်နှိုးလိုက်နှိုးလိုက် ထလိုက်လာ နိုင်သူ၊ အကြမ်းခံနိုင် သန်မာတောင့်တင်းသူ လူငယ်ကလေးများကိုသာ လိုချင် တတ်ကြသည်။ မိုရေးက ထို့ထက်ကောင်းသော အလုပ်မျိုးကို ရှာရမည်။ ဆေးပညာစာစောင်များတွင် ပါတတ်သည့် ကြော်ငြာများကို ပိုက်စိပ်တိုက်၍ ရှာသည်။ သတင်းစာတို့တွင်လည်း ကြော်ငြာများကို သဲသဲမဲမဲ ရှာဖွေကြည့် သည်။ နောက်ဆုံး၌ 'ဂလင်တာန်း ဆေးရုံကြီးတွင် အမြဲတမ်းဆရာဝန်၊ လခ ၁ နှစ် စတာလင်ပေါင် ၅၀၀၊ နေအိမ်ရမည်'ဆိုသော မထင်မရှား ကြော်ငြာ ကလေးတစ်ခုကို ဝင်တန်ဟယ်ရယ်သတင်းစာတွင် သွားတွေ့သည်။

သူသည် ပင့်သက်ရှည်ကြီး ရှိုက်၍ ချလိုက်မိသည်။ ထိုဆေးရုံကို သူသိသည်။ ခုတင် ၆၀ ထက်မပိုသော ဆေးရုံငယ်ကလေးမျှသာ။ ဗဟိုခန်း ရှိသည်၊ ဓာတ်ခွဲခန်း ရှိသည်၊ သူနာပြုအဆောင် ရှိသည်၊ လခကောင်းသည်၊ နေအိမ်ရမည်၊ ဓာတ်ခွဲခန်းရှိ၍ သုတေသနလုပ်ငန်းများ လုပ်နိုင်သည်။ တကယ့် အဖိုးတန် နေရာကောင်းကလေး။ ဤနေရာမျိုးအတွက်ဆိုလျှင် လိုချင်သူက လည်း များမည်ဖြစ်၍ အကြိတ်အနယ် ပြိုင်ဆိုင်ရလိမ့်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

အလုပ်ရှာဖွေရေးတွင် စံထားလောက်သော နည်းပရိယာယ်သုံး၍ အကွက်ကျကျ သူ ကြိုးပမ်းလေသည်။ သူ၏ဆရာ ပါမောက္ခများထံမှ ထောက်ခံစာများကို ရယူသည်။ ပါမောက္ခဒရမ်မွန်ထံမှမူ ဒေသန္တရကျန်းမာရေး အရာရှိထံသို့ မိတ်ဆက်စာတစ်စောင် ရယူခဲ့သည်။ သူနှင့် ကျောင်းတက်ဖက် သူငယ်ချင်းတစ်ယောက်၏ ဖခင်မှတစ်ဆင့် အလုပ်ရွေးချယ်ရေးအဖွဲ့ဝင်များ၏ အမည်စာရင်းကို တောင်းယူရခဲ့သည်။ ဆေးဖက်ဆိုင်ရာ အရာရှိနှင့် သွားတွေ့ သည်။ ထို့ပြင်–အတွင်းရေးမှူးကိုလည်း သွားတွေ့ခဲ့၏။ ညနေဖက်များတွင် အဖွဲ့ဝင်လူကြီးများ၏ အိမ်သို့လည်း သွားတွေ့သည်။ တချို့အိမ်များတွင် အဖွဲ့ဝင်လူကြီးများ၏ ဇနီးများနှင့်ပါ တွေ့ဆုံခဲ့ရ၍ လိမ္မာပါးနပ်စွာ မရွံ့မရဲ ဟန်ဆောင်မှုဖြင့် ထိုအမျိုးသမီးကြီးများ၏ မိခင်မေတ္တာစိတ်ကို လှုံ့ဆော်နိုင် ခဲ့သည်။ နောက်ဆုံးပစ္စည်းပို့သည့် ကားကြီးတစ်စီးမှ ကားသမားကို တောင်းပန်စီး၍ ဂလန်တန်း ဆေးရုံဝန်းကျင်သို့ ရောက်ခဲ့ပြီးလျှင် အနားယူ တော့မည့်ဆရာဝန်နှင့် မိတ်ဆွေ ဖွဲ့ခဲ့သည်။ စည်းကမ်းကြီးလှသော သူနာပြုအုပ် အမျိုးသမီးပုတ်တုတ်တုတ်ကြီးကိုလည်း လုံးလုံးလျားလျား သူ့ဖက်သားဖြစ်အောင် ပြုနိုင်ခဲ့ရပြီးလျှင် သူ့အား လက်ဖက်ရည်ပင် ခေါ်တိုက်စေလိုက်နိုင်သေးသည်။ သူက ကျောင်းနေစဉ်က ဆင်းဆင်းရဲရဲနေခဲ့ရပုံ၊ မေရီနှင့် ကဗျာဆန်ဆန် တွေ့ခဲ့ရပုံကိုမှအစ ဂုဏ်ထူးဖြင့် ဘွဲ့ရခဲ့ပုံတို့ကို ရိုးရိုးသားသား နားထောင်ချင် စဖွယ် ပြောပြသည်။ အမျိုးသမီးကြီးက ကရုဏာအပြည့်ဖြင့် နားထောင်သည်။

အမျိုးသမီးကြီးက "အမေ ကြည့်လိုက်ပါ့မယ်ကွယ်။ ဒီခေါင်းမာတဲ့ ကော်မတီလူကြီးတွေကို နိုင်တဲ့လူဆို အမေတစ်ယောက် ရှိတာပါကွယ်။" –ဟု ကတိပေးစကား ပြောလိုက်သည်။

နောက်တစ်ကြိမ် အဖွဲ့အစည်းတွင် အားလုံးကပင် မိုရေးအား တညီ တညွတ်တည်း သဘောတူ အလုပ်ခန့်အပ်လိုက်ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မိုရေးလည်း ချက်ချင်းပင် တက္ကသိုလ်စာအုပ်ဆိုင်သို့ သွားကာ သူ၏ ကျောင်းသုံးစာအုပ်အားလုံးနှင့် မိုက်ခရိုစကုပ်မှန်ဘီလူးကိုပါ ရောင်းချလိုက်သည်။ ဂလင်တန်းဆေးရုံဓာတ်ခွဲခန်းထဲတွင် ဇိုက်စအမျိုးအစား မှန်ဘီလူးကိုရိယာတစ်ခု သူမြင်ခဲ့ပြီး ဖြစ်၏။ ဤသို့ ရောင်းချ၍ အိတ်ထဲတွင် ငွေအတော် ကလေး တောင့်လာလျှင် သူ တစ်ခါတစ်ခါ မဝင်ချင့်ဝင်ချင်ဖြင့် ဖောက်သည်လုပ်ကာ ဝင်ခဲ့ရဖူးသော အပေါင်ဆိုင်ထဲသို့ ဝင်ခဲ့၏။ စိန်ကို သူ နားမလည်သဖြင့် ရွှေပါးပါးဖြင့်ကွင်းထားသော မြကွပ် ရွှေလက်စွပ် ကလေးတစ်ကွင်းကို ရွေးချယ်လိုက်သည်။ သားရေနီအုပ်သော ဘူးလှလှ ကလေး၏အတွင်းဘက်၌ ကတ္တီပါခံလျက် ထည့်ထားသော လက်စွပ်ကလေး မှာ အလွန်တရာလှပသည်။ ကျောက်မျက်အစစ်လည်း ဖြစ်သည်။ ဤလက်စွပ် ကလေးကို အိတ်ထဲတွင်ထည့်ကာ မော်တော်ဆိုင်ကယ်တစ်စီးကို ငှား၍ ကရိဂ္ဂဒိုရန်ဘက်သို့ လာခဲ့သည်တွင် မွန်းမတည့်မီ ရောက်လေ၏။

ဘူတာရုံ စားသောက်ခန်းကလေးထဲသို့ ဝင်သွားကာ မေရီ၏ခါးကို ဖက်လိုက်၍ "မေရီရေ ဆိုင်သိမ်းတော့ကွာ။ ခုပဲ သိမ်းကွာ။"-ဟု ဆိုလိုက်သည်။

"အို-မောင်ရယ်။ ရထား ၂ စင်းတောင် ကျန်သေးတယ်။"

"ထားလိုက်စမ်းပါကွာ မင်းရထား။ အခု မေရီ ကိုနှင့် လိုက်ခဲ့။ စားစရာလေး, ဘာလေးလည်း ဆိုင်သိမ်းရင်း အိတ်ထဲ ထည့်ခဲ့ပေါ့။"

မေရီက သူ့စကားကို မယုံတစ်ဝက်ယုံတစ်ဝက်ဖြင့် ပြုံးယောင်သမ်းကာ မိုရေးအား စိုက်ကြည့်နေသည်။

နောက်ဆုံး-မေရီက လှျော့ပေးလိုက်ကာ "အေးလေ-ဒီတစ်ခါ ကလေးလောက်နှင့်တော့ မြောက်ပိုင်း ဗြိတိသျှမီးရထားကုမ္ပဏီရဲ့ အစီးအပွား ဖြစ်ဖြစ်, အဖေ့အစီးအပွားဖြစ်ဖြစ် မပျက်စီးတန်ကောင်းပါဘူး။"-ဟု ဆိုလိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

နောက် ၁၀ မိနစ်ခန့်အကြာတွင် သူတို့သည် မော်တော်ဆိုင်ကယ်ဖြင့် ထွက်ခဲ့ကြပြီ ဖြစ်လေသည်။ ဂလင်ဘန်းလမ်းပေါ် ၁ မိုင်၏ ၄ ပုံ ၃ ပုံခန့် အရောက်၌ မော်တော်ဆိုင်ကယ် ရပ်လိုက်ပြီးလျှင် "ဒီကနေပြီး လမ်းလျှောက်ရအောင် မေရီရေ။"-ဟု ပြောလိုက်သည်။

မေရီကလည်း ကျိုးနွံစွာပင် ဆေးရုံဝင်းတားများခတ်ထားသည့် နေရာဆီသို့ လမ်းလျှောက်၍ လိုက်ခဲ့သည်။ ဆေးရုံဝင်းထဲ၌ နေရောင်လင်းလျက် ရှိသည်။ အင်္ကျီနီနှင့် ကလေးများသည် သူတို့၏အထိန်းသည်များနှင့်အတူ မြက်ခင်းပြန့်ဘေးမှ ခုံရှည်ကလေးပေါ်တွင် ထိုင်လျက် ရှိကြသည်။ ငှက်ကလေးများသည် ပန်းချုံများထဲမှ တေးဆိုလျက် ရှိကြသည်။ "သိပ်ချစ်စရာကောင်းတဲ့ နေရာကလေးပဲ။"-ဟု မေရီက တအံ့တဩ ဆိုလေသည်။

"တကယ်လား မေရီ။ ကဲ-ဒါဖြင့် နားထောင်နော်။"-ဟု ဆိုကာ ပင့်သက်တစ်ချက် လေးလေးပင်ပင် ရှိုက်လိုက်ပြီးမှ "အဲဒါ ဂလင်ဘန်းဆေးရုံ၊ ဟော ဟိုဘက်က နောက်ဘက်မှာဥယျာဉ်နှင့်ဟာက ဒီဆေးရုံရဲ့ ဆေးရုံအုပ်ဆရာဝန်ရဲ့အိမ်။"-ဟု ပြောပြသည်။

"လှလိုက်တဲ့ အိမ်ကလေး မောင်ရယ်။ အဲဒီအိမ်က တစ်ယောက်ယောက်ကို မောင် သိလို့လား။"

မိုရေးက အသက်ရှူမြန်လာကာ "အဲဒီ'ဆေးရုံအုပ်'ဆိုတာက အဲဒီဆေးရုံတစ်ခုလုံးကို အုပ်ချုပ်ရတဲ့လူပဲ။ သူ့လခက ၁ နှစ်ကို ပေါင် ၅၀၀ အပြင် ဥယျာဉ်က ထွက်သမျှတွေရယ်၊ အိမ်ရယ် အလကားရမယ်။ အဲဒီအိမ်မှာ သူ့သားမယားနှင့် တရားဝင်နေခွင့် ရှိတယ် မေရီ။ အဲဒီဆေးရုံအုပ်နေရာကို ဇန်နဝါရီလ ၁ ရက်နေ့ကစပြီး လူသစ်တစ်ယောက် ခန့်လိုက်တယ်။ အဲဒါ-အဲဒါ မင်းရှေ့မှာ အခုရှိနေတဲ့လူပဲပေါ့။"-ဟု ပြောလိုက်လေသည်။

mgyoe.com